
www.burmeseclassic.com

# သစ္စာနီ

# ဝက်နှင့်ပျက်ရည်



www.burmeseclassic.com

ဘိုဘိုထွန်း စီစဉ်သည်။

---

# နေမျိုးစာပဒေသာ

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

- ☆ ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး
- ☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး — ဒို့အရေး
- ☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

## ပြည်သူ့သဘောထား

- ☆ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ☆ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ☆ နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ☆ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- ☆ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
- ☆ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊
- ☆ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး၊
- ☆ ဖြစ်ပေါ်လာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး၊

## စီးပွားရေးဦးတည်ချက်(၄)ရပ်

- ☆ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
- ☆ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
- ☆ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
- ☆ နိုင်ငံတော်စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

## လူမှုရေးဦးတည်ချက်(၄)ရပ်

- ☆ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
- ☆ အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
- ☆ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
- ☆ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး၊

www.burmeseclassic.com

# စက်နှင့်မျက်ရည်

## သစ္စာနီ

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် ၈၅၂/၂၀၀၂ (၉)
မျက်နှာဖုံးခွင့်ပြုချက်အမှတ်၁၀၂၉/၂၀၀၂ (၁၂)

ပထမအကြိမ်
၂၀၀၃ ခုနှစ်၊ ဖေဖော်ဝါရီလ

အုပ်ရေ (၅၀၀)
တန်ဖိုး - ၄၀၀ ကျပ်

**အဖုံးဒီဇိုင်း**
ဘိုဘိုထွန်း

**ကွန်ပျူတာစာစီ**
"စံ" ကွန်ပျူတာ၊ ၁၂၉၊ ၃၄ လမ်း

**အတွင်းဖလင်**
နိုင်ကြီး

**စာအုပ်ချုပ်**
လှိုင် (ကိုတင်အေး)

**အဖုံး/အတွင်းပုံနှိပ်ရိုက်**
နေမျိုးပုံနှိပ်တိုက် (၀၅၄၉၅)
အမှတ် ၉၁၊ ဗိုလ်ဥတ္တမလမ်း၊ ကြည့်မြင်တိုင်

**ထုတ်ဝေသူ**
ဦးမောင်ကလေး
သောကြာစာစောင်(မြ-၀၀၆၄)
အမှတ်(၁၅)၊ သြဘာလမ်း၊
ကျောက်မြောင်း၊ ရန်ကုန်။

**နေမျိုးစာပဒေသာ**
အမှတ် (၁၂၉)၊ (၃၄)လမ်း(အလယ်)၊
ရန်ကုန်မြို့။ ဖုန်း - ၃၇၃၀၂၄

www.burmeseclassic.com

# မာတိကာ


၁။ ဗာဂျီတို့ကျောင်း ... ၁၁
( ဇွန် ၁၉၈၅၊ ဒဂုန် )

၂။ ကောင်းကင်လမ်းမ ... ၂၁
( ဇူလိုင် ၁၉၈၅၊ ဒဂုန် )

၃။ ဘယ်ဝယ်ဘယ်ဆီ ... ၃၅
( ဩဂုတ် ၁၉၈၅၊ ဒဂုန် )

၄။ စက်နှင့်မျက်ရည် ... ၅၃
( စက်တင်ဘာ ၁၉၈၅၊ ဒဂုန် )

၅။ မရဏာပဏ္ဏာ ... ၆၇
( နိုဝင်ဘာ ၁၉၈၅၊ ဒဂုန် )

၆။ အန္တိမနေ့များ ... ၇၅
( ဖေဖော်ဝါရီ ၁၉၈၆၊ ဒဂုန် )

www.burmeseclassic.com

# မာတိကာ


၇။ ဝိရောဓိနှင်းဆီ ... ၇၅
( ဇန်နဝါရီ ၁၉၈၆၊ ဒဂုန် )

၈။ စက်စက် ... ၉၃
( ဧပြီ ၁၉၈၆၊ ဒဂုန် )

၉။ ဖော်မစုံ ... ၁၀၉
( ဒီဇင်ဘာ ၁၉၈၇၊ ဒဂုန် )

၁၀။ ကာလဝါဟန ... ၁၂၁
( မေ ၁၉၉၁၊ အပျိုမဂ္ဂဇင်း )

၁၁။ လောင်မီးဝဉ္စာ ... ၁၃၃
( ဇွန် ၁၉၉၈၊ လပြည့်ဝန်းမဂ္ဂဇင်း )

www.burmeseclassic.com

# "အမှာ"

ယနေ့ကမ္ဘာမှာ သိပ္ပံနှင့်နည်းပညာကမ္ဘာဖြစ်သည်။ ယနေ့ အနုပညာသည်လည်းကောင်း၊ ဒဿနသည်လည်းကောင်း၊ သိပ္ပံနည်းပညာများနှင့် နီးနှောဆက်စပ်လာသည်။ အခြေခံသိပ္ပံအဆင့်လောက်မှ မရှိလျှင် အဖျင်းဆုံး ဟောလီးဝုဒ်မှ ရိုက်ကူးသော ရုပ်ရှင်ကားများကိုပင် နားမလည်နိုင်ဘဲ ရှိသည်။ တချို့က သိပ္ပံဝတ္ထုများကို ပို့စ်မော်ဒန်သဘောတရားများနှင့် ဆက်နွှယ်သော လက္ခဏာအဖြစ် လက်ခံကြသည်။

မကြာသေးမီက ကမ္ဘာ့အကောင်းဆုံး စာအုပ်တစ်ရာ ရွေးချယ်သောအခါ အက်စီမော့၊ ရေးဗရက်ဘာရီ၊ အာသာစီကလပ်တို့၏ သိပ္ပံဝတ္ထုရှည်များ ပါလာသည်ကို တွေ့ရသည်။ အက်စီမော့နှင့် အာသာစီကလပ်တို့မှာ ခိုင်မာသော သိပ္ပံအချက်အလက်များကို အခြေခံရေးသူများဖြစ်၍၊ ရေးဘရက်ဗာရီကမူ အင်မတန် ကဗျာဆန်သော သိပ္ပံဝတ္ထုတွေ ရေးတတ်သည်။ (ယခု ဝတ္ထုတိုပေါင်းချုပ်တွင် သူတို့သုံးယောက်လုံး၏ ဝတ္ထုများ ပါဝင်သည်)

မြန်မာစာပေလောကတွင် သိပ္ပံဝတ္ထုများ ခေတ်မစားလှသော်လည်း ကာလအတော်စောစောကပင် ကြိုကြိုကြားကြား ထွက်နေခဲ့သည်။ သိပ္ပံဗထွေး၏ဝတ္ထုတွေကို ဂရုပြုမိသည်။ ထင်ရှားသော ဘာသာပြန်စာအုပ်မှာ တင့်တယ်မြန်မာပြန်သော "အခြားသော စကြဝဠာမှ ဂြိုဟ်" ဖြစ်သည်။ (ရန်ကုန်မြို့တွင် ရုပ်ရှင်အဖြစ် ရုံတင်သဖြင့် ကြည့်ခဲ့ဖူးသည်။) ၁၉၈၀ ခုနှစ်တဝိုက် ဖြစ်မည်ထင်သည်။ ရှုမဝတွင် ကျော်စိန်မင်း၏ သိပ္ပံဝတ္ထုတိုများ အစဉ်တစိုက် ပါလာရာ၊ လူအတော်များများပင် စိတ်ဝင်တစား စောင့်စားဖတ်ရှုခဲ့ကြသည်။

ဒဂုန်မဂ္ဂဇင်းကို အပေါင်းအသင်းတွေ စီစဉ်ထုတ်ဝေကြသောအခါ "တာရာလင်းနွှယ်" ဟူသော ကလောင်နာမည်ခွဲဖြင့် ကျွန်တော် သိပ္ပံဝတ္ထုတိုတွေရေးဖြစ်ခဲ့သည်။ မာရီတို့ကျောင်း(အက်စီမော့)၊ ဘယ်ဝယ်ဘယ်ဆီ (ရေးဘရက်ဗာရီ) တို့လို တိုက်ရိုက်ဘာသာပြန် ဝတ္ထုတွေ

ပါသော်လည်း အများစုမှာ မိုငြမ်းပြုဝတ္ထုများသာ ဖြစ်ပါသည်။ ထိုအထဲတွင် (စက်နှင့်မျက်ရည်) လို၊ (ကာလဝါဟန) လို ပင်ကိုယ်ရေးဝတ္ထုတွေလည်းပါသည်။

ရေးရခြင်းရည်ရွယ်ချက်မှာ သိပ္ပံဒဿန (ခေတ်မီအတွေးအခေါ်) ကို စာဖတ်သူတို့ အနည်းအကျဉ်းဖြစ်ဖြစ် တီးခေါက်မိစေလို၍ဖြစ်သည်။ ဥပမာ "ကောင်းကင်လမ်းမ" လို ဝတ္ထုမျိုးမှာ သိပ္ပံဝတ္ထုဆိုသော်လည်း ခေတ်ကြိုကာလ မဟုတ်ဘဲ အတိတ်ခေတ် တရုတ်နိုင်ငံပဒေသရာဇ်စနစ်ကို အခြေခံရေးပြတာမျိုး ဖြစ်သည်။

ထိုစဉ်က ကျွန်တော်နှင့်အပြိုင်ပင် ဆရာမောင်ထင်က စစ်ပြန်မဂ္ဂဇင်းတွင် သိပ္ပံဘာသာပြန်ဝတ္ထုတွေ ရေးနေသလို ဆရာမြသန်းတင့်ကလည်း ရှုမဝတွင် သိပ္ပံဘာသာပြန်ဝတ္ထုတွေ ရေးသားနေသည်။ ဆရာမြတန်းသင့် သိပ္ပံဝတ္ထုတိုများမှာ လုံးချင်းနှစ်တွဲအဖြစ် စုပေါင်းထုတ်ဝေခဲ့ပြီးဖြစ်သည်။ ဆရာမောင်ထင်၏ သိပ္ပံဝတ္ထုတိုများကိုလည်း မုံရွေးက ထုတ်ဝေတော့မည်ဟု ကြော်ငြာထားသည်။ ဆရာကျော်စိန်မင်း၏ သိပ္ပံဝတ္ထုတိုများလည်း ဆိုင်ပေါ်ရောက်တော့မည်ဟု ကြော်ငြာတာ တွေ့လိုက်ရ၏။ ဆရာမင်းကျော်ကလည်း သူ မကွယ်လွန်မီ ကျော်လှိုင်ဦးအမည်ဖြင့် ဂျပန်သိပ္ပံဝတ္ထုတိုများကို စုစည်းထုတ်ဝေသွားသည်။


မြန်မာနိုင်ငံ သိပ္ပံစာပေထွန်းကားရေးတွင် သဲတစ်ပွင့် ဖြစ်စေတော့ဟူသော ရည်ရွယ်ချက်ဖြင့် ကျွန်တော်၏ ဝတ္ထုတိုများကိုလည်း စုစည်းထုတ်ဝေလိုက်ရပါသည်။

လေးစားလျက်

သစ္စာနီ

ဇန်နဝါရီ၊ ၂၀၀၁

www.burmeseclassic.com



မဘိုတို့ကျောင်း

www.burmeseclassic.com

# မာဂျီတို့ကျောင်း

ထိုနေ့ညတွင် မေ ၁၇,၂၁၅၇ ဆိုသော စာမျက်နှာ၌ မာဂျီ ယခုကဲ့သို့ ရေးမှတ်လိုက်သည်။ "ဒီနေ့ တော်မီစာအုပ်အစစ်တစ်အုပ်ကို တွေ့ရှိခဲ့သည်"။

ထိုစာအုပ်မှာ စာအုပ်ဟောင်းကြီးတစ်အုပ် ဖြစ်သည်။ မာဂျီ၏ အဘိုးဖြစ်သူ တစ်ခါက ပြောဖူးသည်။ သူကိုယ်တိုင် ကလေးဘဝက သူ့အဘိုးဖြစ်သူက သူ့ကို တစ်ခါတုန်းက ပုံပြင်ဝတ္ထုများအား လုံးသည့် စက္ကူပေါ်တွင် ပုံနှိပ်ထားခြင်း ဖြစ်ကြောင်း ပြောဖူးသည် ဆို၏။

ဝါရော်၍ တရွှတ်ရွှတ်မြည်နေသော စာမျက်နှာများကို သူတို့ လှန်ကြည့်ကြသည်။ သူတို့ ဖတ်ရှုနေကျ တယ်လီဗေးရှင်း မျက်နှာပြင်ပေါ်မှ စာလုံးများကဲ့သို့ ရွေ့လျားနေမည့်အစား မလှုပ်မရှား ငြိမ်သက်နေသော စာလုံးများကို ဖတ်ရသည်မှာ အလွန်အမင်း ပျော်ရွှင်စရာကောင်းနေသည်။ သူတို့ နောက်တစ်ကြိမ် စာမျက်နှာများကို ပြန်လှန်ကြည့်ကြပြန်သည်။ စာလုံးများမှာ သူတို့ ပထမအကြိမ် ဖတ်ရှုစဉ်ကကဲ့သို့ပင် ဖြစ်နေသည်ကို တွေ့ရ၏။

နေမျိုးစာပဒေသာ

www.burmeseclassic.com


တော်မီက ပြောသည်။

"ဂျီ ဘာလုပ်မလဲ… ဒီစာအုပ်ကို မင်း ဖတ်ပြီး လွှင့်ပစ်လိုက်တော့… တို့ရဲ့ တယ်လီဖေးရှင်းပိတ်ကားပေါ်မှာ စာအုပ်တစ်သန်းလောက် ဖတ်နိုင်တာပဲ… အဲဒါက အများကြီး ပိုကောင်းတယ်… အဲဒါကိုတော့ လွှင့်မပစ်နိုင်ဘူး… "

"ငါလည်း ဒီလိုပဲ… "

မာဂျီက ပြောသည်။ သူမအသက်သည် ဆယ့်တစ်နှစ်ဖြစ် ၏။ တော်မီလောက် ကျောင်းသုံးစာအုပ်များကို မဖတ်ဖူးသေးချေ။ တော်မီက ဆယ့်သုံးနှစ်ရှိပြီ။

"နင် ဒီစာအုပ်ကို ဘယ်ကတွေ့လာတာလဲ… "

"တို့အိမ် ထပ်ခိုးက… "

"ဘာအကြောင်း ရေးထားတာလဲ… "

"ကျောင်းအကြောင်း… "

"ကျောင်း… "

မာဂျီက ပြောင်ချော်ချော် ရေရွတ်လိုက်သည်။

"ကျောင်းအကြောင်း ဘာတွေ ရေးထားတာလဲ… ကျောင်းဆို ငါက မုန်းတယ်… "

မာဂျီသည် အမြဲတမ်း ကျောင်းကို မုန်းသည်။ တစ်လောကအဖြစ်ကြောင့် ယခင်ကထက်ပို၍ မုန်းနေ၏။ စက်နှင့် လုပ်ထားသော ဆရာသည် ပထဝီ သင်ခန်းစာကို သူမအား ထပ်တလဲလဲ စမ်းသပ်စစ်ဆေးနေ၏။ သူမ၏အခြေအနေမှာ သူမ၏အမေက ခေါင်းကို ဝမ်းနည်းစွာ ယမ်းခါပြီး ခရိုင်စစ်ဆေးရေးအရာရှိကို ဆင့်ခေါ်ရသည်အထိ ဆိုးသထက် ဆိုးဝါးလာ၏။

စစ်ဆေးရေးအရာရှိသည် မျက်နှာနီနီနှင့် သွက်လက်သော လူငယ်တစ်ဦးဖြစ်သည်။ သူနှင့်အတူ ဒိုင်ခွက်တပ်ထားသော ကိရိယာ

www.burmeseclassic.com

များ၊ ဝိုင်ယာကြိုးများ ထည့်ထားသည့် သေတ္တာတစ်လုံး ပါလာသည်။ သူက မာဂျီကို ပြုံးပြကာ ပန်းသီးတစ်လုံး ပေး၏။ ပြီးတော့ မာဂျီ ဆရာကို တစစီ ဖြုတ်ခွဲပစ်လိုက်လေသည်။ ထိုအရာများကို သူ ပြန် မတပ်တတ်ပါစေနှင့်ဟု မာဂျီ ကြိတ်မျှော်လင့်နေမိ၏။ သို့သော် သူမ ဆုတောင်းမပြည့်ချေ။ စစ်ဆေးရေးအရာရှိသည် သူ့အလုပ်ကို ကောင်းစွာ ကျွမ်းကျင်သူ ဖြစ်သည်။ တစ်နာရီအတွင်းမှာပင် ပြန်လည် တပ်ဆင်ပြီး သွား၏။ သင်ခန်းစာများကို ဖော်ပြရာ မေးခွန်းများထုတ်ရာ ကြီးမားသည့် တယ်လီဗေးရှင်းမျက်နှာနှင့်အတူ မည်းနက်၍ အရုပ်ဆိုးသော အရာတစ်ခု ပြန်လည်ဖြစ်ပေါ်လာလေသည်။

သူ့အလုပ် ပြီးစီးသွားသောအခါ စစ်ဆေးရေးအရာရှိသည် မာဂျီ၏ခေါင်းကို အသာအယာ ပုတ်ရင်း ပြုံးလိုက်သည်။ သူက မာဂျီ အမေကို ပြော၏။

“မိန်းကလေးရဲ့အပြစ် မဟုတ်ပါဘူး မစ္စစ်ဂျုံး... ပထဝီနဲ့ ဆိုင်တဲ့စက် အစိတ်အပိုင်းရဲ့ ဂီယာက နည်းနည်းမြန်နေတယ်... ဒီလိုပဲ တစ်ခါတလေ ဖြစ်တတ်ပါတယ်... ကျွန်တော် အဲဒါကို သာမန် ဆယ်နှစ် အရွယ်နဲ့ ညီမျှအောင် နှေးပေးခဲ့တယ်... တကယ်တော့ ကလေးရဲ့ တိုးတက်တဲ့ အဖြေလွှာပုံစံတွေ အားလုံးဟာ လုံးဝကျေနပ်စရာ ပါပဲ...”

သူက မာဂျီခေါင်းကို ထပ်ပုတ်လိုက်ပြန်သည်။ မာဂျီ မျှော်လင့်ချက် ပြိုကွဲသွား၏။ ဆရာ့ကို သူတို့အဝေးကို ယူသွားကြလိမ့် မည်ဟု မာဂျီက မျှော်လင့်ခဲ့သည်။ တစ်ခါက တော်မီ၏ဆရာကို သူတို့ တစ်လနည်းပါးမျှ အဝေးကို ယူသွားခဲ့ကြဖူးသည်။ ရာဇဝင်နှင့် ပတ်သက်သော အစိတ်အပိုင်းမှာ လုံးလုံးလျားလျား ကွက်လပ်ပြနေ သောကြောင့် ဖြစ်၏။

သူမက တော်မီကို မေးလိုက်သည်။

www.burmeseclassic.com


"ဘယ်လိုလူကများ ကျောင်းအကြောင်း ရေးထားရတာလဲ"

တော်မီက ဘဝင်မြင့်သော မျက်လုံးများဖြင့် မာဂျီကို ကြည့်လိုက်ပြီး...

"ရှုးပါ့ ဂျီ... အဲဒီကျောင်းတွေက တို့ကျောင်းတွေလို မဟုတ်ဘူး... သိပ်ရှေးကျတဲ့ ကျောင်းမျိုးတွေ... ဟိုးနှစ်ပေါင်းရာပေါင်းများစွာကပေါ့... "

သူက ပို၍ မောက်မာသော အမူအရာနှင့် စကားလုံးကို သတိကြီးစွာထား၍ ရေရွတ်လိုက်သည်။

"ရာစုနှစ်များစွာက... "

မာဂျီ အခံရ ခက်သွားသည်။

"ထားပါတော့... အဲဒီအချိန်က ကျောင်းတွေအကြောင်း ကို ငါ မသိဘူး... အဲဒီတုန်းက သူတို့မှာ ဆရာရှိလား... "

"ရှိတာပေါ့... ဒါပေမယ့် အဲဒီဆရာက ထုံးတမ်းစဉ်လာ ဆရာမဟုတ်ဘူး... လူသားတစ်ယောက်ပဲ... "

"ဘာ... လူသားတစ်ယောက်... ဘယ်လိုလုပ် လူသား က ဆရာဖြစ်နိုင်မလဲ... "

"ဖြစ်တယ်... ကောင်လေးတွေနဲ့ကောင်မလေးတွေကို သူက ပဲ အရာရာကို ပြောပြတယ်... အိမ်စာပေးတယ်... မေးခွန်း မေးတယ်"

"လူသားတစ်ယောက်ဟာ ဒီလောက် မပြည့်စုံနိုင်ပါဘူး"

"သူကတော့ ပြည့်စုံတယ်... ငါ့အဖေဟာ ငါ့ဆရာ သိသလောက် သိသလိုပေါ့... "

"သူ မသိနိုင်ပါဘူး... လူသားတစ်ယောက်ဟာ ဆရာတစ်ယောက် သိသလောက် မသိနိုင်ဘူး... "

"နည်းပါးလောက် သိပါတယ်... "

မာဂျီက ငြင်းခုံဖို့ မကြိုးစားတော့ချေ။ သူမက ပြောသည်။

"ငါတော့ လူစိမ်းတစ်ယောက် ငါ့အိမ်မှာ လာသင်မှာ မလိုလားဘူး... "

တော်မီက လှောင်ရယ် ရယ်၏။

"နင် မသိပါဘူး ဂျီ... ဆရာတွေက အိမ်မှာလာ သင်ကြတာ မဟုတ်ဘူး... သူတို့မှာ သီးသန့်အဆောက်အအုံ ရှိတယ်... ကလေးတွေအားလုံးက အဲဒီကို သွားကြရတာ... "

မာဂျီက တအံ့တသြ ရေရွတ်သည်။

"ကလေးတွေအားလုံး တစ်ပုံစံတည်း သင်ကြရသလား..."

"ဒါပေါ့... တကယ်လို့ သူတို့ ရွယ်တူတွေ ဆိုရင် ပေါ့လေ... ''

''အမေက ပြောတော့ ဆရာတစ်ယောက်ဟာ ကလေးတွေ ကို သင်ကြားတဲ့နေရာမှာ ခြားနားမှု မဖြစ်ပေါ်ဖို့ ယောကျ်ားလေးရော၊ မိန်းကလေးရော နှစ်ဦးစလုံးစိတ်နဲ့ သင့်တော်ကိုက်ညီအောင် ညှိနှိုင်း ရတယ်တဲ့... "

"သူတို့ကတော့ ဒီလိုမဟုတ်ဘူး... နင် မကြိုက်ရင်လည်း ဒီစာအုပ်ကို မဖတ်နဲ့ပေါ့... "

"ငါက မကြိုက်ဘူးလို့ ပြောလို့လား... "

မာဂျီက ခပ်မြန်မြန် ပြောလိုက်သည်။ သူမသည် ပျော်ရွှင်ဖွယ် ထိုကျောင်းများအကြောင်းကို ဖတ်ကြည့်ချင်နေသည်။

သူတို့ ဖတ်၍ တစ်ဝက်ကျလု နည်းနည်းတွင် မာဂျီအမေ ခေါ်သံ ထွက်ပေါ်လာသည်။

"မာဂျီ ကျောင်း... "

မာဂျီက ပြန်အော်သည်။

"အခု မဟုတ်သေးပါဘူး အမေ... "

"အခုပဲ... "

မစ္စစ်ဂျုံးက တစ်ဆက်တည်း...

"တော်မီလည်း ကျောင်းတက်ချိန် ကျပြီဟော့... " ဟု ပြောလိုက်သည်။

"ကျောင်းချိန်ပြီးရင် နင်နဲ့အတူ ငါ စာအုပ် ဖတ်ရဦးမလား"

"ဖတ်ရမှာပေါ့... "

တော်မီက ပေါ့ပေါ့တန်တန် ပြောလိုက်သည်။ ပြီးတော့ ဖုံ အလိမ်းလိမ်းနှင့် စာအုပ်အိုကြီးကို သူ့ချိုင်းကြားတွင် ထိုးညှပ်၍ လေ တချွန်ချွန်နှင့် ထွက်ခွာသွားသည်။

မာဂျီက ကျောင်းခန်းထဲသို့ ဝင်လာခဲ့သည်။ ထိုအခန်းသည် သူမ အိပ်ခန်းနှင့်ကပ်လျက် ညာဘက်မှ အခန်း ဖြစ်သည်။ စက်ရုပ် ဆရာသည် သူမကို အသင့်စောင့်ဆိုင်းလျက် ရှိ၏။ စနေနှင့် တနင်္ဂနွေ မှလွဲပြီး နေ့တိုင်းပင် ဤအချိန်မှာ စာသင်ချိန် ဖြစ်၏။ အဘယ်ကြောင့် ဆိုသော် မိန်းကလေးများကို သင်နေကျအချိန်တွင် သင်ခြင်းမှာ ပိုကောင်း မွန်သည်ဟု သူ့အမေက ပြောသောကြောင့် ဖြစ်၏။

တယ်လီဗေးရှင်း မျက်နှာပြင်က အသက်ဝင်လာသည်။ ထို အရာက ပြော၏။

"ဒီနေ့ သင်္ချာသင်ခန်းစာကတော့ အပိုင်းဂဏန်း အပေါင်းပါ ပဲ... ကျေးဇူးပြုပြီး မနေ့က အိမ်စာနဲ့ ပတ်သက်တဲ့ သင့်လျော်တဲ့ အဖြေလွှာကို ထည့်သွင်းလိုက်ပါ... "

စက်ထဲကို သူ့အဖြေလွှာ ထည့်သွင်းရင်း မာဂျီ သက်ပြင်း ချလိုက်သည်။ သူ့အဘိုး၏ အဘိုးငယ်စဉ် ကလေးဘဝက ကျောင်း ဟောင်းများအကြောင်းကို စဉ်းစားနေမိသည်။ အိမ်နီးနားချင်းကလေးတွေ အားလုံး စုဝေးလာကြသည်။ ကျောင်းဝန်းအတွင်းတွင် ရယ်မောသံနှင့် အော်ဟစ်သံများ ဆူညံနေသည်။ ဆင်တူစာသင်ခန်းများထဲတွင် အတူတူ

 www.burmeseclassic.com 

ထိုင်ကြသည်။ ကျောင်းလွှတ်ချိန် တန်သောအခါ အိမ်သို့ အတူတူ ပြန်ကြသည်။ သူတို့သည် တစ်ပုံစံတည်း သင်ကြားကြရသည်။ သူတို့သည် တစ်ယောက်၏အိမ်စာကို တစ်ယောက်က ကူလုပ်နိုင်သည်။ ဆွေးနွေးနိုင်သည်။ ပြီးတော့ ဆရာများမှာလည်း လူသားများ ဖြစ်ကြသည်။

စက်ရုပ်ဆရာသည် တယ်လီဗေးရှင်းမျက်နှာပေါ်တွင် လင်းလက်နေသည်။

"ကျွန်ုပ်တို့ ၂ ပိုင်း ၁ ပိုင်းနဲ့ ၄ ပိုင်း ၁ ပိုင်းကို ပေါင်းလိုက်လျှင်... "

မာဂျီသည် ဟိုးယခင် ခေတ်ဟောင်းများဆီက ကလေးများ ပျော်ရွှင်ခဲ့ကြပုံအကြောင်းကို တွေးတောနေမိလေသည်။

(သိပ္ပံစာရေးဆရာ Issac Asimov ၏ The Fun they had ကို ပြန်ဆိုသည်)

[ဒဂုန်မဂ္ဂဇင်း၊၁၉၈၅၊ဇွန်လ]

www.burmeseclassic.com



ကောင်းကင်လမ်းမ

www.burmeseclassic.com

## ကောင်းကောင်းလမ်းမ

အေဒီ ၄၀၀ တွင် ကေရာဇ်ယွမ်သည် တရုတ်ပြည်မဟာ တံတိုင်းအနီးတွင် ဘိသိက်ခံတော်မူသည်။ မိုးဖြင့် စိမ်းသောကုန်းမြေ၊ ရိတ်သိမ်းရန် အသင့်ဖြစ်နေသော ကောက်ပင်များ၊ အေးချမ်းသာယာ လျက် သူ့အာဏာစက်အောက်တွင် ပျော်လည်း မပျော်ရွှင်၊ ဝမ်းနည်း လည်း မနေသော ပြည်သူများ။

နှစ်သစ်၏ ဒုတိယလ၊ ပထမပတ်၏ ပထမနေ့ နံနက်စောစော ဖြစ်သည်။ ကေရာဇ်ယွမ်သည် လက်ဖက်ရည်ကြမ်းကို အေးအေးလူလူ သောက်ရင်း ယပ်တောင်ကို ကိုယ်တိုင် ခတ်ကာ ပူနွေးသော လေကို အံတုနေစဉ် သူ့ငယ်သားတစ်ဦးသည် ကြက်သွေးရောင်နှင့် အပြာရောင် အုတ်ကြွပ်ခင်းထားသော ဥယျာဉ်လမ်းများကို ဖြတ်သန်းပြေးလွှားလာ လျက် အော်ဟစ် ပြောဆိုလိုက်၏။

"အိုး... ကေရာဇ်... ကေရာဇ်... အံ့ဖွယ်သရဲပါ..."

"ဟုတ်တယ်... "

ကေရာဇ်က ဆို၏။

"ဒီနေ့မနက် လေကလည်း နုအေးနေတယ်... "

နေမျိုးစာပဒေသာ

www.burmeseclassic.com


"အဲဒါ မဟုတ်ပါ... အဲဒါ မဟုတ်ပါ အံ့ဖွယ်သူရဲပါ..."

ငယ်သားက အလျင်အမြန် ဦးညွှတ်ကာ ပြောပြန်သည်။

"အေး... ငါကိုယ်တော်မြတ် ပါးစပ်ထဲမှာတော့ ဒီလက်ဖက်ရည်ကြမ်းဟာ တော်တော် အရသာတွေ့တယ်... ဒါ အံ့ဖွယ်သူရဲဖြစ်တာ သေချာတယ်... "

"မဟုတ်ပါ... မဟုတ်ပါ... အဲဒါထက် ပိုပါတယ်..."

"ငါ တွေးဆကြည့်မယ် နေဦး... နေမင်းက ထွက်ပြူစ၊ နေ့သစ်တစ်ခုဟာ တို့အပေါ် ဖြန့်ကျက်ထားတယ်... ပင်လယ်က ပြာတယ်... အဲဒါတွေဟာ အံ့ဖွယ်သူရဲတွေထဲက အထူးကဲဆုံး အရာ မဟုတ်လား... "

"ဒါထက် ပိုပါတယ် သခင်... လူတစ်ယောက်ဟာ ပျံသန်းနေပါတယ်... "

"ဘာပြောတယ်... "

ဧကရာဇ်၏ ယပ်တောင်သည် တန့်ရပ်သွား၏။

"ကျွန်တော်မျိုး သူ့ကို လေထဲမှာ တွေ့ရပါတယ်... အဲဒီလူဟာ အတောင်ပံနဲ့ ပျံသန်းနေပါတယ်... ကောင်းကင်က ခေါ်သံကြားလို့ ကျွန်တော်မျိုး ကြည့်လိုက်တော့ သူ့ကို တွေ့ရတော့တာပဲ... လူတစ်ယောက်ကို သူ့ပါးစပ်ထဲမှာ ကိုက်ထားတဲ့ မိုးကောင်းကင်က နဂါးတစ်ကောင်လိုပဲ... အဲဒီနဂါးက စက္ကူတို့ ဝါးတို့နဲ့ လုပ်ထားတယ် နေနဲ့ မြက်ခင်းရဲ့ပုံ ရေးခြယ်ထားတယ်... "

"အခု မနက်အစောကြီး ရှိသေးတယ်... "

ဧကရာဇ်က ပြောသည်။

"မင်း အိပ်မက်မက်ရာက နိုးလာတာလား... "

"ကျွန်တော်မျိုး တကယ်တွေ့ခဲ့တာပါ အရှင်... တကယ်တွေ့ခဲ့တာပါ... ဧကရာဇ်မင်းမြတ် လိုက်လံကြည့်ရှုနိုင်ပါတယ်..."

www.burmeseclassic.com


"ကဲ ဒီမှာ ထိုင်စမ်းပါဦး... "

ဇေရာဖ်မင်းက ပြောသည်။

"လက်ဖက်ရည်ကြမ်း သောက်ဦး... တကယ်တမ်းသာ မှန်ရင်တော့ လူတစ်ယောက် ပျံသန်းနေတာ မြင်ခဲ့တယ်ဆိုတာ မကြုံစဖူးကိစ္စပဲ... မင်း ဒါကို အချိန်ယူ စဉ်းစားရမယ်... ကြည့်ဖို့အတွက် ငါကိုယ်တိုင်လည်း အချိန်ယူ ပြင်ဆင်ရမယ်... "

သူတို့ လက်ဖက်ရည် သောက်ကြသည်။ နောက်ဆုံးတွင် ငယ်သားက ပြောလိုက်၏။

"ဇေရာဖ်မင်းမြတ်... ကျွန်တော်မျိုးတို့ သွားမကြည့်ရင် သူ ထွက်ခွာသွားပါလိမ့်မယ်... "

ဇေရာဖ်က စဉ်းစဉ်းစားစား ပြောလိုက်သည်။

"ကဲ... မင်း ဘာမြင်ခဲ့တယ်ဆိုတာ... ခုပဲ ငါ့ကို ပြပေ တော့... "

သူတို့သည် ဥယျာဉ်ထဲတွင် လျှောက်လှမ်းလာကြသည်။ စားကျက်မြက်ခင်း၊ တံတားငယ်တစ်ခု၊ သစ်တောအုပ်တို့ကို ဖြတ်သန်း၍ တောင်ကုန်းငယ်တစ်ခုသို့ ရောက်သောအခါ...

"ဟိုမှာပါ... "

ငယ်သားက ဆိုလိုက်၏။

ဇေရာဖ်သည် ကောင်းကင်ကို မော့ကြည့်လိုက်သည်။ သူ့ရယ်သံကို မနည်းနားထောင်မှ အနိုင်နိုင်ကြားရလောက်အောင် မြင့်သော ကောင်းကင်ဆီမှာ လူတစ်ယောက် ရယ်မောနေ၏။ ထိုလူသည် ကျူပင်ဖြင့် ပြုလုပ်ထားသော အတောင်ပံ၊ လှပသော အဝါရောင်အမြီးနှင့် တောက်ပသော စက္ကူများကို ဝတ်ဆင်ထားသည်။ သူသည် ရေးဟောင်းနဂါးတို့ပြည်မှ နဂါးကဲ့သို့ လည်းကောင်း၊ ငှက်အပေါင်းတို့ကမ္ဘာမှ အကြီးဆုံးငှက်တစ်ကောင်ကဲ့သို့ လည်းကောင်း၊

www.burmeseclassic.com


ပျံသန်းမြင့်တက်နေ၏။

ထိုလူသည် နံနက်ခင်း၏ အေးမြသောလေများ တိုက်ခိုက်နေရာ အမြင့်ဆီမှ သူတို့ကို လှမ်းအော်ပြောသည်။

“ကျုပ် ပျံနေတယ်... ကျုပ် ပျံနေတယ်... ”

“ဟုတ်တယ်ဗျို့... ဟုတ်တယ်ဗျို့... ”

ငယ်သားက ထိုလူကို လက်များဖြင့် ဝှေ့ယမ်းပြရင်း ပြန်အော်၏။

ဧကရာဇ်ယွမ်သည် မလှုပ်မယှက် ရှိသည်။ တစ်ပြည်ထောင်လုံး သူ့တန်ခိုးအာဏာနှင့် လွှမ်းလွှမ်းသွားသော၊ ကျောက်တုံးဖြင့် ပြုလုပ်ထားသည့် ခမ်းနားကြီးကျယ်သည့် မြေပြင်မှာ ဝေးကွာလွန်းသော နှင်းတောထဲမှ တောင်ကုန်စိမ်းများဆီတွင် နှစ်လိုဖွယ်ပုံသဏ္ဌာန် ပေါ်ထွက်နေသော တရုတ်ပြည်၏ မဟာတံတိုင်းကြီးကို သူ ငေးကြည့်သည်။ ဤအံ့သြဖွယ်တံတိုင်းကြီးသည် သူတို့အား ရန်သူများ လုယက်ဖျက်ဆီးမည့်ဘေးကို နှောင့်နှေးစေခဲ့သည်။ မရေမတွက်နိုင်သည့် နှစ်များစွာအတွင်း ငြိမ်းချမ်းရေးကို မပျက်စီးရအောင် လုံခြုံစွာ သိမ်းဆည်းပေးထားခဲ့သည်။ တောင်ကုန်းတစ်ကုန်း၊ လမ်းတစ်လမ်း၊ မြင်းတစ်စီးဖြင့် သူ့ဘာသာ သိုက်မြုံဖွဲ့နေသောမြို့ကို မြင်သည်။ သူ အိပ်မူးရီဝေရာမှ နိုးလန့်လာ၏။

“ငါ့ကို ပြောစမ်း... ”

သူ့ငယ်သားကို မေးလိုက်သည်။

“ဒီလူပျံကို တခြားမြင်တဲ့လူများ ရှိသေးသလား... ”

“ကျွန်တော်မျိုးတစ်ဦးထဲ ရှိပါတယ် ဘုရား... အံ့ဖွယ်သူရဲပါပဲ... ”

ငယ်သားက ပြောရင်း ကောင်းကင်ကို ပြုံးကြည့်ကာ သူ့လက်များကို ဝှေ့ယမ်းပြနေလေသည်။ ဧကရာဇ်သည် မိုးကောင်းကင်

www.burmeseclassic.com

နှင့် အလွန်သေးငယ်သော အခြားအရာကို စောင့်ကြည့်ပြီးမှ သူ့ငယ်သား ကို ပြောလိုက်သည်။

"သူ့ကို ငါ့ဆီ ဆင်းခဲ့လို့ ခေါ်လိုက်စမ်း... "

"ဟေး ဆင်းလာခဲ့... ဆင်းလာခဲ့... ဘုရင်မင်းမြတ်က မင်းကို ကြည့်လိုသတဲ့... "

ငယ်သားက သူ့လက်ခွက်ကို ပါးစပ်တွင် ကပ်ကာ အော် ခေါ်သည်။ နံနက်ခင်းလေပြေထဲတွင် ထိုလူပျံ ပျံဝဲဆင်းသက်လာနေစဉ် ဧကရာဇ်သည် အရပ်ရှစ်မျက်နှာကို စောင်းငဲ့ကြည့်လိုက်၏။ စောစောစီးစီး သူ့လယ်ကွင်းထဲမှ ကောင်းကင်ကို မော့ကြည့်နေသော လယ်သမားတစ်ဦး ကို မြင်ရလေသည်။ ထိုလယ်သမား ရပ်နေရာကို သူ မှတ်ထားလိုက် ၏။

ဝါးနှင့် ကျူပြင်တို့မှ တကျိုကျိုမြည်သံ၊ စက္ကူတချွတ်ချွတ် မြည်သံတို့ဖြင့် လူပျံ ဆင်းသက်လာသည်။ ရွက်ကြိုးတန်ဆာ အစုံအလင် နှင့် ဧကရာဇ်မင်းထံ ထည်ဝါစွာ လျှောက်လာသော သူ့ပုံမှာ ကိုးယိုး ကားယား နိုင်လှသည်။ အရွယ်မလွန်သေးသောသူက ဦးညွှတ်လိုက်၏။

"မင်း ဘာလုပ်ခဲ့သလဲ... "

ဧကရာဇ်က မေးမြန်းသည်။

"ကျွန်တော်မျိုး ကောင်းကင်မှာ ပျံပါတယ်... အံ့ဖွယ်သူရဲ မရှိဘူးလား... "

"မင်း ဘာလုပ်ခဲ့သလဲ... "

ဧကရာဇ်က ထပ်မေးသည်။

"ကျွန်တော်မျိုး ဖြေပြီးပြီ မဟုတ်လား... "

ပျံသန်းခဲ့သူက ပြောသည်။

"မင်း ငါ့ကို ကုန်စင်အောင် မပြောသေးဘူး... "

ဧကရာဇ်က သေးသွယ်သော သူ့လက်ကို လှမ်းကာ ငှက်

တစ်ကောင်၏အင်္ဂါအစိတ်အပိုင်းနှင့် တူသည့် လှပသော စက္ကူကို ထိစမ်း ကြည့်သည်။ ထိုအရာသည် လေစိမ်းနံ့ နံနေသည်။

"မလှဘူးလား... အံ့ဖွယ်သူရဲပါပဲ... "

"အင်း... လှပါပေတယ်... "

"တစ်ကမ္ဘာလုံးမှာ ဒါမျိုးတစ်ခုပဲ ရှိတယ်... "

ထိုလူက ပြုံးကာ ပြောသည်။

"ကျုပ်ဟာ တီထွင်သူပဲ... "

"တစ်ကမ္ဘာလုံးမှာ တစ်ယောက်တည်း ရှိတာပေါ့... ဟုတ်လား... "

"ကျွန်တော်မျိုး ကျမ်းကျိန်ရဲပါတယ်... "

"ဒီကိစ္စကို တခြားဘယ်သူတွေ သိသေးသလဲ... "

"တစ်ယောက်မှ မသိဘူး... ကျွန်တော်မျိုးမိန်းမတောင် မသိဘူး... သူက ကျွန်တော်မျိုးကို ရူးနေတဲ့ လူလို့ ထင်နေတာ... သူက ကျွန်တော်မျိုး စွန်တစ်ကောင် လုပ်နေတယ်လို့ပဲ တွေးမှာ... ည ကတော့ ကျွန်တော်မျိုး အားရရွှင်လန်းပြီး အတော်ဝေးဝေးက ချောက်ကမ်းပါးတွေဆီ လျှောက်သွားခဲ့ပါတယ်... ပြီးတော့ နေထွက်ပြုစ ပူနွေးတဲ့လေပြည် တိုက်ခတ်တဲ့ မနက်ခင်းမှာ ကျွန်တော်မျိုး ရှိသမျှ သတ္တိတွေကို စုပုံပြီး ချောက်ကမ်းပါးက ခုန်ချလိုက်တယ်... ဒီလိုနဲ့ ကျွန်တော်မျိုး ပျံနိုင်ခဲ့တယ်... ဒါကို ကျွန်တော်မျိုးမိန်းမတောင် မသိဘူး... "

"အဲဒါ သူမအတွက် ကောင်းတာပေါ့... "

ဧကရာဇ်က ပြောသည်။

"သွားကြရအောင်... "

သူတို့ စံအိမ်ဆီသို့ ပြန်လျှောက်လာကြသည်။ ယခုအခါ ကောင်းကင်သည် ပြည့်ဝစွာ ထွန်းလင်းနေလေပြီ။ လတ်ဆတ်လန်းဆန်း

www.burmeseclassic.com


သော မြက်နံ့ရ၏။ ဇေရာဇ်၊ သူ့ငယ်သားနှင့် ပုံသန်းသူတို့သည် ဉယျာဉ်ကြီးထဲသို့ ရောက်သောအခါ ရပ်တန့်လိုက်ကြသည်။

"ဟေး အစောင့်တွေ... "

ဇေရာဇ်က လက်ခုပ်တီးကာ ခေါ်လိုက်သည်။ အစောင့်တပ်သားများ အပြေးအလွှား ရောက်လာကြ၏။

"ဒီလူကို ဖမ်းလိုက်စမ်း... "

အစောင့်တပ်သားများသည် ပုံသန်းသူကို ချုပ်ကိုင်လိုက်ကြသည်။

"လက်မရွံ့အာဏာသားကို ခေါ်လိုက်စမ်း... "

ဇေရာဇ်က ပြောသည်။

"ဘယ်လိုသဘောလဲ... "

ပုံသန်းသူက စိတ်ရှုပ်ထွေးစွာ အော်လိုက်၏။

"ကျုပ် ဘာလုပ်ခဲ့လို့လဲ... "

သူသည် စတင်ဝိုကြွေးသောကြောင့် လှပသောစက္ကူကိုရိယာအစုံသည် တချွတ်ချွတ်မြည်နေ၏။

"ဒီလူဟာ စက်ကိရိယာတစ်ခု ပြုလုပ်ခဲ့တယ်... "

ဇေရာဇ်က ပြောသည်။

"သူ ဘာဖန်ဆင်းခဲ့သလဲဆိုတာ ကျုပ်တို့အတွက် မေးခွန်းဖြစ်နေတယ်... အဲဒီအဖြေကို သူကိုယ်တိုင်လည်း မသိဘူး... သူ ဖန်ဆင်းတဲ့အရာဟာ တကယ်ပဲ လိုအပ်တဲ့အရာလား... အဲဒီအရာနှင့် ဘာလုပ်ရမှာလဲ... "

လက်မရွံ့အာဏာသားသည် ထက်လှစွာသော ငွေပုဆိန်ကို ကိုင်စွဲကာ ပြေးလွှားရောက်ရှိလာသည်။ သူသည် ခြေဗလာနှင့် ရပ်လိုက်၏။ ကြီးမားသော ကြွက်သားအပြိုင်းပြိုင်းနှင့် လက်ရုံးကို အသင့်ပြင်ထားသည်။ သူ့မျက်နှာကို တည်ငြိမ်သော မျက်နှာဖုံးတစ်ခုက ဖုံးကွယ်

www.burmeseclassic.com


ထား၏။

"ခဏနေဦး... "

ဧကရာဇ်က ပြောရင်း အနီးရှိ စားပွဲတစ်လုံးဆီသို့ သူ့ကိုယ်ကို လှည့်လိုက်သည်။

ထိုစားပွဲပေါ်တွင် ဧကရာဇ်မင်းကိုယ်တိုင် ဖန်တီးပြုလုပ်ထားသော စက်တစ်ခု ရှိ၏။ ဧကရာဇ်သည် သူ့အင်္ကျီလည်ပင်းပေါက်ထဲမှ သေးငယ်သော ရွှေရောင်သော့ကလေးကို ထုတ်ယူလိုက်သည်။ သော့ကို သိမ်မွေ့နုနယ်သော စက်၏အပေါက်ကလေးတွင် တပ်ဆင်ကာ တစ်ပတ်လှည့်လိုက်သည်။ စက်သည် လှုပ်ရှား၍ လာလေသည်။

စက်ကို ရွှေသတ္တု ကျောက်မျက်ရတနာများဖြင့် မွမ်းမံပြုလုပ်ထား၏။ ငှက်ငယ်ကလေးများ သေးငယ်သော သစ္စာပင်များပေါ်တွင် သီချင်းဆိုနေပုံ၊ ဝံပုလွေများ သေးငယ်သော သစ်တောကို ဖြတ်သန်းလျှောက်နေပုံ၊ နေရောင်နှင့် အရိပ်များထွက်အောင် သေးငယ်သော လူများ ပြေးလွှားနေပုံ၊ သေးငယ်သော ယပ်တောင်ကလေးများ သူ့အလိုအလျောက် ယပ်ခတ်နေပုံ၊ သက်ဝင်လှုပ်ရှားအောင် စက်ကို တည်ဆောက်ထား၏။ မြသားကျောက်နှင့် ပြုလုပ်ထားသည့် ငှက်ကလေးများ၏ တေးဆိုသံကို နားထောင်ဖို့ရာမှာ ဖြစ်နိုင်စရာ အခြေအနေမရှိသလောက် နည်းသော်လည်း မြည်ကြွေးသံက အဆက်မပြတ် ယိုစီးထွက်နေ၏။

"မလှပ မတင့်တယ်ဘူးလား... "

ဧကရာဇ်မင်းက ပြော၏။

"ဒါ ငါ ဘာလုပ်တာလဲလို့ မင်းက ငါ့ကို မေးလာရင် ငါကောင်းကောင်း ဖြေစရာ ရှိတယ်... ငါ သီချင်းဆိုတဲ့ ငှက်တွေလုပ်တယ်... ညည်းညူတဲ့ သစ်တောတွေ လုပ်တယ်... အဲဒီတောမြေထဲမှာ လမ်းလျှောက်နေတဲ့ လူတွေ လုပ်တယ်... သစ်ရွက်တွေ၊ အရိပ်

www.burmeseclassic.com


တွေ၊ သီချင်းတွေဟာ ပျော်ရွှင်စရာပဲ… ငါလုပ်တာ အဲဒါပဲ…”

“ဒါပေမယ့် အို… ဇေကရာဇ်… ”

ပျံသန်းသူက ဒူးထောက်လျက် လျှောက်လဲချေပသည်။ သူ့ ပါးပြင်တွင် မျက်ရည်များ စီးသွယ်ကျနေ၏။

“ကျွန်တော်မျိုး ပြုလုပ်တာလည်း အလားတူပါပဲ… ကျွန်တော်မျိုး အလှတရားကို တွေ့ရှိခဲ့ပါတယ်… နံနက်ခင်းလေထုထဲမှာ ကျွန်တော်မျိုး ပျံသန်းတယ်… တောင်ကုန်းများ အလွန်အင်မတန်မြင့်တဲ့နေရာကနေပြီး အိပ်ပျော်နေတဲ့ လူနေအိမ်တွေနဲ့ ဥယျာဉ်တွေကို ငုံ့ကြည့်တယ်… ညီညာတဲ့ပင်လယ်ပြင်ကို ကြည့်ပြီး ပင်လယ်နံ့ကို ရှူရှိုက်တယ်… ကျွန်တော်မျိုးဟာ ငှက်တစ်ကောင်လို မြင့်တက် ပျံသန်းတယ်… ကောင်းကင်ထဲမှာရှိတဲ့အခါ အိုး… ဘယ်လောက် လှပတင့်တယ်တယ်ဆိုတာ ပြောမပြနိုင်လောက်အောင်ပါပဲ… အဲဒီမှာ လေထုဟာ ကျွန်တော်မျိုးကို ငှက်မွေးငှက်တောင်လို လွင့်ပါးအောင် တိုက်ခတ် နေတယ်… ယပ်တောင်တစ်ချောင်းလိုပဲ လူတစ်ယောက်ရဲ့ ဘယ်လောက် လွတ်လပ်တဲ့ခံစားမှုပါလဲ… ဒါဟာ အလှတရားပါ… ဒါဟာ အလှ တရားပါပဲ… ”

“ဟုတ်တယ်… ”

ဇေကရာဇ်က ဝမ်းနည်းစွာ ပြောသည်။

“ဒါ အမှန်ပဲဆိုတာ ငါသိတယ်… မင်းကို မြင်တော့ အံ့ဩပြီး လေထဲက မင်းနဲ့အတူ ငါ့အသည်းနှလုံးတွေ လှုပ်ရှားနေသလို ငါခံစားခဲ့ရတယ်… အဲသလိုဖြစ်တော့ ဘာဖြစ်သလဲ… အဲဒီ ခံစားမှုကို ဘာလုပ်ရမှာလဲ… အဲဒီအမြင့်က မြင်ခဲ့ရတဲ့ အလှမ်းကွာဝေးတဲ့ မြင်ကွင်းတွေကို စုပြီး ဘာလုပ်ရမလဲ… အဲဒါတွေကို ဘယ်လိုနည်းနဲ့ ကျုပ်အိမ်တွေ ကျုပ်အစေအပါးတွေဖြစ်အောင် လုပ်ရမလဲ… ခုထိ မနီးသေးတဲ့ အလှမ်းကွာဝေးတဲ့အရပ်က မြို့တွေကို ဘယ်လိုလုပ် နှိုးမလဲ”

"ကျွန်တော်မျိုးကို သက်သာခွင့် ပေးတော်မူပါ... "

"အချိန်မဟုတ်တော့ဘူး... " ဧကရာဇ်က ပြောသည်။ သူသည် ပို၍ ဝမ်းနည်းကြေကွဲနေဟန် ရှိသည်။

"လူတစ်ယောက်မှာ ရှိပြီးသား အလှတရားကို အဲဒီလူဟာ မထိန်းသိမ်းခဲ့ရင် အဲဒီလူဟာ အလှတရားကို လက်လွှတ်ဆုံးရှုံးရမှာ သေချာတယ်... မင်းကိုယ်တိုင်လိုပဲ ငါလည်း မင်းရဲ့အန္တရာယ်ကို မစိုးရွံ့ပါဘူး... တခြားလူတစ်ယောက်ရဲ့ အန္တရာယ်ကိုသာ စိုးရွံ့ တယ်..."

"ဘယ်သူလဲ... "

"မင်းကို မြင်သွားတဲ့လူပေါ့... အဲဒီလူဟာ တောက်ပတဲ့ စက္ကူတွေ ဝါးတွေနဲ့ အဲဒါမျိုးကို တည်ဆောက်လိမ့်မယ်... အဲဒီလူမှာသာ မိစ္ဆာတစ်ကောင်ရဲ့မျက်ခွက်နဲ့ မိစ္ဆာတစ်ကောင်ရဲ့အသည်းနှလုံး ရှိခဲ့ ရင် အလှတရားဆိုတာလည်း ပျက်စီးရပြီပေါ့... ငါ စိုးရွံ့တာ အဲဒီလို လူမျိုးပဲ... "

"ဘာကြောင့် ဘာကြောင့်ပါလဲ အရှင်... "

"ခုနပြောခဲ့သလို လူဟာ တစ်နေ့မှာ စက္ကူတွေ ကျူပင်တွေ ကိရိယာအစုံအလင်နဲ့ အလားတူတာမျိုးကို တည်ဆောက်လိမ့်မယ် သူဟာ ကောင်းကင်မှာ ပျံသန်းဖို့မဟုတ်ဘဲ တရုတ်ပြည်မဟာတံတိုင်းကြီး ရဲ့အပေါ်ကို အမြင့်ကနေ ကျောက်တုံးကြီးတွေ လွှတ်ချဖို့ဆိုတာလည်း ဖြစ်နိုင်တာပဲ မဟုတ်လား... "

မည်သူမှ မလှုပ်ရှားကြ။ စကားသံတစ်လုံးမှ ထွက်မလာ။

"သူ့ခေါင်းကို ဖြတ်လိုက်တော့... " ဧကရာဇ်က ပြော လိုက်သည်။ လက်မရွံ့အာဏာသား၏ ငွေပုဆိန် လှုပ်ရှားသွား၏။

"ဒီစွန်နဲ့တီထွင်သူရဲ့ ခန္ဓာကိုယ်ကို မီးရှို့လိုက်... ပြီးတော့ ပြာတွေကို အတူတူ မြေမြှုပ်လိုက်... " ဧကရာဇ်၏စကားအတိုင်း

www.burmeseclassic.com


သူ့အစေအပါးများက နာခံဆောင်ရွက်ကြ၏။

ဧကရာဇ်သည် လူပျိုကို မြင်ခဲ့သူ၊ သူ့လက်စွဲတော် အစေအပါးဘက်သို့ လှည့်လိုက်၏။

"မင်းပါးစပ်ကို လုံအောင်ထိန်း... ဒါတွေအားလုံးဟာ အိပ်မက်တစ်ခုပဲ... အလှပဆုံးနဲ့ ဝမ်းနည်းကြေကွဲစရာအကောင်းဆုံးတွေ ပြည့်လျှမ်းနေတဲ့ အိပ်မက်တစ်ခုပဲ... ခပ်လှမ်းလှမ်းလယ်ကွင်းထဲက လှမ်းမြင်ခဲ့တဲ့ လယ်သမားကိုလည်း အဲဒါဟာ စိတ်ကူးအိပ်မက်မှာ ပေါ်လာတဲ့ အရာတစ်ခုလို့သာ ယူဆဖို့ ပြောလိုက်ပါ... အကယ်၍ ဒီစကားတွေသာ ပြန့်ပွားသွားခဲ့ရင် မင်းရော လယ်သမားရော နာရီ မဆိုင်းဘဲ သေရပြီသာ မှတ်ပေတော့... "

"အရှင်ဟာ အကြင်နာတရားနဲ့ ပြည့်စုံတော်မူပါပေတယ်"

"ဒါ အကြင်နာတရား မဟုတ်ဘူး... "

လူအိုကြီးက ပြောလိုက်သည်။

ဥယျာဉ်နံရံကို လွန်လာသောအခါ သူ့အစောင့်များက စက္ကူကျူပင်တို့နှင့် လုပ်ထားသော လှပသည့် စက်အား မီးရှို့နေသည်ကို မြင်ရ၏။ ညှော်နံ့ဖြင့် နံနက်ခင်းလေသည် မွန်ထူနေသည်။ မဲမှောင်သော မီးခိုးများ ကောင်းကင်ဆီ တက်သွားသည်ကို သူမြင်ရသည်။

"တော်တော်စိတ်ရှုပ်ထွေးစရာ စိုးရိမ်စရာကိစ္စပေပဲ... "

ပြာများကို မြှုပ်နှံထားဖို့အတွက် သူ့အစေအပါးများတွင်းငယ် တစ်ခု တူးနေသည်ကို မြင်ရသည်။

"တခြား လူတစ်သိန်းကို ဆန့်ကျင်ဘက်ပြုမိတဲ့ လူတစ်ယောက်ရဲ့ဘဝဆိုတာ ဒါပဲလား... အင်း ဒီလိုတွေးမိတော့မှပဲ ငါ စိတ်သက်သာရာ ရတော့တယ်... "

သူ့လည်ပင်းတွင် သံကြိုးနှင့် ချိတ်ဆွဲထားသော သော့ကို ထုတ်ယူကာ လှပသော ဥယျာဉ်သေးသေးကလေးကို သော့တစ်ချက်

www.burmeseclassic.com


ပေးလိုက်၏။ သူသည် မတ်တတ်ရပ်ရင်း ကုန်းမြေများကို ကျော်၍ မဟာတံတိုင်းကြီးရှိရာသို့ လှမ်းမျှော်ကြည့်၏။ အေးချမ်းငြိမ်သက်သော မြို့၊ အစိမ်းရောင်လယ်ကွင်းများ၊ မြစ်နှင့် စမ်းချောင်းများ၊ သူ သက်ပြင်း ချသည်။ သေးငယ်သော စက်ကလေးများကို ဖုံးကွယ်ထားသည့် ဥယျာဉ် ငယ်လေးသည် တဒီးဒီးမြည်ကာ အလိုအလျောက် လှုပ်ရှားလာသည်။ လူသေးသေးကလေးများ သစ်တောထဲတွင် လမ်းလျှောက်နေကြသည်။ နေရောင်ခြည် အမျှင်အပြောက်များ လှပစွာ တောက်ပသွန်းကျနေသည့် တောထဲမှ ကွက်လပ်ကလေးများကိုဖြတ်ကာ သေးငယ်သော ပုံပန်း ကလေးများ ခြေလှမ်းကျဲကျဲနှင့် လျှောက်သွားနေကြသည်။ သေးငယ် သော သစ်ပင်များအကြားတွင် တေးအစအနများဆိုကာ ငှက်ကလေး များ ပျံသန်းနေကြသည်။ တောက်ပသော အပြာရောင်နှင့် အဝါရောင် ငှက်ကလေးများ ထိုကောင်းကင်သေးသေးလေးထဲတွင် ပျံသန်းနေကြ သည်။

အိုး... ဧကရာဇ်က သူ့မျက်လုံးများကို ပိတ်ကာ အော် သည်။

"ငှက်ကလေးတွေကို ကြည့်ကြစမ်း... ငှက်ကလေးတွေ ကို ကြည့်ကြစမ်း... "

(သိပ္ပံစာရေးဆရာ Ray Bradbury ၏ The flying machine ကို မြန်မာဘာသာသို့ ပြန်ဆိုသည်)

[ဒဂုန်မဂ္ဂဇင်း၊၁၉၈၅၊ဇူလိုင်လ]

နေမျိုးစာပဒေသာ

www.burmeseclassic.com



www.burmeseclassic.com

**ဘယ်ဝယ်ဘယ်ဆီ**

တောင် ကက်ပတိန်က အမိန့်ပေးလိုက်သည်။ သူ့ယာဉ်မောင်းက…

“ရှေ့ရှုရာအရပ် ပျောက်ဆုံးနေတဲ့ အာကာသဟင်းလင်းပြင်ထဲမှာ ဒါ ဘယ်လိုလုပ်လွှယ်မှာလဲ ကက်ပတိန်… ”

“တို့ဟာ နေဆီကို ရှေ့ရှုပြီး ခရီးထွက်နေတဲ့အခါ… ”

ကက်ပတိန်က ပြန်ပြော၏။

“အဝါရောင်ရယ်၊ ပူနွေးမှုရယ်၊ ပျင်းရိမှုရယ်ဟာ အရာရာကို လူးပေနေတယ်… တို့ဟာ အရပ်တစ်ခုတည်းကိုပဲ ဦးတည် ခရီးနှင်နေ ရတယ်… ”

သူသည် သူ့မျက်လုံးများကို မှိတ်လိုက်ကာ မီးခိုးမီးတောက်မထွက်ဘဲ တငွေ့ငွေ့ လောင်ကျွမ်းခံနေရသည့်အဖြစ်ကို တွေးတောနေမိသည်။ ပူနွေးခြင်း ဝေးကွာသော အရပ်တွင် ကျန်ရစ်ခဲ့ပြီဖြစ်သော မိမိ၏ ကုန်းမြေ၊ ပါးစပ်ဖြင့် နူးညံ့တိုးသာစွာ အသက်ရှူသည်။ တောင်… သူ့ကိုယ်သူ ပြောသလို ဖြည်းလေးစွာ ခေါင်းညိတ်ရင်း ပြောလိုက်သည်။

"တောင်... "

သူတို့ အာကာသယာဉ်အမည်မှာ "ပရိမီးသပ်စ်" ဖြစ်သည်။ သူတို့ ခရီးမှန်၏ လမ်းဆုံးမှာ အလျှံညီးညီးတောက်လောက်နေသော မွန်းတည့်နေ ဖြစ်၏။ ဤကြီးမားကျယ်ပြော ကြမ်းတမ်းခက်ခဲသည့် ခရီးအတွက် သူတို့၏ တက်ကြွမြင့်မောက်သော စိတ်ဓာတ်နှင့်အတူ ရှောက်ဖျော်ရည်ပုလင်းနှစ်ထောင်နှင့် ဘီယာပုလင်းတစ်ထောင်ကို ထုပ်ပိုး သယ်ဆောင်လာခဲ့ကြသည်။ နေက သူတို့ကို ယခုကဲ့သို့ ပြုတ်ထားသလို ရှိစေသည့်အခါ သူတို့သည် ကဗျာအပိုင်းအစများကို အမှတ်ရကာ ကိုးကား ရွတ်ဆိုကြသည်။

"နေရဲ့ ရွှေရောင်ပန်းသီးများ... "

"ယိစ်ရဲ့ကဗျာ... "

"ကြောက်ရွံ့ခြင်းဟာ နေလောက် မပူဘူးတဲ့... "

"ရှိတ်စ်စပီးယား ဟုတ်တာပေါ့... "

ရွှေခွက်၊ စတိန်းဘက်၊ ရွှေရဲ့အညစ်အကြေး၊ စတက်ဖင်စ်၊ ပြီးတော့ သက်တန့်တစ်ခုရဲ့ အဆုံးမှာရှိတဲ့ ရွှေအိုးလား။ ဒါဟာ ပစ် လိုက်တဲ့ ကျည်ဆန်တစ်ခုရဲ့လမ်းကြောင်းလို တို့သွားနေတဲ့ခရီးကို ဘုရား သခင်က ပေးတဲ့နာမည်ပဲ။ သက်တန့်တဲ့... ။

"အပူချိန်... "

"ဖာရင်ဟိုက် ဒီဂရီတစ်ထောင်... "

အာကာသယာဉ်၏ လက်ဝဲဘက်ရှိ ကြီးမားမည်းမှောင်သော မှန်ဘီလူးမှတစ်ဆင့် ကက်ပတိန်သည် ပြူးကြောင်ကြောင် ငေးကြည့် လိုက်သည်။ သူတို့ဦးတည်ချက်မှာ နေဖြစ်ပြီး ထိုနေကို သွားကာထိဖို့ ဖြစ်သည်။ ပြီးတော့ ထိုအရာ၏ တစ်စိတ်တစ်ပိုင်းကို ထာဝရ အဝေးကို ခိုးယူသွားဖို့ဆိုသည်မှာ ဘယ်သူမျှ ဟန့်တားနှောင့်ယှက်ခြင်း မပြုနိုင်သည့် သူ၏တစ်ခုတည်းသော အကြံအစည် ဖြစ်သည်။ သူတို့ယာဉ်ကို အေး

www.burmeseclassic.com


အောင်ပြုသည့် အလေ့အကျင့် အတွေ့အကြုံများနှင့် သိမ်မွေ့စွာ အေးနေရန် တည်ဆောက်ထားသည်။

ရေခဲတုံးခန်းမြောင်းများ၊ နို့နှစ်ရောင် ဆီးနှင်းခဲခန်းမြောင်းများ၊ ဇဝက်သာဆောင်းရာသီခန်းမြောင်းများ၊ နှင်းချပ်နှင်းလွှာမုန်တိုင်းများ တိုက်ခတ်နေသည့် ခန်းမြောင်းများဖြင့် ဖွဲ့စည်းတည်ဆောက်ထားသည်။ အာကာသယာဉ်၏အခွံကို လောင်မြိုက်မည်ဟု ကြီးမားသော မီးဖိုချောင်မှ လွင့်ပါးလာသော မီးပွားများသည် ဆောင်းရာသီအခန်းကို ဖြတ်ကျော်ယိုစိမ့်မိသည်နှင့် မီးသက် တိုတောင်းစွာချုပ်ငြိမ်း၍ အအေးဆုံး ဖေဖော်ဝါရီ၏ နာရီများသဖွယ် ခဏတဖြုတ် အိပ်ပျော်သွားပေမည်။ မြောက်ဝင် ရိုးစွန်းလို တိတ်ဆိတ်နေရာမှ ရုပ်မြင်သံကြားအပူချိန်တိုင်းကိရိယာ၏ အသံသဲ့သဲ့က ထွက်ပေါ်လာ၏။

"အပူချိန် ဖာရင်ဟိုက် ဒီဂရီနှစ်ထောင်... "

ဖွန်၏ရင်ခွင်ထဲသို့ ကျဆင်းနေသော နှင်းချပ်နှင်းလွှာများလို ကက်ပတိန်၏ခေါင်းထဲတွင် ကြံဆစဉ်းစားမှုများ ကျဆင်းနေသည်။ ပူနွေး သော ဇူလိုင်။ ပြီးတော့ သြဂုတ်ရဲ့ ပူအိုက်၍ အားအင်ကုန်ခန်းနေသော နေ့ရက်များ။

"ဖာရင်ဟိုက် ဒီဂရီသုံးထောင်... "

ဆီးနှင်းပိုင်နက်အင်ဂျင်များ၏ ကွပ်ကဲမှုအောက်တွင် အမြန်ပြေးလွှားနေသည်။ အေးမြစေရန် ပြုလုပ်ထားသော ပန့်သည် နှင်းခဲများ စပါးကြီးမြွေလို ရစ်ခွေဖုံးအုပ်ထားသည့် ကွိုင်များဖြင့် တစ်နာရီ မိုင်တစ်သောင်းကျ စုပ်ယူနေ၏။

"ဖာရင်ဟိုက် ဒီဂရီလေးထောင်... "

ဇူလိုင်နွေမွန်းတည့်။

"ဖာရင်ဟိုက် ဒီဂရီငါးထောင်... "

နောက်ဆုံးတွင် ကက်ပတိန်က ခရီးတစ်လျှောက်လုံးမှာ

အဆိတ်ငြိမ်ဆုံးဖြစ်သော အသံဖြင့် ပြောလိုက်၏။

"အခု တို့ နေကို ထိမိပြီ... "

သူတို့ စောင့်ကြည့်နေကြသည်။ ထိုအပူချိန်သည် ရွှေကို အရည်ပျော်စေနိုင်ကြောင်း စဉ်းစားနေမိကြ၏။

"ဖာရင်ဟိုက် ဒီဂရီခုနစ်ထောင်... "

ထူးထူးဆန်းဆန်း စက်ဖြင့် လုပ်ထားသော အပူချိန်တိုင်း ကိရိယာက လှုပ်ရှားထကြွသည့် အသံကို ပြုနေသော်လည်း သူသည် ခံစားမှုကင်းမဲ့သော သံမဏိဆန်သည့် အသံကိုသာ ပိုင်ဆိုင်ရှာသည်။

"ဘယ်အချိန်ရှိပြီလဲ... "

တစ်ယောက်က မေးလိုက်သည်။

လူတိုင်း ပြုံးမိကြ၏။ ယခုအခါ နေသည် တစ်စင်းသာ ရှိသည့်အတွက် ဖြစ်သည်။ ဒီနေ ပြီးတော့ ဒီနေ။ ဒီမှာ အလုံးစုံသည် မိုးကုပ်စက်ဝိုင်း ဖြစ်သည်။ ဒီမှာ အလုံးစုံသည် ရှေ့ရှုရာအရပ် ဖြစ်သည်။ ထိုအရာက မိနစ်များ၊ စက္ကန့်များ၊ သဲနာရီများ၊ စက်နာရီများကို လောင်ကျွမ်း ခဲ့သည်။ ထိုအရာက မျက်ခွံများ၊ မျက်ခွံများနောက်ကွယ်မှ အမှောင် ကမ္ဘာ၏သားနံ့ရည်၊ မျက်စိအာရုံကြော၊ ပုန်းနေသော ဦးနှောက်တို့ကို လောင်ကျွမ်းခဲ့သည်။ အိပ်ခြင်း၊ အိပ်ခြင်း၏ ချိုမြိန်သော အမှတ်ရဖွယ်များနှင့် အေးမြသော ညအလှကိုလည်း ထိုအရာက လောင်ကျွမ်းခဲ့သည်။

"စောင့်ကြည့်ကြစို့... "

"ကက်ပတိန်... "

ပထမအရာရှိ ဘရက်တွန်သည် ဆောင်းရာသီကုန်းပတ်ပေါ်သို့ အရုပ်ကြိုးပြတ် လဲကျသွားသည်။ သူ့ကို အကာအကွယ်ပေးနိုင်သည့် ဝတ်စုံမှာ ပေါက်ကွဲပွင့်ထွက်နေကာ ထိုနေရာမှ တဝီဝီအသံမြည်နေသည်။ သူ့ရဲ့ပူနွေးခြင်း၊ သူ့ရဲ့အောက်စီဂျင်၊ ပြီးတော့ သူ့ဘဝ၊ အားလုံး

www.burmeseclassic.com


သည် ဆီးနှင်းခဲပေါင်းချောင်ထဲတွင် ပွင့်ကြွေခဲ့ပြီ။

"မြန်မြန်လုပ်စမ်း... "

ဘရက်တွန်၏ ပလတ်စတစ်မျက်နှာဖုံးအတွင်း နို့နှစ်ဖန်သတ္တု သည် ကြည့်မြင်မရအောင် အကွက်များ ပိတ်ကာ ပျက်စီးပြီး ဖြစ်နေ သည်။ သူတို့ ဝိုင်းညွတ်ကြည့်ကြသည်။

"သူ့ဝတ်စုံဟာ အဓိက အပြစ်အနာအဆာပဲ ကက်ပတိန် သေရှာပြီ... "

"သူ့ကို ခဲထားလိုက်... "

နှင်းကျနေသည့် ယာဉ်အတွင်းရှိ ဆောင်း၏အခြေအနေကို ပြသော တခြားသာမိုမီတာကို သူတို့ ငေးကြောင်ကြည့်ကြသည်။ ဒီဂရီ တစ်ထောင်မှ သုညအောက်သို့ ကျဆင်းသွား၏။ ကက်ပတိန်က နှင်းခဲ ရုပ်ကို စူးစိုက်ကြည့်နေသည်။ သူ့စောင့်ကြည့်နေခိုက် မျက်စိတစ်မှိတ် အတွင်းမှာပင် ဖန်သတ္တုကို ရေခဲဖုံးအုပ်သွား၏။ အအေးဆုံးအခြေအနေ ၏ ထင်မှတ်ထားသောအဖြစ်ဟု သူ တွေးမိသည်။ လူက မီးကို ကြောက်ရွံ့ သည်။ နှင်းသတ်၍ သေ၏။

ကက်ပတိန်က ထိုနေရာမှ လှည့်ထွက်သွားသည်။

"အချိန်ဆိုတာ မရှိဘူး... အချိန်ဆိုတာ မရှိဘူး... သူ လဲလျောင်းနေပါစေ... "

သူသည် ခံစားမှုဖြင့် ရေရွတ်နေသည်။

"အပူချိန်ဘယ်လောက်ရှိသလဲ... "

အိမ်မြှောင်လက်တံနှင့် ဒိုင်ခွက်များက ဒီဂရီလေးထောင်ကို ခုန်သွား၏။

"ကြည့်စမ်း... ကြည့်ကြစမ်းပါဦး... "

သူတို့၏ရေခဲပန်းဆွဲများမှာ အရည်ပျော်ကျနေသည်။

မျက်နှာကျက်ကို ကြည့်ပြီး ကက်ပတိန်က သူ့ခေါင်းကို

www.burmeseclassic.com


ဆတ်ခနဲ ခါလိုက်၏။ အကယ်၍ သူ့ခေါင်းထဲတွင် တပ်ဆင်ထားသည့် တစ်ခုတည်းသော ကြည်လင်သည့် မှတ်ဉာဏ်ကိုသာ ရုပ်ရှင်ပြစက်တစ်ခု ထဲသို့ ထိုးထည့်လိုက်မည်ဆိုလျှင် ကလေးဘဝက ပြောင်လှောင်စရာ ရှုခင်းတစ်ခုသာ သူ့စိတ် စူးစိုက်ရာအဖြစ် တွေ့ရပေလိမ့်မည်။

ဆောင်းနံနက်ခင်းတွင် ကောင်လေးတစ်ကောင်သည် ဆောင်း ရာသီ၏နောက်ဆုံး ရေခဲပန်းဆွဲအဖြစ် နေရောင်လက်သည်ကို ကြည့်ရန် နှင်းနံ့သင်းသော လေကိုရှူ၍ သူ့အိပ်ခန်းပြတင်းကို မှီကာနေသည်။ အေးမြခြင်း၏သွေး၊ ဝိုင်ဖြူများ တစ်စက်စက်ကျနေစေကာမူ ပူနွေးသော ဧပြီသည် ကြည်လင်သော ဖန်ပြားပေါ်သို့ သက်ရောက်လာ၏။ ဒီဇင်ဘာ လက်နက်၏ အန္တရာယ်မှာ လျင်မြန်စွာ လျှော့ပါးသွား၏။ နောက်ဆုံးတွင် ရေခဲပန်းဆွဲသည် ကျောက်ခင်းထားသည့် လမ်းပေါ်သို့ တူရိယာသံ တစ်ချက်ပြုကာ ပြုတ်ကျသွားလေသည်။

"အရန်ထားတဲ့ပန့် ပျက်သွားပြီ ကက်ပတိန်... ကျွန်တော် တို့ ရေခဲတွေကို ဆုံးရှုံးရတော့မယ်... "

ပူနွေးသော မိုးစက်ရေပန်းများ သူတို့ပေါ်သို့ ဖြာကျလာ၏။ ကက်ပတိန်က သူ့ခေါင်းကို ဘယ်ညာယမ်းခါလိုက်သည်။

"အန္တရာယ်ကို မြင်ပါသလား... ဘုရားသခင် ဒီအတိုင်း မနေပါနဲ့... ကျုပ်တို့မှာ အချိန်မရှိတော့ဘူး... "

လူများ တိုးဝှေ့ပြေးလွှားနေကြသည်။ ကက်ပတိန်သည် ကျိန်စာမိနေသလို ပူနွေးသော မိုးထဲတွင် ရပ်ကာ အအေးပေးစက်ကို သူ့လက်ဖြင့် အပြေးအလွှား ထိစမ်းရှာဖွေနေ၏။ ထိုစဉ်အခိုက်မှာပင် မလှပသော အနာဂတ်ကို သူမြင်နေရသည်။ အာကာသယာဉ်၏ ပျားအုံ သဖွယ် အကန့်မြှောင်အခွံများ အပူရှိန်ကြောင့် ကွာနေသည်ကို သူ မြင်ရသည်။ ယာဉ်ထဲရှိ လူများကို ထိုအချက်က ဘယ်သို့ ဖြစ်တော့မည် ကို ထုတ်ဖော်ပြနေ၏။ ပြေးလွှားနေကြသည်။ ပြေးလွှားနေကြသည်။

www.burmeseclassic.com


အသံသေးအသံကြောင်ဖြင့် အော်ဟစ်နေကြသည်။ အနက်ရောင် ရေညှိဖုံးနေသည့် အာကာသဟင်းလင်းပြင်ထဲတွင် ဘဝများသည် ကြောက်လန့်တကြား မြည်ဟိန်းသံဖြင့် နစ်မြုပ်သွားတော့မည်။ ကျယ်လောင်စူးရှသော အော်သံ သင့်လည်းမျိုသို့ ရောက်မလာမီမှာပင် အာကာသက ထိုအရာကို ညှစ်ထုတ်ပစ်လိုက်မည်။ အလျှံတရဲရဲ တောက်လောင်နေသော မီးခြစ်သေတ္တာထဲမှ ပုရွက်ဆိတ်များလို။

လူတွေ သုတ်သုတ်ပျာပျာ ပြေးကြသည်။ အာကာသယာဉ်မှ ချော်ရည်များ တစ်စက်စီ ယိုစီးကျနေသည်။ ရေခိုးရေငွေ့များ ပန်း၍ ထွက်လာသည်။ သွားပြီ။ အားလုံးသွားပြီ။

"ကက်ပတိန်... "

ထမင်းလုံးတစ္ဆေ ချောက်ခြင်းကို အဝေးသို့ ပုတ်ထုတ်လိုက်၏။

"ဒီကို လာကြည့်ပါဦး... "

အပေါ်ထပ်မှ ပူနွေးသော မိုးစက်များကျရာ အောက်တွင် သူ အလုပ်လုပ်နေသည်။ သူသည် အရန်ပန့်ကို ယောင်ကမ်းကမ်း စမ်းနှိုက်နေ၏။

"သေပဲ့ နန္ဒိယ... "

ကောက်ကွေးနေသော ပြွန်လိုင်းကို သူ ဆောင့်တွန်းလိုက်သည်။ ဆိုက်ရောက်လာတော့မည်။ ထိုအရာသည် သေခြင်းတရားသမိုင်းတွင် အလျင်အမြန် သေဆုံးခြင်း ဖြစ်ပေလိမ့်မည်။ တဒင်္ဂခဏ စူးစူးဝါးဝါးအော်သံ။ မျက်စိတစ်မှိတ်မျှ ပူနွေးဝင်းလက်ပြီးသည့်နောက်တွင်... ။

မရေမတွက်နိုင်သည့် တန်ပေါင်းများစွာသော အာကာသ မီးတောက်ထဲတွင် အသံတိုးတိုးမျှသာ ဖြစ်ပေလိမ့်မည်။ တခြားဟင်းလင်းပြင်အာကာသဆီမှ ဘာမျှကြားရလိမ့်မည် မဟုတ်။ သတ္တုကျိုသည့်

www.burmeseclassic.com

မီးဖိုထဲမှ စတော်ဗယ်ရီသီးများလို သူတို့၏ ခန္ဓာကိုယ်များ၊ မီးသွေးတုံးအဖြစ် အကင်မခံရမီ ခြောက်သွေ့သောလေကို ရှူရှိုက်ရင်း သူတို့အတွေးများ လေးလံလာကြသည်။

"သွားရော့ကွာ... "

သူက စကူဒရိုင်ဘာနှင့် အရန်ပန့်ကို ထိုးလိုက်၏။

"အို အဖဘုရားသခင်... "

သူ ရုတ်တရက် ကြောက်လန့်တုန်လှုပ်လာသည်။ ဒါဟာ ပြီးပြည့်စုံတဲ့ ချေမှုန်းခြင်းပါပဲ။ သူသည် မျက်ခွံကို အတင်းပိတ်ကာ အံကြိတ်ထားသည်။ သူ စဉ်းစားကြည့်နေသည်။ တပည့်တော်တို့ ဒီထက်အေးဆေးသက်သာစွာ သေဆုံးပါရစေ။ အခုတော့ မိနစ်နှင့်နာရီကို ချိန်ဆနေရပါသည်။ စက္ကန့်နှစ်ဆယ်ရှိခဲ့ပြီ။ ဆာလောင်မွတ်သိပ်နေတဲ့ အသိဉာဏ်မဲ့တဲ့အရာဟာ ကျုပ်တို့ကို စားဖို့ စောင့်ဆိုင်းနေလေသည်။

"ကက်ပတိန်... ကျုပ်တို့ ရုန်းထွက်မလား... ဒီလိုပဲအသေခံမလား... "

"ခွက်ကို အသင့်ပြင်... ဒါကိုတော့ ရအောင် ယူမယ်... ဒီကိစ္စ ပြီးမြောက်ရမယ်... "

သူသည် ကိုယ်ကို လှည့်ပြီး ဧရာမခွက်ကြီးကို အလုပ်လုပ်စေသည့် စက်ကိရိယာပေါ် လက်တင်လိုက်၏။ သူ့လက်ချောင်းများကို စက်ရုပ်လက်အိတ်ထဲသို့ ထိုးသွင်းလိုက်သည်။ သူ၏လက်များကို ဆောင့်ဆွဲလိုက်သောအခါ အာကာသယာဉ်အောက်ခြေမှ အလွန်ကြီးမားသော သတ္တုလက်ချောင်းများနှင့် ဧရာမခွက်ကြီးသည် လှုပ်ရှား၍ လာ၏။ ကြီးမားသော ပရိမီသီးယပ်စ်ဆီမှ ကြီးမားသော သတ္တုလက်သည် အသာအယာ လျှောထွက်သွားသည်။ နေ၏အသွေးအသားမဲ့သော သွေးသား၊ ပြီးတော့ အသက်မရှူတဲ့ခန္ဓာမဲ့ ခန္ဓာ။

ဟို လွန်ခဲ့သော အနှစ်တစ်သန်းလောက်က ကက်ပတိန်

www.burmeseclassic.com


သည် သူ့လက်နှင့်ခွက်ကို လှုပ်ရှားနေသလို လျင်မြန်စွာလည်း စဉ်းစားနေမိသည်။ လွန်ခဲ့သော အနှစ်တစ်သန်းက မြောက်အရပ်မှ ကိုယ်လုံးတီးအထီးကျန် လူသားသည် မိုးကြိုးခထားသော သစ်ပင်ကို တွေ့ခဲ့ရသည်။ သူ၏ မျိုးတူလူစုက စွန့်ပစ်ထားခြင်းခံရသောအခါ ဖြစ်၏။ သူသည် မီးလောင်နေသော အကိုင်းအခက်များကို ဗလာလက်ဖြင့် ချိုးရူးခဲ့၏။ ကြီးစွာသော အောင်နိုင်ခြင်းပင်။ ထိုအရာကို သူ့ဂူဆီသို့ ယူဆောင်လာခိုက် မိုးဒဏ်မှ သူ့ခန္ဓာကိုယ်နှင့် အကာအကွယ် ပေးခဲ့ရ၏။ ဂူထဲတွင် သူသည် ထိုအရာ မိုးပေါ်သို့ ပစ်မြောက်ကာ အသံသေးအသံကြောင်ဖြင့် ရယ်လေသည်။ ထို့နောက် ထိုအရာကို တိုးပွားအောင်ပြုကာ သူ့လူများအတွက် နွေးကို ပေးချန်ထားခဲ့၏။ နောက်ဆုံးတော့ အကြီးအကဲဟူသည် မီးအနီးသို့ ချောက်ချားစွာ ချွတ်နင်းသွားပြီး သူတို့၏ ဆုတ်ဆိုင်းရုံ့တွန့်သည့်လက်များကို ဂရုမထားဘဲ ဥတုအသစ်ကို ဖန်တီးပေးခဲ့သူ ဖြစ်၏။ ဤသေးငယ်သော အဝါရောင်အစက်က ရာသီကို ပြောင်းလဲစေခဲ့သည်။ နောက်ဆုံးတွင် သူတို့အားလုံး တုန်တုန်ယင်ယင် ပြုံးမိကြသည်။ သူတို့အတွက် မီး၏လက်ဆောင်ဖြစ်သည်။

"ကက်ပတိန်... "

ကြီးမားသော လက်ကြီးနှင့် ဗလာခွက်ကို မီးသားပြင်ထဲသို့ ထိုးသွင်းဖို့ လေးစက္ကန့် အချိန်ယူခဲ့ရသည်။ ကျုပ်တို့လည်း ဒီနေ့ဒီမှာ တခြားစမ်းသပ်မှုကို ပြုလုပ်နေပြန်ပါပြီဟု သူတွေးမိ၏။ လက်နှင့် အပြည့် ဆန့်ကျင်ဘက်မီးကို ယူကာ အေးစက်သော အာကာသထဲသို့ ပြန်ရပေ မည်။ ထိုမီးသည် ကျွန်ုပ်တို့အတွက် လမ်းပြအလင်း ဖြစ်သည်။ ကမ္ဘာ မြေကြီးအတွက် ယူဆောင်သွားမည့် အရာရာတိုင်းကို လောင်ကျွမ်းမည့် မီးလက်ဆောင်။ ဘာကြောင့်လဲ။ မေးခွန်းမဆုံးခင် အဖြေကို သူသိပြီး ဖြစ်နေသည်။

အဘယ်ကြောင့်ဆိုသော် ကမ္ဘာမြေကြီးပေါ်တွင် အဏုမြူကို

နေမျိုးစာပဒေသာ

www.burmeseclassic.com


ကျွန်ုပ်တို့ လက်နှင့် လုပ်ကြ၏။ ကရုဏာသက်စရာ ကောင်းလှသည်။ အဏ္ဏုမြူဖုံးသည် ကရုဏာသက်စရာ ကောင်း၏။ သေးငယ်၏။ ကျွန်ုပ်တို့ အသိဉာဏ်များသည်လည်း ကရုဏာသက်စရာ ကောင်း၏။ သေးငယ်၏။ ကျွန်ုပ်တို့ ဘာကိုသိလိုသည်ဆိုသည်ကို အမှန်တကယ် နေကသာ သိသည်။ ထိုအရာမှာ နေ၏လျှို့ဝှက်ချက်သာ ဖြစ်သည်။ ပြီးတော့...

ထိုမှတစ်ပါး ဤနေပေါ်ကို ရောက်နေသည့် ကြီးကျယ်သော ကိစ္စမှာလည်း ထုရိုက်ပြီး ထွက်ပြေးသည့် စိန်ပြေးတမ်းကစားနည်းလို ရယ်စရာတစ်ခု၊ ကံကော်မှုတစ်ခုသာ ဖြစ်လေသည်။ ကြက်ဇလုတ်မှ လွတ်မြောက်ပြီး၊ ခြသေ့်ဆီသို့ ထိုးထုတ်ရန် ခုန်သွားသည့် သေးငယ်သော အင်းဆက်လူ၏ မာနတရားနှင့် အချည်းနှီးဖြစ်ခြင်း ဆိုတာကလွဲလို့ အမှန်တိုင်းပြောရလျှင် တခြားသက်သေပြစရာ မရှိချေ။ အကျွန်ုပ်၏ အဖဘုရားသခင်။ အကျွန်ုပ်တို့သည် ပြောတိုင်းလုပ်ပါပေသည်။

ဤနေရာသည် ကျွန်ုပ်တို့၏ စွမ်းအင်ခွက် ဖြစ်သည်။ အသင်ရော၊ ယင်းကို... မည်သို့ ခေါ်မည်နည်း။ ထိုအရာဖြင့် ကျွန်ုပ်တို့ မြို့များ အားအင်ဖြစ်စေသည်။ ကျွန်ုပ်တို့၏ သင်္ဘောများ ရွက်လွင့်စေသည်။ ကျွန်ုပ်တို့၏ စာကြည့်တိုက်များ လင်းချင်းစေသည်။ ကျွန်ုပ်တို့၏ ကလေးများကို နေစာလှုံထားသော ဝါညိုညို အသားအရေ ရှိစေသည်။ ကျွန်ုပ်တို့၏ နေ့စဉ်သုံး ပေါင်မုန့်များကို ဖုတ်ကျက်စေသည်။ ပြီးလျှင် ဤကိစ္စကို ပြီးမြောက်အောင် ဆောင်ရွက်နိုင်ခြင်းဖြင့် ကျွန်ုပ်တို့၏ လောကဓာတ်တစ်ခုလုံးနှင့်ဆိုင်သော ဗဟုသုတကို နှောင်အနှစ်တစ်ထောင် တိုင်သည့်တိုင်အောင် ဆူလုနီးပါး ပွက်ဝေစေနိုင်ပေမည်။

ဒီမှာ ဤခွက်ထဲမှာ...

သိပ္ပံပညာနဲ့ ဘာသာတရားရဲ့ လူချွန်လူမွန်တွေ၊

သောက်လိုက်စမ်းပါ။ လူတိုင်းကိုယ်စီ ရှိနေတဲ့ မည်းမှောင်ကြီးမားတဲ့ ကြောက်ရွံ့ခြင်းမှ၊ ပြီးတော့ သဒ္ဓါကင်းမဲ့ခြင်း၏ အေးစက်သော

www.burmeseclassic.com

လေ၊ အယူသည်းခြင်း၏ ရှည်လျားသော နှင်းရက်များ၊ မိုက်မဲတွေဝေခြင်း၏ညနှင့် ဖီလာဖြစ်ကာ သင်ကိုယ်တိုင် ပူနွေးလာပေလိမ့်မည်။ ထို့ကြောင့် သူတောင်းစား၏ခွက်နှင့် ကျွန်ုပ်တို့၏လက်ကို ဆန့်ထုတ်လိုက်သည်။

"အား... "

ခွက်က နေထဲကို နစ်ဝင်သွားသည်။ ဒါဟာ ဘုရားသခင်ရဲ့ အသားတစ်ဖဲ့... စကြဝဠာရဲ့သွေး၊ အလျှံညီးညီးတောက်လောင်နေတဲ့ အကြံဉာဏ်၊ ကန်းနေတဲ့ အတွေးအခေါ်ကို ခွက်နဲ့ ကော်ခြင်း ဖြစ်သည်။ ထိုအရာသည် ဓာတ်မြစ်မူလ နဂါးငွေ့တန်းမှ ထွက်ခွာကာ သူတို့ပိုင်နက်ဂြိုဟ်များဆီသို့ ပျံ့နှံ့သွားပေမည်။

"ကဲ... ခပ်ဖြည်းဖြည်း... ဖြည်းဖြည်း... "

ကက်ပတိန်က လေသံဖြင့် ပြော၏။

"ဒါကို ကျွန်တော်တို့ အထဲကို ဆွဲသွင်းလိုက်ရင် ဘာဖြစ်လာနိုင်သလဲ ကက်ပတိန်... အခု အဲဒါက သိပ်ပူနေပြီ... အချိန်စေ့လောက်ပြီ ထင်ပါရဲ့... "

"ဘုရားပဲ သိတယ်... "

"အရန်ပန့်ကို လုံးဝပြင်ပြီးသွားပါပြီ ကက်ပတိန်... "

"စနိုးတော့... "

ပန့်က လှုပ်ခုန်လာ၏။

"ခွက်ကို ဖုံးလိုက်တော့... အထဲကို သွင်းမယ်... ဖြည်းဖြည်း... "

လှပသော လက်များကို အပြင်ထုတ်ထားသည့် အာကာသယာဉ် တုန်လှုပ်နေပုံမှာ သူ၏ကိုယ်ပိုင်အမူအရာဖြင့် ကြောက်စရာကောင်းခြင်းကို ပုံဖော်နေသကဲ့သို့ ရှိသည်။ အာကာသယာဉ်၏ကိုယ်ထည်ထဲသို့ အသံမမြည်စေဘဲ ဆီဖြည့်ထည့်သည်။ ခွက်ကြီး၏အဖုံးကို ပိတ်လိုက်၏။

တစ်စက်စက် ယိုစီးနေသည့် ပန်းဝါဝါများနှင့် ကြယ်ဖြူဖြူများကို နက်ရှိုင်းသော စောက်ထဲဝယ် ထိုးသွင်းသိမ်းဆည်းထားလိုက်သည်။ ရုပ်မြင်သံကြားသာမိုမီတာက ပုံရိပ်ထင်လာ၏။ လေအေးပေးစက် ယန္တရားက ပြန်လည်တုံ့ကန်လာသည်။ ဉာဏ်ထုံထိုင်းစွာ အော်ဟစ်နေသော ဦးခေါင်းထဲမှ သွေးများလို၊ ဇဝက်သာပါသော အရည်များသည် ယာဉ်၏နံရံများကို ပြင်းထန်စွာ ရိုက်ဆောင့်နေ၏။ အပြင်ကို ကြည့်သည့် တံခါးအား သူ ပိတ်လိုက်သည်။

ကဲ...

သူတို့ စောင့်ကြည့်နေကြသည်။ အာကာသယာဉ်၏ သွေးများလည်ပတ်လာသည်။ အာကာသယာဉ်၏ နှလုံးသည် စည်းချက်ကျကျ တိုးခုန်လာ၏။ ထိုနှလုံးသားထဲတွင် ရွှေခွက်ရှိသည်။ အေးစက်သော သွေးသည် ယာဉ်၏အောက်ခြေတစ်လျှောက် ရောက်အောင် လျင်မြန်စွာ ပြေးလွှားသွားသည်။

ကက်ပတိန်သည် ဖြည်းလေးစွာ အသက်ရှူနေ၏။

မျက်နှာကျက်ဆီမှ ရေခဲများ အရည်ပျော်၍ တစ်စက်စက် ယိုစီးကျနေခြင်းမှာ ရပ်တန့်သွားသည်။ ထိုအရာမှာတစ်ဖန် ပြန်၍ ခဲသွားလေပြီ။

"ဒီက ခွာကြစို့... "

အာကာသယာဉ်သည် ကြွတက်ပျံသန်းလာသည်။

"နားထောင်ကြစမ်း... "

အာကာသယာဉ်၏ နှလုံးခုန်သံမှာ တိုးညှင်းလှသည်။ ဒိုင်ခွက်များမှ အိမ်မြှောင်သည် ထောင်နှင့်ချီကာ လည်ပတ်ကျဆင်း သွားသည်။ မမြင်နိုင်သော မလိုအပ်သည့် တဒီးဒီးမြည်သံသာ ထွက်ပေါ်နေ၏။ သာမိုမီတာမှ မန္တန်ရွတ်သံသည် ရာသီဥတုကို ပြောင်းလဲ သွားစေသည်။ အခုတော့ သူတို့အားလုံးအတူတူ စဉ်းစားနေမိကြသည်။ မီးတောက်

နေမျိုးစာပဒေသာ

www.burmeseclassic.com

မီးလျှံနှင့် လောင်ကျွမ်းခြင်း၊ အပူရှိန်နှင့် အရည်ပျော်ခြင်း၊ အဝါနဲ့အဖြူတို့မှ ဝေးရာရောက်အောင် တွန်းခွာနိုင်ခဲ့ကြပြီ။ အခု အမှောင်နှင့် အေးစက်ခြင်းဆီသို့ ခရီးနှင်လေပြီ။ နာရီနှစ်ဆယ်အတွင်း သူတို့သည် အအေးဓာတ်ပေးနိုင်သော အရာတချို့ကို ဖြုတ်ပစ်ကောင်း ဖြုတ်ပစ်ရပေမည်။ မကြာမီ သူတို့သည် ညထဲတွင် လှုပ်ရှားနေပေမည်။ အေးစက်ခြင်းသည် သူတို့အာကာသယာဉ်၏ မီးဖိုအသစ်အတွက် အသုံးပြုရန် လိုအပ်သော စွမ်းအားဖြစ်လာပေမည်။ သူတို့ ယခု သယ်ဆောင်လာသော မီးကို အပူရှိန်မကျသွားအောင် မမွေးဖွားရသေးသော ကလေးကဲ့သို့ အကာအကွယ်ပေးရပေမည်။

သူတို့ အိမ်ပြန်နေကြသည်။

သူတို့ အိမ်ပြန်နေကြသည်။ ဖြစ်ပျက်ခဲ့သည့် အချိန်မှာ တိုတောင်းလွန်းလှသည်။ သို့သော် ထိုတိုတောင်းတာနှင့် မညီမျှအောင်ပင်... သူသည် ဆောင်းနှင်းဖြူအချပ်အလွှာတစ်ခုထဲတွင် လဲလျောင်းနေသော ဘရက်တွန်၏ခန္ဓာကိုယ်ကြီးကို စောင့်ရှောက်နေရသည်။ နှစ်မကြာသေးမီက သူ ရေးခဲ့သော ကဗျာတစ်ပုဒ်ကို ကက်ပတိန်သည် အမှတ်ရလာ၏။

“တစ်ခါတစ်ရံ နေကို လောင်ကျွမ်းနေတဲ့သစ်ပင်လို့ ငါမြင်တယ်... နေရဲ့ရွှေရောင်သစ်သီးတွေဟာ လေမဲ့လေထဲမှာ တောက်ပြောင်စွာ လွှဲယမ်းနေရဲ့... လူနဲ့ ကမ္ဘာရဲ့ဆွဲအားကြောင့် နေရဲ့ပန်းသီးတွေဟာ တိုးပွားလာတယ်... သူတို့ရှိသမျှ နေရာတိုင်းမှာ သူတို့ရဲ့ ပူဇော်ကော်ရော်မှုဟာ အသက်ရှင်နေလိမ့်မယ်... ။

လူတစ်ယောက် နေကို ကြည့်မြင်သကဲ့သို့...

နေဟာ တောက်လောင်နေတဲ့ သစ်ပင် ဖြစ်တယ်... ”

ကက်ပတိန်သည် အလောင်း၏အနီးတွင် အချိန်ကြာမြင့်စွာ ထိုင်နေ၏။ သူသည် အခြားအရာများနှင့် ခွဲခြားခံထားရသလို ခံစားနေ

www.burmeseclassic.com


ရသည်။ လက်နှင့်အပြည့် ဒန်ဒီလီယွန်ပန်းများကို ပွေ့ပိုက်ကာ ကျောင်းမှ အိမ်သို့ ပြန်လာသော လူငယ်ကလေးတစ်ယောက်ကဲ့သို့ သူ ဝမ်းနည်းဝမ်းသာ ခံစားနေရကြောင်း သူ တွေးမိ၏။

ကဲ... ကက်ပတိန်သည် မျက်စိများပိတ်ကာ ထိုင်နေရင်းက သက်ပြင်းချကာ ပြောလိုက်သည်။

"ကဲ တို့အခု ဘယ်သွားကြမလဲ... အဲ အခု တို့ ဘယ်ကို သွားနေတာလဲ... "

သူ့လူများသည် သူ့ဘေးပတ်လည်တွင် ထိုင်လျက်တချို့ ရပ်လျက်တချို့ ရှိကြသည်။ သူတို့၏ချောက်ချားစရာကိစ္စကား သေဆုံးခဲ့ပြီ။ သူတို့ ငြိမ်သက်စွာ အသက်ရှူနေကြ၏။

"ကျုပ်တို့ဟာ သိပ်သိပ်ရှည်တဲ့ ခရီးလမ်းကြီးတစ်ခုကို ဖြတ်သန်းပြီး နေဆီလာခဲ့ကြတယ်... နေကို ထိခဲ့ကြတယ်... ဒီခရီးမှာ လေးကန်ဖင့်နွဲ့တဲ့အခါ ဖင့်နွဲ့၊ သွက်လက် လှုပ်ခုန်တဲ့အခါ လှုပ်ခုန်၊ ကွေ့ပတ်ဝှေ့ဝိုက်သွားတဲ့အခါ ဝှေ့ဝိုက်၊ တစ်ဖြောင့်တည်း တန်းမတ်သွားတဲ့အခါ တန်းမတ်နဲ့ အခုတော့... အဲဒါတွေက ဝေးခဲ့ပြီ... နောက် တော့ ကျုပ်တို့ ဘယ်ကို သွားကြဦးမလဲ... အပူရှိန်မွန်းတည့်အလင်းနဲ့ ပျင်းရိခြင်းတွေက ဝေးကွာလာခဲ့တဲ့အခါ ခင်ဗျားတို့ ဘယ်ကို သွားမလဲ"

သူ့လူများသည် သူ့ထံမှ ထွက်ပေါ်လာမည့် အဖြေကို စောင့်စားနေကြသည်။ အေးစက်ခြင်း၊ ဖြူဖွေးခြင်း၊ နောက်လာမယ့်အရာနဲ့ သူ့ခေါင်းထဲမှ စကားလုံးများ၏ ကြည်လင်သောရာသီအားလုံးကို သူ့အပေါ် စုပုံဖို့အတွက် သူတို့ စောင့်ဆိုင်းနေကြသည်။ အိုက်စကရင်နည်းနည်းကဲ့သို့ သူ့ပါးစပ်ထဲမှ ညင်သာစွာ လိုမ့်ထွက်လာသော အဆုံးအဖြတ်စကားကို သူတို့ မြင်လိုက်ကြသည်။

"အခုလို အာကာသထဲမှာ ခရီးသွားဖို့ဆိုတာ ရှေ့ရှုရာတစ်ခုပဲ ရှိတယ်... "

www.burmeseclassic.com


သူတို့ စောင့်စားနေကြသည်။ သူတို့ စောင့်စားနေသလိုပင် အာကာသယာဉ်ကလည်း အေးစက်ခြင်းနှင့် မည်းမှောင်ခြင်းဆီသို့ အလင်းကို စွန့်ခွာကာ အလျင်အမြန် ခရီးနှင်နေသည်။

"မြောက်... "

ကက်ပတိန်က တိုးတိုးသဲ့သဲ့ ရေရွတ်လိုက်၏။ မြောက်...

ပူလောင်သော မွန်းတည့်နေ့လယ်တွင် ရုတ်တရက် လေအေးတစ်ချက် တိုက်ခတ်လာသကဲ့သို့ သူတို့အားလုံး ပြုံးလိုက်ကြလေသည်။

(အမေရိကန်သိပ္ပံဝတ္ထုရေးဆရာ Ray Bradbury ၏ The golden apples of the sun ကို ပြန်ဆိုပါသည်)

[ဒဂုန်မဂ္ဂဇင်း၊၁၉၈၅၊ဩဂုတ်လ]

www.burmeseclassic.com



www.burmeseclassic.com

# စက်နှင်းမျက်ရည်

(၁)

အခန်းသည် ဆိတ်ငြိမ်မှုဖြင့် အေးခဲနေသည်။ အခိုက်အတန့်အားဖြင့် ဤအခန်းထဲတွင် ရှိနေသော အသက်ရှူသံများ၊ နာရီများ၊ လည်ပတ်နေသော သွေးများ၊ နောက်ဆုံးလေသည်ပင် ရုတ်တရက် တုံ့ဆိုင်းတန့်ရပ်နေသကဲ့သို့ ရှိ၏။ လူအားလုံး၏ အာရုံခြောက်ပါးလုံးက အခန်းနံရံပေါ်ရှိကြီးမားသော ရုပ်မြင်သံကြားပိတ်ကားပေါ်သို့သာ စူးတွယ်ကပ်ငြိနေကြသည်။ အရေးကြီးဆုံးစက္ကန့်များ။

ရုပ်မြင်သံကြားပေါ်တွင် မည်းနက်သော ဟင်းလင်းပြင်။ သို့သော် ပိန်းပိတ်အောင်မူ မဟုတ်။ ကတ္တီပါအနက်ပေါ်တွင် စိန်စများ ဖြန့်ကြဲထားသလို ပွင့်လက်မှိန်ပျောက်နေသော ကြယ်တာရာများ ရှိနေသည်။ သေသေချာချာ လေ့လာကြည့်ရှုလျှင် ရွေ့လျားနေသော အလင်းစက် တစ်စုံတစ်ရာကို တွေ့ရှိနိုင်သည်။ ကြယ် (သို့မဟုတ်) ဥက္ကာပျံ တစ်ခုဟု အထင်မှားစရာ။ သို့သော် တကယ်တမ်းတွင်မူ ထိုအရာမှာ ဟာဇဗုန္တမာ နိုင်ငံတော်မှ သူရဲကောင်း ရာဂမ ဦးစီးသည့် လူလေးဦး လိုက်ပါလျက်ရှိသော နိဝခေါ် အာကာသလူစီးယာဉ် တစ်စီးသာလျှင် ဖြစ်ပေသည်။

နေမျိုးစာပဒေသာ

www.burmeseclassic.com


ယာဉ်ကို လပေါ်မှနေ၍ လွှတ်တင်ခဲ့၏။ ယခု နို၀ အာကာသယာဉ်၏ ခရီးလမ်းကြောင်းအား ကမ္ဘာမြေပြင်သို့ ဖမ်းယူထုတ်လွှင့်နေသည်မှာလည်း လပေါ်ရှိ ရေဒီယိုနက္ခတ္တဗေဒဌာန ထုတ်လွှင့်ရေးဌာနမှ ဖြစ်၏။ ၂၂ ရာစုခေတ်ဦးပိုင်းတွင် လူတို့သည် လကို ကောင်းစွာ ထိန်းချုပ်စိုးပိုင်နိုင်ခဲ့ပြီ ဖြစ်၏။ ကျယ်ပြောလှသော စကြ၀ဠာကို စူးစမ်းလေ့လာရန် လူသားတို့အတွက် လသည် အကောင်းဆုံး၊ ခရီးထောက်စခန်းတစ်ခု ဖြစ်နေပေပြီ။ ၂၁ ရာစုအလယ်လောက်ကပင် စ၍ လူသားတို့သည် လကို အာကာသဒုံးပျံများ လွှတ်တင်ရာစခန်းအဖြစ် စတင်အသုံးပြုလာခဲ့ကြ၏။ လပေါ်တွင် ကမ္ဘာပေါ်မှာကဲ့သို့ ရာသီဥတု မရှိ။ ထို့ကြောင့် အာကာသဒုံးပျံများကို ပစ်လွှတ်ရာတွင် မိုးရွာချိန်၊ လေထန်ချိန်ဟူ၍ ရှောင်ရှားနေစရာ မလို။ အချိန်မရွေး၊ နေ့ညမရွေး ပစ်လွှတ်နိုင်သည်။ ပြီးတော့ တစ်ခု ရှိသေးသည်။ လသည် ကမ္ဘာ့ဆွဲငင်အား၏ ခြောက်ပုံတစ်ပုံသာ ရှိ၏။ ထို့ကြောင့် ကမ္ဘာပေါ်မှာ တန်တစ်ရာ သယ်ဆောင်နိုင်သော အာကာသယာဉ်သည် လပေါ်မှသာ လွှတ်တင်လျှင် တန်ခြောက်ရာကို သယ်ဆောင်နိုင်ပေမည်။ တစ်နည်းအားဖြင့် လပေါ်မှနေ၍ အာကာသယာဉ်များကို ပစ်လွှတ်ခြင်းဖြင့် ဒုံးပျံလောင်စာဆီ ချွေတာ ရာလည်း ရောက်၏။

နက်ရှိုင်းကျယ်ပြောသည့် စကြာ၀ဠာကို ထောက်လှမ်းနိုင်သော ခေတ်သစ်ရေဒီယို နက္ခတ္တဗေဒမျှော်စင်နှင့် ထုတ်လွှင့်ရေးစခန်းများကိုလည်း ဟာဇဗုန္တမာ နိုင်ငံတော်အပါအ၀င် ကမ္ဘာပေါ်ရှိ နိုင်ငံအသီးသီးက လပေါ်တွင်သာ တည်ဆောက်ခဲ့ကြတော့၏။ လပေါ်တွင် မိုးတိမ်မရှိ၊ လေမရှိ။ တောင်ခိုးမရှိ၊ နှင်းမြူမရှိသဖြင့် အာကာသကို အနှောင့်အယှက်ကင်းစွာ လေ့လာနိုင်သည်။ လ၏ ကောင်းကင်မှာ ထာ၀ရ မည်းမှောင်နေသောကြောင့် အချိန်မရွေးလည်း လေ့လာနိုင်၏။ ယခုလည်း လပေါ်ရှိ ဟာဇဗုန္တမာ နိုင်ငံတော် ခေတ်သစ်ရေဒီယို နက္ခတ္တ

www.burmeseclassic.com


ဗေဒဌာန ထုတ်လွှင့်ရေးဌာနခွဲမှ ရိုက်ကူးထုတ်လွှင့်သည်ကို ဖမ်းယူကြည့်ရှုနေကြခြင်း ဖြစ်၏။

ဤ ပလက်တီနမ်ရောင် တောက်ပြောင်နေသော ဆိုဖာနီနီနှင့် အခန်းငယ်အတွင်းတွင် ဟာဇဗုမန္တမာနိုင်ငံတော်၏ အရေးပါ အရာရောက်သော ထိပ်သီးပုဂ္ဂိုလ်အတော်များများ ရောက်ရှိနေကြ၏။ နိုင်ငံတော် အဓိပတိလက်ထောက် တော်ဂမ၊ အမျိုးသားရူပစကြာဝဠာ အကယ်ဒမီ အကြီးအကဲ ဇာခိရို၊ အပြည်ပြည်ဆိုင်ရာ နက္ခတ္တဗေဒ ကောင်ဆယ်လာ မဟာလေသ၊ ပြီးတော့ ဤအခန်းထဲတွင် တစ်ဦးတည်းသော ရှားရှားပါးပါး မိန်းမသားဖြစ်သူ ယေဘက္က။ ယေဘက္ကသည် ဖြူဆွတ်သော အသား၊ တွန့်ခွေသော ကြေးနီရောင်ဆံပင်များနှင့် ခရမ်းရောင်မျက်လုံးများရှိသူ အသက် (၂၅) နှစ်အရွယ် မိန်းမချောတစ်ဦး ဖြစ်သည်။ သူသည် နိုင်ငံတော်တွင်သော်လည်းကောင်း၊ ဤနိုဝခရီးစဉ် "ဂနိုင်မီးဒီး" စီမံကိန်းတွင်သော်လည်းကောင်း တာဝန်ယူပတ်သက်နေသူ မဟုတ်ဘဲ ဤအခန်းထဲသို့ ထူးခြားစွာ ရောက်ရှိနေသူ ဖြစ်၏။ တစ်ခုတော့ရှိသည်။ နိုဝအာကာသယာဉ်၏ ဦးစီးယာဉ်မှူး ရာဂမဆိုသူမှာ ယေဘက္က၏ချစ်လင် ဖြစ်သည်ဆိုသော အကြောင်းသာ ဖြစ်လေသည်။

■

(၂)

နံရံပေါ်ရှိ ရုပ်မြင်သံကြားပိတ်ကား လက်ယာအပေါ်စွန်းထောင့်တွင် လုံးဝန်းသော ဂြိုဟ်တစ်ခု၏အသွင် ပေါ်ထင်နေ၏။ ယခုပိတ်ကားထက်တွင် အဆအပုံပေါင်း ထောင့်သုံးရာနှင့် ညီမျှသော ဤနေစကြဝဠာတွင် နေမှလွဲလျှင် အကြီးဆုံး ဖြစ်သည့် ဂျူပီတာဂြိုဟ်ကြီးပင် ဖြစ်ပေသည်။

နိုဝအာကာသယာဉ်ကို ထိုဂြိုဟ်ကြီးဆီသို့ ဦးတည်သွားနေဟန်မြင်နေသော်လည်း သူ၏ခရီးဆုံးမှာ ဤဂျူပီတာဂြိုဟ် မဟုတ်ချေ။ ၂၂ ရာစုအာကာသခရီးသွားလာရေးနည်းစနစ်ဆိုင်ရာ အတတ်ပညာသည် (၂၀) ရာစုမြေစမ်းခရမ်းပျိုးစဉ်ကာလကထက် ပိုမိုတိုးတက်လာသည်ဟု ဝန်ခံနိုင်စရာရှိသော်လည်း ဤဂျူပီတာဂြိုဟ်ပေါ်သို့ လူသားတို့ ခြေချနိုင်သောအဆင့်သို့မူ ရောက်ရှိမလာသေးချေ။

အပြင်ဂြိုဟ်ဟု ကမ္ဘာမှ သတ်မှတ်ထားသော ဤဂျူပီတာ၊ ဆေတန်၊ ယူရေးနပ်စ်နှင့် နက်ပကျွန်းဂြိုဟ်တို့သည် အတွင်းဂြိုဟ်ဟု ခေါ်သော မာကျူရီ၊ ဗီးနပ်စ်၊ မားစ်၊ အတ် (ကမ္ဘာ) စသော ဂြိုဟ်များ၏ တည်ဆောက်ဖွဲ့စည်းပုံနှင့် မတူ။ ဖာရင်ဟိုက်ဒီဂရီ သုညအောက် အတော်များများ ရောက်နေသော အအေးလွန်ဂြိုဟ်များ ဖြစ်၏။ ပြီးတော့ ထိုဂြိုဟ်များအနက် အအေးဆုံးဖြစ်သည့် နက်ပကျွန်းဂြိုဟ်သည်ပင်လျှင် ကမ္ဘာထက် အဆပေါင်းခြောက်ဆယ်မျှ ကြီးထွားနေသည်ဖြစ်ရာ ထိုဂြိုဟ်ပေါ်သို့ ဆင်းသက်မည့် အာကာသယာဉ်သည် ဂြိုဟ်မျက်နှာပြင်ပေါ်သို့ မရောက်မီပင် ကြောက်မက်ဖွယ် ကြီးမားပြင်းထန်သည့် လေထုဖိအားကြောင့် အစိတ်စိတ်အမွှာမွှာ ကြေမွပျက်စီးသွားမည် ဖြစ်၏။ နောက်ဆုံး ထိုဂြိုဟ်ပေါ်သို့ ဆင်းသက်နိုင်သည် ဆိုဦး၊ ထိုဂြိုဟ်များ၏ ဆွဲငင်ခာတ်သည် ကြီးမားလွန်းသောကြောင့် ပြန်လည်ရုန်းထွက်နိုင်ရန် မဖြစ်နိုင်သော အခြေအနေတွင် ရှိ၏။ ကမ္ဘာမြေပြင်မှ ရုန်းထွက်နိုင်ရန် လိုအပ်သောအရှိန်သည် တစ်စက္ကန့်လျှင် (၇)မိုင်မျှသာ ဖြစ်သော်လည်း ဂျူပီတာဂြိုဟ်ပေါ်မှ ရုန်းထွက်ရန်အတွက်မူ တစ်စက္ကန့်လျှင် (၃၇) မိုင် လိုပေမည်။ ယခု တည်ဆောက်ထားသော အာကာသယာဉ်နိုဝထက် အရှိန်အားငါးဆရှိသည့်ယာဉ်ကို တည်ဆောက်ရန်မှာ လက်ရှိအခြေအနေတွင် မဖြစ်နိုင်သေးချေ။

**ဂျူပီတာဂြိုဟ်ပေါ်ကိုဆင်းသက်ရန်မဖြစ်နိုင်သေးသော် လည်း**

နေမျိုးစာပဒေသာ

www.burmeseclassic.com


ထိုဂြိုဟ်ကို ဝန်းရံနေသော လပေါင်းဆယ့်လေးလုံး ရှိသည့်အနက် တစ်လုံးလုံးပေါ်သို့ ဆင်းသက်ရန်မှာမူ ဖြစ်နိုင်စရာ အခြေရှိပါသည်။ ယခု နိုဝ၏ ဦးတည်ရာခရီးဆုံးပစ်မှတ်မှာ ဂနိုင်မီးဒီး ဖြစ်၏။ ဂနိုင်မီးဒီးသည် ဂျူပီတာ၏ စတုတ္ထမြောက်လ ဖြစ်၏။ ဒုတိယမြောက် အကြီးဆုံးလလည်း ဖြစ်၏။ (ကမ္ဘာမှ ဂျူပီတာဂြိုဟ်၏ ပထမဆုံး တွေ့ခဲ့ရသော လ(လေး)လုံးကို ဂျူပီတာခေါ် ဇီးယပ်စ်နတ်ဘုရား၏ ချစ်သူများ ဖြစ်ကြသော အိုင်အို၊ ယူရိုပါး၊ ဂနိုင်မီးဒီးနှင့် ကာလစ္စတိုဟု မှည့်ခေါ်ကြ၏)။ ယင်း ဂနိုင်မီးဒီးလပေါ်တွင်မူ ပါးလွှာသော လေထုသာ ရှိ၏။ ထို့ကြောင့် ဂျူပီတာဂြိုဟ်ကို လေ့လာစူးစမ်းဖို့အတွက် ဤဂနိုင်မီးဒီးလကို အခြေစိုက်ခရီးထောက်စခန်းဖွင့်ရန် ဟာဇဇုမန္တမာနိုင်ငံတော် အာကာသစူးစမ်းရေးကော်မတီက ရွေးချယ်ခဲ့ခြင်း ဖြစ်၏။ ဤဂြိုဟ်ပေါ်သို့ ဆင်းသက်ခြင်းဖြင့် အန္တရာယ်ကင်းသင့်သလောက် ကင်းနိုင်ပေသည်။

သို့သော် အာကာသခရီးသွားလာရေးဆိုသည်မှာ ပိစိဖိတ် သမုဒ္ဒရာကို ဖြတ်သန်းရသောကိစ္စလို လွယ်ကူသော အရာမဟုတ်။ ကြိုတင်မမှန်းဆနိုင်သော အခက်အခဲ အန္တရာယ်များ ရှိနေမြဲ ဖြစ်၏။ အထူးသဖြင့် ဤဂနိုင်မီးဒီးစီမံကိန်းတွင် သူတို့ သတိထားတွက်ချက်ရသည်မှာ မားစ်ဂြိုဟ်နှင့် ဂျူပီတာဂြိုဟ်အကြား နေပတ်လမ်းမှ နေကိုလှည့်ပတ်လျက် ရှိသော ဂြိုဟ်သိမ်ဂြိုဟ်မွှား ခါးပတ်ကွင်းကြီးတစ်ခုကိုသာ ဖြစ်၏။

ထိုခါးပတ်ကွင်းကြီးရှိ ဂြိုဟ်သိမ်ဂြိုဟ်မွှားများမှာ နှစ်သန်းပေါင်းများစွာက မားစ်ဂြိုဟ်နှင့် ဂျူပီတာဂြိုဟ်၏အကြားတွင် ရှိကာ ပျက်စီး သွားခဲ့သော ဂြိုဟ်ကြီးတစ်လုံးမှ အစိတ်အပိုင်းများ ဖြစ်သည်ဟု သတ်မှတ် ယူဆခဲ့ကြ၏။ အချင်းတစ်မိုင်နှင့် တစ်မိုင်အောက်ရှိသော ဂြိုဟ်သိမ် ဂြိုဟ်မွှားများမှာ စုစုပေါင်း ငါးထောင်ခန့်ရှိ၏။ ဂြိုဟ်သိမ်ဂြိုဟ်မွှား ခါးပတ်ကွင်းထဲတွင်မူ ဘောလုံးအရွယ်မှအစ ကျောက်စရစ်ခဲ

www.burmeseclassic.com


အရွယ်အထိ မရေမတွက်နိုင်သော သန်းပေါင်းများစွာ အပိုင်းအစများ တည်ရှိနေ၏။ ထိုခါးပတ်ကွင်းမှ ဂြိုဟ်မွှားကလေးများသည် တစ်ခုနှင့် တစ်ခု တိုက်ခိုက်မိရာမှ ကစဥ့်ကလျား အာကာသထဲသို့ လွင့်စဥ်ထွက်တတ် ၏။ တချို့သည် လမ်းကြောင်းပြောင်းကာ အတွင်းဂြိုဟ်များပေါ်သို့ပင် ကျရောက်လာတတ်၏။ ကမ္ဘာပေါ်သို့ ရောက်လာသော ဥက္ကာပျံမှန်သမျှ သည် ထိုမှ လွင့်စဥ်လာသော ဂြိုဟ်မွှားများ၊ အများဆုံး ဖြစ်နိုင်သည်ဟု လက်ခံထားကြရ၏။

ယခုလည်း... ။

■

(၃)

"ဖေဖေ ဒီနေ့အိမ်ပြန်လာမယ်ဆိုတာ အမှန်ပဲလား မေမေ"

ပြတင်းဝမှနေ၍ ကြယ်များ ဖိတ်လဲ့နေသော မဟူရာ ကောင်းကင်ကို ငေးရီကြည့်နေသော ယေဘက္ကအား သားဖြစ်သူ ဥဇလ ကမေးလာ၏။ သားငယ် ဥဇလသည် ယခုမှ ခြောက်နှစ်လွန်ရုံရှိသော်လည်း အရွယ်နှင့်မလိုက်အောင် သွက်လက်ချက်ချာ၏။ ဉာဏ်ထက် မြက်၏။ စိတ်ထိခိုက်လွယ်ခြင်း၌လည်း အဖေနှင့်တူ၏။ ပြီးတော့ ဖအေကို ကိုးကွယ်အချစ်နှင့် ချစ်ခြင်းမှာလည်း သူ၏ မေ့ချန်မထားကောင်းသော အရည်အချင်းတစ်ရပ် ဖြစ်၏။

ယေဘက္ကက တံတွေးကို မျိုကာ ခေါင်းညိတ်ပြလိုက်၏။

"ဘယ်တော့လောက်လာမှာလဲ မေမေ... "

"မကြာခင် ရောက်လာပါလိမ့်မယ် သား... "

ယေဘက္က၏ မျက်လုံးထဲတွင်မူ ရုပ်မြင်သံကြားပိတ်ကား ပေါ်ဝယ် နောက်ဆုံးမြင်ခဲ့ရသည့် မြင်ကွင်းက ပျောက်ဖျက်မရအောင် စွဲထင်နေ၏။ နက်မှောင်သော ဟင်းလင်းပြင်အာကာသထဲမှ သေးငယ်

www.burmeseclassic.com


လွန်းလှသော အဝါရောင်ပေါက်ကွဲမှု။ မဟူရာသမုဒ္ဒရာပြင်ထက်တွင် ခဏမျှ တက်လာသည့် ရွှေရောင်ရေပွက်ကလေးတစ်ခု ပမာသာပဲ။ နောက်တော့ ဆိတ်ငြိမ်ခြင်းနှင့် အမှောင်ထု။

သူ့ရှေ့မှာ ဆံပင်ဖြူဖြူနှင့် ကြင်နာနူးညံ့သော အမူအရာရှိသည့် အပြည်ပြည်ဆိုင်ရာ နက္ခဗေဒ၊ ကောင်ဆယ်လာ မဟာသေလက လာရပ်၏။ သူ့လက်များကို ယေဘက္ကပခုံးပေါ်တွင် နှစ်သိမ့်ဟန်ဖြင့် အသာအယာ တင်ထားသည်။ အမျိုးသား ရူပစကြဝဠာ အကြီးအကဲ ဇာခိရိက တိုးညင်းသော လေသံဖြင့် ပြော၏။

"တို့အကောင်းဆုံးဖြစ်အောင် လုပ်ကြတာပေါ့ ယေဘက္က"

"ယေဘက္က သဘောပေါက်ပါတယ် ဦးကြီးဇာခိရိ... ၊ အာကာသသူရဲကောင်းတစ်ဦးရဲ့ ဇနီးကောင်းဖြစ်အောင် ကျွန်မဟာ ဖြည့်ဆည်းလေ့ကျင့်လာခဲ့တဲ့သူပါ... "

"မေမေ... ဖေဖေ ပြန်လာပြီ... "

သားက အနီးတွင်ရပ်နေရာက ဝမ်းသာအားရ အော်လိုက်၏။ ယေဘက္က၏အတွေးများ ပြတ်တောက်သွားသည်။ ကလေးနှင့် အတူ ထိုင်နေရာကထကာ ကြိုမိသည်။ သူက ကျောက်ခင်းလမ်းအတိုင်း ခပ်ဖြည်းဖြည်း မှန်မှန် လျှောက်လာနေ၏။ သူ့ကို ပို့ဆောင်ပေးခဲ့သော ရုပ်ပြေးယာဉ်က မိမိအိမ်ရှေ့လမ်းပေါ်မှ ပြန်လည်ထွက်ခွာသွားလေပြီ။

သူ့ဆီ ပြေးလာသောသားကို သူက လှမ်းပွေ့လိုက်၏။ သားက သူ့လည်ပင်းကို လက်နှစ်ဘက်ဖြင့် ခိုတွဲထား၏။ သူက သား၏ ဖယ်ညာပါးနှစ်ဘက်ကို တစ်ပြန်စီ နမ်းလိုက်သည်။ ရာဂမ ဘာမျှမပြောင်းလဲပါလား။ သူ အရင်အတိုင်းပဲ။ အိမ်ပြန်လာသော အာကာသသူရဲကောင်း ချစ်လင်ကို ယေဘက္ကက ရပ်ကာ ကြည့်နေမိသည်။

သူ့ဆံပင်နက်နက်များကို သေသပ်စွာ ဖြီးထားသည်။ သို့သော် ခါတိုင်းလိုပင် ငယ်ထိပ်ရှိ ဗွေကြောင့် ဆံနွယ်တစ်ခွေမှာ သူ၏မဟာဆန်

BURMESE CLASSIC .com

သော နဖူးပေါ်ကို မြတ်နိုးဖွယ် ခွေဝဲကျနေဆဲ ဖြစ်၏။ သူက ယောဘက္က ကို ပြုံးပြလိုက်သောအခါ လှပဖြူဖွေးသော သွားစွယ်ကလေးများ ပေါ် ထွက်လာသည်။

"အချစ် ယောဘက္က... မင်း ပိန်သွားသလိုပဲ... "

"ထင်လို့ပါ ရာဂမရယ်... တစ်ခုခု စားမလား... "

ကိုယ်စားလာခဲ့တယ် ဖြည်းဖြည်းပေါ့... ဒီတစ်ခါတော့ မင်းတို့နဲ့ မခွဲဘဲ အကြာကြီး နေရဦးမှာပါ... အရည်တစ်ခုခုလောက် သောက်ရရင် တော်ပြီ... "

"လိမ္မော်ရည် ယူခဲ့မယ်လေ... "

"ဟေး... ကိုယ် ဘယ်တုန်းက လိမ္မော်ရည်သောက်လို့လဲ ကိုယ်နဲ့ခွဲနေရတာ ကြာတာနဲ့ ယောဘက္ကလည်း ကိုယ့်အကြိုက်တွေ မေ့နေ ကုန်ပြီလား... ကိုယ့်အဖို့ကတော့ ကော်ဖီခါးခါးတစ်ခွက်၊ သားဖို့ကတော့ သားအိပ်ရာဝင် သောက်နေကျ နွားနို့ပူပူတစ်ခွက်ပေါ့... "

သူမှာလိုက်သော ကော်ဖီနှင့် နွားနို့ကို ဖျော်ကာ ဧည့်ခန်း ထဲသို့ ယောဘက္က ပြန်လည်ရောက်ရှိလာသောအခါ ဆိုဖာတစ်လုံးပေါ် တွင် ထိုင်ရင်း ဥဇလကို ရင်ခွင်တွင် ပိုက်ကာ စကားပြောနေသော သူ့ကို တွေ့ရ၏။ သူတို့ ဘာအကြောင်းပြောနေမည်ဆိုတာ ယောဘက္က နားမထောင်ဘဲနှင့် သိနေ၏။ ဥဇလသည် သူ့အဖေလို တစ်နေ့တွင် အာကာသသူရဲကောင်းဖြစ်ရန် အိပ်မက်မက်နေသူလေး ဖြစ်၏။ ဥဇလ က လက်ထဲမှ ပန်းသီးကို တစ်ကိုက်ကိုက်ရင်း မေး၏။

"ဖေဖေတို့ရဲ့ နိုဝဆိုတဲ့ ယာဉ်ကြီးဟာ အကြီးကြီးပဲ... သံမဏိနဲ့ လုပ်ထားတာ... လေထဲမှာ လွင့်လာတဲ့ ပန်းသီးလုံးလောက် ရှိတဲ့ ကျောက်ခဲတစ်လုံးနဲ့ တိုက်မိတာနဲ့ပဲ ပျက်စီးသွားရသလား... "

"အဲဒီကျောက်ခဲက သေးတယ်ဆိုပေမယ့် ကလေးတစ် ယောက် ပေါက်လိုက်တဲ့ခဲ မဟုတ်ဘူး ဥဇလရဲ့... တစ်စက္ကန့်ကို မိုင်

www.burmeseclassic.com

BURMESE CLASSIC .com

လေးဆယ်နှုန်းနဲ့ လွှင့်လာတဲ့ ခဲ၊ ဒြပ်ထုနဲ့ မြန်ရှိန်နှုန်းနဲ့ မြှောက်ရင် အဟုန်ဆိုတဲ့ အားကိုရတယ်... သူက ဒြပ်ထုသေးပေမယ့် အဟုန် သိပ်ကြီးနေတယ်"

သူက ဥဇလ နားလည်အောင် ရှင်းပြနေသည်။ သူတို့ယာဉ် ပျက်စီးသွားကာ ဂနိုင်မီးဒီးလပေါ်သို့ ကြိုးစားပမ်းစား ဆင်းသက်ခဲ့ရပုံ၊ ယာဉ်ပျက်စီးစဉ်ကပင် သူ့အဖော်တစ်ယောက် သေဆုံးခဲ့ရပုံ၊ သူနှင့် အဖော်တစ်ယောက် ပြင်းထန်စွာ ဒဏ်ရာရခဲ့ပုံ၊ ကယ်ဆယ်သောယာဉ် ရောက်လာကာ သူ ဆေးရုံတွင် ရက်လရှည်စွာ ဆေးကုသမှု ခံယူရပုံ တွေကို ပြန်လည်ပြောပြ၏။ အမှန်တော့ ဤပုံပြင်ကို သူ ပြန်မလာခင် ကတည်းကပင် သားကို ယောဘက္ကက အကြိမ်များစွာ ပြောပြခဲ့ပြီးဖြစ်၏။ သို့တိုင် နားထောင်နေသော ဥဇလ၏ပါးပြင်ပေါ်ဝယ် မျက်ရည်များ စီးကျနေသည်။ ပြင်းထန်စွာ ထိခိုက်နာကျင်ခဲ့သော အဖေရာဂမအတွက် ဂနိုင် မီးဒီးစီမံကိန်းတွင် ကျဆုံးခဲ့သော အာကာသသူရဲကောင်းများ အတွက်...။

"ဥဇလ... ဘာလို့ ငိုနေတာလဲ... မင်းမျက်ရည်တွေကို သုတ်ပစ်လိုက်ကွယ်... "

အနီးရှိ ဆိုဖာပေါ်တွင် ထိုင်ကာ သူတို့နှစ်ယောက်ကို ကြည့် နေသော ယောဘက္ကက လှမ်းပြောလိုက်၏။ ဒီတော့မှ သူကလည်း ဥဇလ ပါးပြင်ပေါ်မှ မျက်ရည်များကို သတိပြုမိသွားပုံ ရ၏။ မျက်ရည်များကို သူ့လက်နှင့် သုတ်ပေး၏။

"မငိုနဲ့ သား... ရော့ နွားနို့ပူပူလေးကို သောက်လိုက်ဦး ပြီးရင် အိပ်တော့နော်... သားကို ဖေဖေကိုယ်တိုင် သိပ်မယ်... "

နွားနို့သောက်ပြီးသည်နှင့် သူသည် ဥဇလကို ပွေ့ချီကာ ဥဇလအိပ်ခန်းဆီသို့ လျှောက်သွား၏။ ဧည့်ခန်းထဲတွင် တိတ်ဆိတ်ခြင်း နှင့် ယောဘက္ကသာ ကျန်ရစ်ခဲ့သည်။ ယောဘက္ကက အနားယူနေသော

စက်ရုပ်သဖွယ် မလှုပ်မယှက် ငြိမ်သက်နေ၏။ သူ့ခေါင်းထဲမှာတော့ အတွေးတစ်ခုက ပြင်းထန်စွာ ရုန်းကန်နေသည်။

တံခါးပိတ်သံ ကြားရ၏။ လှည့်ကြည့်လိုက်တော့ ဥဇလ၏ အခန်းထဲမှ ထွက်လာသော ရာဂမကို တွေ့ရသည်။ ရာဂမက သူ၏ မျက်လုံးစူးစူးများဖြင့် စိုက်ကြည့်ကာ ယေဘက္ကထံသို့ တစ်လှမ်းချင်း လျှောက်လှမ်းလာနေသည်။ ရှည်လွန်းသော အရပ်ကြောင့် ခါးနည်းနည်း ကိုင်းပုံ၊ လက်လွှဲပုံ၊ ခြေလှမ်းလှမ်းပုံ အားလုံး အားလုံး ရာဂမအတိုင်း ပါပဲ… ဒါပေမယ့် မျက်လုံးတွေကတော့ ရာဂမမျက်လုံးတွေလို မပူမနွေးတာ အမှန်ပင်။

"အနားယူနိုင်ပြီ… ဂျူပီတာနံပါတ် (လေး)… "

ယေဘက္က၏နှုတ်မှ ထွက်လာသော စကားသံကို ကြားရသည်နှင့် လှမ်းဆဲ ရာဂမ၏ ခြေလှမ်းများသည် နေရာတွင်ပင် တုံ့ရပ်သွားသည်။ ဤလူတုစက်ရုပ်အား အမိန့်ပေးနိုင်သည့် စကားဝှက်ကို လွန်ခဲ့သော သုံးရက်ကပင် ယေဘက္က ကြိုတင်ရခဲ့၏။ သူ့နာမည်က ဂျူပီတာ (လေး) တဲ့။ ဟုတ်သားပဲ။ ရာဂမတို့ ဆင်းသက်ရန် ကြိုးစားခဲ့သည့် ဂနိုင်မီးဒီးဂြိုဟ်သည် ဂျူပီတာ၏ စတုတ္ထမြောက်လ ဖြစ်သည် မဟုတ်လား။ စိတ်ကူးကောင်းသော ဦးလေးဩဖရိကို ယေဘက္ကကျိတ်ကာ ချီးမွမ်းမိသေး၏။

ရှေ့မှ စကားပြောခွက်ကို ကောက်ယူကာ နံပါတ်တချို့ကို လှည့်လိုက်၏။ တဘက်က သူနှင့် ရင်းနှီးမြဲ အသံအောအောကြီး ထွက်လာ၏။

"နိုင်ငံတော်လူတုထုတ်လုပ်ရေးစက်ရုံမှူး ဩဖရိ စကားပြောနေပါတယ်… "

ယေဘက္က၏မျက်လုံးထဲတွင် ဒီဂရီမျက်မှန်ထူထူနှင့် ထိပ်ပြောင်ပြောင် သဘောကောင်းဟန်ရှိသော အသက်ငါးဆယ်ခန့်ရှိသည့်

www.burmeseclassic.com

လူတစ်ယောက်၏ပုံ ပေါ်လာသည်။ ထိုသူသည် ဂနိုင်မီးဒီးစီမံကိန်းတွင် အာကာသယာဉ်ပျက်စီးကာ သေဆုံးခဲ့ရသော ယေတက္က၏ချစ်လင် ရာဂမ၏ဦးလေးအရင်း တော်သူလည်း ဖြစ်၏။

"ဦးလေး ကျွန်မပါ... ယေဘက္ကပါ... "

"ဟေး... ယေဘက္ကလား... ငါ မနက်ကျရင် နင်တို့အိမ် လှည့်ဝင်လာမလို့ပဲ... ဘယ့်နှယ်လဲ ဂျူပီတာ(လေး) နင်တို့ဆီ ရောက်ပြီ မဟုတ်လား... တို့ဘက်ကတော့ အကောင်းဆုံးဖြစ်အောင် ကြိုးစားထား တာပဲ ယေဘက္က... အထက်ကလည်း အတတ်နိုင်ဆုံး ဆောင်ရွက်ဖို့ ညွှန်ကြားချက် ပေးတယ်... "

"ကျေးဇူးတင်ပါတယ် ဦးလေး... ကျွန်မကတော့ အရေး မကြီးပါဘူး... ဥဇလအတွက်ပါ... ဥဇလဟာ ငယ်သေးတယ်... သူ့အဖေကို ထာဝရစွန့်လွှတ်ရပြီဆိုတဲ့ အသိမျိုးကို လက်ခံဖို့အတွက် သူ့နှလုံးသားဟာ မညီမျှလောက်အောင် နုနယ်နူးညံ့လွန်းနေတယ်..."

"အေးလေ... တို့ဌာန ပေါ်ပေါက်လာရတာလည်း ဒီလို ကိစ္စမျိုးတွေမှာ လိုအပ်သလို ဖြည့်ဆည်းဆောင်ရွက်ဖို့ပဲ မဟုတ်လား... တို့ဆီမှာရှိနေတဲ့ ရာဂမအစစ်နဲ့ ပတ်သက်တဲ့ ကွန်ပျူတာမှတ်တမ်းတွေကို ကြည့်ပြီး ဂျူပီတာ (လေး) ကို ရာဂမအစစ်နဲ့ ရုပ်ရည်၊ အသိဉာဏ်၊ ဗဟုသုတ၊ အတွေးအခေါ်တွေ အားလုံးပါအောင် ဆောင်ရွက်ပေးထား တယ်... တို့စက်ရုံက ထုတ်လုပ်ခဲ့တဲ့ လူတူတွေထဲမှာတော့ စံပြတစ်ခု လို့ ဆိုရလောက်အောင် ကြိုးစားထားတာပဲ... "

"ဒါပေမယ့် ဦးလေးဩဖရိ... "

ယေတက္ကစကားသံ ခေတ္တမျှ တုံ့ဆိုင်းသွား၏။

"ဘာပြောချင်လို့လဲ ယေတက္က... "

"ဂျူပီတာ (လေး) ဟာ ရာဂမအစစ်နဲ့ ခွဲမရအောင် တူ တယ်လို့ ယေတက္က ဝန်ခံချင်ပါတယ်... ဒါပေမယ့် လူနဲ့တော့ မတူဘူး

ဦးလေး... ”

“ဘာ... ”

ဩဖရိထံမှ နားမလည်နိုင်စွာ ရေရွတ်သံ ဖြစ်သည်။

“ခုန သူတို့သားအဖနှစ်ယောက် စကားပြောနေခဲ့တယ် ဦးလေး... ကလေးက ဝမ်းပန်းတနည်းနဲ့ မျက်ရည်အသွယ်သွယ် ကျခဲ့တာတောင် သူ့မျက်လုံးထဲမှာတော့ မျက်ရည်လည်လာတာ မတွေ့ရဘူး ရာဂမဟာ သူ့သားဥဇလလိုပဲ စိတ်ထိခိုက်လွယ်တဲ့သူဆိုတဲ့အချက်ကို ဦးလေးတို့ မေ့သွားလေသလား... ”

တစ်ဘက်မှ အတော်ကြာအောင် တိတ်ဆိတ်သွား၏။ ထို့နောက် သက်ပြင်းချသံတစ်ချက်နှင့်အတူ စကားသံ ပြန်ထွက်လာ၏။


“ယောဘက္က... နင်ဟာလည်း ခေတ်ပညာတတ်ပြီး အသိဉာဏ်မြင့်တဲ့သူတစ်ယောက်ပဲ... အခု ဘာဖြစ်နေတာလဲ... စက်ရုပ်ဟာ လူနဲ့ခွဲမရအောင် တူချင်တူမယ်... ဒါပေမယ့် စက်ရုပ်ပဲ ယောဘက္က လူမဟုတ်ဘူး။ သိပ္ပံနဲ့ စက်မှုအတတ်ပညာနဲ့ နည်းပညာတွေ ဘယ်လောက်ပဲတိုးတက်တဲ့ခေတ်ရောက်ရောက် လူဟာ လူပဲ... စက်ဟာ စက်ပဲ... တို့ရဲ့ လူတူထုတ်လုပ်ရေးစက်ရုံ၊ ကောသဠ္ဌဗေဒဌာနခွဲဟာ လူရဲ့ကျန်တဲ့ ခန္ဓာကိုယ်အစိတ်အပိုင်းတွေအားလုံးကို ခွဲခြားမရအောင် တုပ ထုတ်လုပ်နိုင်တယ်... အဲ သူတို့ မထုတ်လုပ်နိုင်တာ၊ မတုပနိုင်တာ တစ်ခုပဲ ရှိတယ်... ဘာလဲ သိလား ယောဘက္က... ”

ယောဘက္က စကားပြောခွက်ကို ကိုင်ကာ ခေတ္တမျှ တွေဝေနေစဉ် ဩဖရိ၏အသံကို ဆက်ထွက်လာ၏။

“မျက်ရည်ပဲ ယောဘက္က... မျက်ရည်ပဲ... ”

[ဒဂုန်မဂ္ဂဇင်း၊ ၁၉၈၇၊ စက်တင်ဘာလ]

www.burmeseclassic.com



www.burmeseclassic.com

## အခြားကမ္ဘာ

ကာလ္လနရိုင်သည် သူ့အခန်းထဲတွင် တစ်ကိုယ်တည်း သမထ ထိုင်လျက် ရှိသည်။ ထိုစဉ် သူ့သိမှုအာရုံက ပိတ်ထားသော တံခါး အပြင်မှ ခေါက်သံနှင့်တူညီသော အသံလှိုင်းတစ်ခုကို ဖမ်းယူမိ၏။ သူက ထိုင်ရာမှ မထဘဲ တံခါးဆီသို့ စောင်းငဲ့ကြည့်ကာ တံခါးအသာအယာ ပွင့်သွားရန် စိတ်ကို ညွှတ်လိုက်သည်။

တံခါး ပွင့်သွား၏။

“ဝင်ခဲ့လေ ဒက္ကဒ်… ”သူနှုတ်ဖြင့်ပြောလိုက်သည်။ မနဝစီခေါ် စိတ်အာရုံချင်း ဆက်သွယ်ပြောဆိုသောနည်းကို အသုံးပြုရန်၊ ကြံစည်မိသေးသော်လည်း၊ ပုဂ္ဂိုလ်နှစ်ဦးတည်းသာ ရှိနေသော၊ ဤလို အခိုက်မျိုးတွင်၊ စကားပြောဆိုခြင်းက ပို၍ရည်မွန်ချောင်ပေမည်ဟု ထင်မိ၏။

ဒက္ကဒ်က အထဲသို့ဝင်လာကာ၊ သူ့ဦးကိုညွှတ်ရင်းပြော၏။

“ အိပ်ဖို့ အချိန်လင့်လှပြီ ငါ့အသျှင် ”

‘ ဟုတ်တယ်ဒက္ကဒ်၊ တစ်နာရီအတောအတွင်းမှ ကမ္ဘာ

နေမျိုးစာပဒေသာ

မြေပြင်က ဒုံးပျံဟာ ကျုပ်တို့ဆီကို လျှောက်ပတ်စွာ ဆိုက်ရောက်လာလိမ့်မယ်။ အဲဒါကို ကျုပ်စောင့်ကြည့်လိုတဲ့ ဆန္ဒရှိနေတယ်။ အင်းတိုးတက်လှပါတယ်ဆိုတဲ့ သူတို့ရဲ့ သင်္ချာဗေဒနည်းနဲ့ တွက်ဆချက်တွေသာ မှန်ကန်မယ် ဆိုယင်ပေါ့လေ။

'ဒီဒုံးယာဉ်ပေါ်မှာ ညှိနိုင်းဖို့ ကမ္ဘာသားတစ်ယောက်ယောက် ပါလာနိုင်မယ်လို့ ထင်နေသလား အသျှင်'

ကာလ္လန ခေါင်းဆောင် (ရိုင်ဆိုသော အင်္ဂါဂြိုဟ်သုံး ဘာသာစကားကို အနီးစပ်ဆုံးဖြစ်အောင် ပြန်ဆိုထားခြင်းဖြစ်သည်။) က သက်ပြင်းတိုးတိုးချ၏။

' ပါမလာသေးပါဘူး။ ဒါပေမယ့် ဒါဟာ ကမ္ဘာမြေပြင်က ကျုပ်တို့ဆီကို ပထမဆုံး ဆက်သွယ်လာမှုပဲ။ ကျုပ်တို့ရဲ့ စိတ္တဘူမိအာရုံသိ အဖွဲ့အစည်းဟာ သူတို့စိတ်ကူးကြံစည်မှုကို နှစ်ပေါင်းများစွာကတည်းက၊ ဖတ်လာနိုင်ခဲ့တယ်၊ ဒါပေမယ့် အခုဟာကတော့ အင်္ဂါဂြိုဟ်နဲ့ ကမ္ဘာရဲ့အကြားမှာ သမိုင်းတင်ရမယ့် ပထမဆုံး ရုပ်ပိုင်းဆိုင်ရာ ဆက်သွယ်မှုပဲ '

မှန်သည်။ ယခင်က ကမ္ဘာမြေပြင်မှ လွှတ်ခဲ့သော ဒုံးယာဉ်များသည် အင်္ဂါဂြိုဟ်ပေါ်သို့ ဆင်းသက်ထိတွေ့ရန် မရည်ရွယ်။ အင်္ဂါဂြိုဟ်၏ လေထုအတွင်းကိုပင်၊ ဝင်ရောက်ခြင်းမပြု။ လေထုပြင်ပတွင်သာ ပေါက်ကွဲဝင်းလက်ခဲ့ကြသည်။ လောလောလတ်လတ် အပြီးသတ်အစီရင်ခံစာကို ဒက္ကာဒ်ကိုယ်တိုင် ဖတ်ရှုလေ့လာခဲ့ပြီး ဖြစ်၏။ ကာလ္လနက စကားဆက်သည်။

' သူတို့တတွေဟာ ကျုပ်တို့ဂြိုဟ်ကို ခုချိန်ထိ နေထိုင်သူမဲ့တဲ့ ဂြိုဟ်လို့ထင်နေကြဟန်တူတယ်။ သူတို့ဒုံးယာဉ်တွေ ပေါက်ကွဲဝင်းလက်တဲ့အခိုက်မှာ သူတို့ဟာ ကျုပ်တို့ဂြိုဟ်ကို လပေါ်က အဝေးကြည့်မှန်ပြောင်းတွေနဲ့ စောင့်ကြည့်နေလိမ့်မယ်။ အဲ... အလင်းရောင်

ထဲမှာ ပါတဲ့ရောင်စဉ်တွေကို ခွဲခြားကြည့်နိုင်တဲ့ မှန်ပြောင်းနဲ့ ဓာတ်ခွဲကြည့်လိမ့်မယ်၊ ကျုပ်တို့ဂြိုဟ်ကို ပတ်ရံနေတဲ့ လေထု ပြီးတော့ဂြိုဟ်ရဲ့ မျက်နှာပြင်အနေအထားတွေကို ပုံတူတင်တဲ့ အရာတွေနဲ့ ကူးယူကြလိမ့်မယ်။ (ဓာတ်ပုံရိုက်ခြင်းကိုဆိုလိုသည်။) အဲဒီအရာတွေက သူတို့ဂြိုဟ်အပေါ် အလွဲလွဲ အချော်ချော် တွေးခေါ်သိနေတာထက် ပိုပြီး သိအောင် ဖြည့်စွမ်းနိုင်ပါလိမ့်မယ်။ အဲဒီ အချက်အပေါ် အခြေခံပြီး နောက်တစ်ဆင့်မှာ လူပါတဲ့ ဒုံးယာဉ်တွေကိုလွှတ်ဖို့ သူတို့လုပ်ကိုင်ကြလိမ့်မယ် ’

ကမ္ဘာမြေကြီးမှ တစ်စုံတစ်ရာ ရောက်ရှိလာရေးကို အင်္ဂါဂြိုဟ်က မျှော်လင့်နေသည်မှာ ကြာမြင့်ချေပြီ။ သက်ရှိသတ္တဝါ ကိုးရာခန့်သာရှိသော မြို့ငယ်ကလေးတစ်မြို့နှင့် အင်္ဂါဂြိုဟ်မှ သူတို့ဘာကြောင့် စွန့်ခွာမသွားတာလဲ။ အကြောင်းရှိလေသည်။

အင်္ဂါဂြိုဟ်၏ ယဉ်ကျေးမှု သက်တမ်းမှာ၊ ကမ္ဘာမြေပြင်ထက်ပို၍ ရှေးကျရင့်ကြာခဲ့၏။ သို့သော်တစ်ခါက တောက်ပဝင့် ထည့်ခဲ့သော ထိုယဉ်ကျေးမှုမှာ ရွေ့လျော ပျက်စီးကား ဆုံးခန်းတိုင်လုဆဲဆဲ အခြေသို့ ယခုအခါ ရောက်ရှိနေလေသည်။ တစ်ခါက ကြီးမားထွန်းလက်ခဲ့သည်ဆိုသော ထိုယဉ်ကျေးမှုကို အမှတ်ရစရာဆိုလို့ ညှိုးနွမ်းသော မြို့ငယ်ကလေးတစ်မြို့နှင့် လူကိုးရာသာရှိတော့၏။ ကိုယ်ကျိုးမငဲ့သော ဆင်ခြင်ဉာဏ်နှင့် ကိုယ်ကျိုးမငဲ့သော တစ်စုံတစ်ရာ အတွက် ကမ္ဘာမြေပြင်က ဆက်သွယ်လာမှုကို သူတို့ မျှော်လင့်စောင့်စားနေခဲ့ကြသည်။

အင်္ဂါဂြိုဟ်သားတို့၏ ယဉ်ကျေးမှု စည်ပင်ဖွံ့ဖြိုးခဲ့ပုံမှာ ကမ္ဘာမြေပြင်နှင့် အခြားနားကြီး ခြားနားလေသည်။ သူတို့၏ ယဉ်ကျေးမှုမှာ ရုပ်ပစ္စည်းပေါ်တွင် အခြေခံသော ရူပသိပ္ပံနှင့် စက်မှုဗေဒနည်းပညာများတွင် ဆက်နွယ်ခြင်း အလျှင်းမရှိ။ လူမှုသိပ္ပံပေါ်တွင်သာ အခြေခံလေ

www.burmeseclassic.com


သည်။ အင်္ဂါဂြိုဟ်ပေါ်တွင် အနှစ်ငါးထောင်ကာလပတ်လုံး၊ ပုဂ္ဂိုလ်ရေး ရာဇဝတ်မှုမရှိ။ စစ်ပွဲမရှိ။ ထို့ကြောင့် စိတ်ပေါ်တွင် အခြေခံသော စိတ္တာ ဘူမိခေါ် အသွယ်သွယ် အနည်းနည်းသော စိတ်နယ်လွန် သိပ္ပံဗေဒသည် ပြည့်ဝစွာထွန်းကားခဲ့၏။

အင်္ဂါဂြိုဟ်က ကမ္ဘာကို သင်ပေးစရာ များစွာရှိနေသည်။ ရာဇဝတ်မှုခင်းကို မည်ကဲ့သို့ တားဆီးရမည်။ ထိုပုဂ္ဂလိက ရာဇဝတ်မှု မှ စစ်ဆီသို့ ဦးတည်သည်ဆိုသည့် အကြောင်း။ ပြီးတော့ ... ထိုလွယ်ကူ သောကိစ္စများ၏အလွန် ဟိုမှာဘက်တွင် စိတ်ချင်းစာနာမှု စိတ်ချင်း ဆက်သွယ်ပြောဆိုခြင်း (မနဝစီ)၊ ကြွေငါးပါးထိန်းချုပ်မှု (ပစ္စာဟာရ)၊ သမာဓိတည်ဆောက်ရန်နည်းလမ်း (သာဓနေ)၊ စိတ်ဝိညာဉ် သန့်စင် တိုးတက်ရေးဖြစ်သော စိတ္တစရဏကျင့်စဉ်များ၊ စသဖြင့် ကမ္ဘာမြေပြင်ကို ပေးစရာတွေများစွာရှိနေပါသည်။

ထိုနည်းတူစွာပင် ...

ကမ္ဘာမြေပြင်ကလည်း သူတို့ကို သင်ကြားပေးရန်ကိစ္စများစွာ ရှိနေလိမ့်မည်ဟု အင်္ဂါဂြိုဟ်က မျှော်လင့်ထင်စားနေသည်။ အင်္ဂါဂြိုဟ် သည် သိပ္ပံပညာနှင့် စက်မှုနည်းဗေဒ တိုးတက်မှု၌ အလွန်နောက်ကျနေ ခဲ့သည်။ ထို့ကြောင့် တိမ်ကော ပျက်စီးလုဆဲဆဲ အင်္ဂါဂြိုလ်ကြီး ပြန်လည် တိုးတက်စည်ပင်ရန် ကမ္ဘာမြေပြင်တံမှ သင်ကြားနည်းယူရန် ကိစ္စများစွာ ရှိနေလေသည်။

ဒီနေ့ည ကမ္ဘာမြေပြင်မှ ပစ်လွှတ်လိုက်သော ဒုံးယာဉ်သည် အင်္ဂါဂြိုဟ်ကို ပထမအဆင့် ထိတွေ့စူးစမ်းရန်ဟူသော ရည်ရွယ်ချက် နှင့်သာ ဖြစ်ပုံရသည်။ နောက်တစ်ကြိမ်တွင်မူ ဒုံးယာဉ်သည် ကမ္ဘာ မြေပြင်မှလူများ (နောက်ဆုံးတွင် တစ်ယောက်ပဲဖြစ်ဖြစ်) သယ်ဆောင် လာပေလိမ့်မည်။ထိုနောက်တစ်ကြိမ်ဆိုသည်မှာ( ကမ္ဘာမြေပြင်အတွက် နှစ် နှစ် အင်္ဂါဂြိုဟ်အတွက် လေးနှစ်) ကြာကောင်း ကြာနိုင်ပေသည်။

www.burmeseclassic.com


ဤကိစ္စကို အင်္ဂါဂြိုဟ်၏ ခေါင်းဆောင်ပိုင်းက သူတို့၏ ဝိညာဉ် စက္ခုနည်းလမ်းဖြင့် ကြိုတင်သိနေပြီးဖြစ်၏။

သို့သော် ကံမကောင်းသည့် တစ်ချက်မှာ ဤစီမံကိန်းကို ယခုထက် မြန်ဆန်အောင် ဆောင်ရွက်ရန် မတိုက်တွန်း မတောင်းဆိုနိုင်ခြင်းဖြစ်၏။ ကမ္ဘာက သိပ္ပံပညာရှင်များက ပဏာမစမ်းသပ် တွေ့ရှိချက်များတွင် အခြေခံကာ အင်္ဂါဂြိုဟ်၏ ပထဝီဝင်အနေအထား၊ ပတ်ဝန်းကျင်လေထု၊ ဆွဲငင်အားစသည့် အချက်များပေါ်တွင် အခြေတည်တွက်ချက်၍ ဟာကွက်မရှိအောင် လိုအပ်သလို အချိန်ယူစီစဉ် ဆောင်ရွက်ကြလိမ့်မည်ထင်သည်။

ယနေ့ညတွင် ကာလ္လနရိုင်နှင့် သူ့အရင်းနှီးဆုံး လက်ထောက် ဒက္ကဒ်တို့သည် အနာဂတ်အတွက် မျှော်ကိုးဆုတောင်း၍ ပရုပ်ခဲအပေါ်မှာ အခြေခံထုတ်လုပ်သော အဖျော်ယမကာတစ်မျိုးကို သောက်ကြ၏။ (ကမ္ဘာမြေပြင်ပေါ်မှ လူများ အယ်လ်ကိုဟော သောက်တာနှင့် ဆင်တူ၏။) ပြီးတော့ သူတို့သည် အဆောက်အအုံ၏ အမိုးပေါ်သို့ ထိုင်ကာ ရောက်ရှိလာမည့် ဒုံးယာဉ်ကို ငံ့လင့်ယင်း မြောက်အရပ်ကို မျှော်ငေး ကြည့်ရှုနေကြ၏။ ကောင်းကင်မည်းမည်းတွင် ကြယ်များ မှိန်ဖျော့စွာ ထွန်းလဲ့နေကြသည်။

ကမ္ဘာမြေကြီး၏ လပေါ်တွင် တည်ဆောက်ထားသော အာကာသ နက္ခတ္တ စူးစမ်းရေးဌာနစခန်း (တစ်)တွင်ဖြစ်သည်။ စခန်းမှူး ဇဉသည် အဝေးကြည့်မှန်ပြောင်းကို ကြည့်ရင်း သူ့လက်ထောက် လဟုကို ပြောလိုက်၏။

'ဒုံးယာဉ်ကတော့ ပစ်မှတ်ဆီကိုရောက်ဖို့ မိနစ်အနည်းငယ်ပဲ လိုတော့တယ် ဟလု '

သူတို့နှစ်ဦးလုံး ရင်ခုန်နေကြသည်။ အင်္ဂါဂြိုဟ်နှင့် ဒုံးယာဉ် ထိလျှင် ထွက်ပေါ်လာမည့် ကြီးမားသော မကြုံဖူးဖွယ် ပေါက်ကွဲမှု

www.burmeseclassic.com



ကို သူတို့ မကြာခင် တွေ့မြင်ရတော့မည်။ သူတို့လိုပင် ကမ္ဘာအရပ်ရပ်နှင့် လပေါ်ရှိ နက္ခတ် ကြည့်မျှော်စင်များမှ စောင့်ဆိုင်းကြည့်ရှုနေသူတို့သည်လည်း ရင်တဖိုဖို ရှိကြပေလိမ့်မည်။ နိုင်ငံတကာ နျူကလီးယား ကန့်သတ်ထိန်းချုပ်ကွပ်ကဲရေးအဖွဲ့၊ အာဏာပိုင်များက ကမ္ဘာမြေပြင်ပေါ်တွင် နျူကလီးယားစမ်းသပ်ဖောက်ခွဲမှုကို တင်းကျပ်စွာ ပိတ်ပင်ခဲ့သည်။ ပြီးတော့ သူတို့၏ ပဏာမ အဝေးစူးစမ်းချက်များအရ အိုမင်းနေသော ဂြိုဟ်ဟောင်းကြီးတစ်ခုဟုယူဆရသော အင်္ဂါဂြိုဟ်ကို နိုင်ငံတကာ နျူကလီးယား စမ်းသပ်ဖောက်ခွဲရေး နယ်မြေအဖြစ် သတ်မှတ်ပေးခဲ့၏။ ယခု အင်္ဂါဂြိုဟ်ဆီသို့ ဦးတည်သွားနေသော ဒုံးယာဉ်ပေါ်တွင် အင်္ဂါဂြိုဟ်ပေါ်၌ ပထမဆုံးအကြိမ်အဖြစ် စမ်းသပ်ဖောက်ခွဲမည့် ကမ္ဘာမြေပြင်တွင် စမ်းသပ်ဖောက်ခွဲခဲ့သော နျူကလီးယားဗုံးများထက် အဆပေါင်းများစွာ ကြီးမားပြင်းထန်းမည့် ဗုံးတစ်လုံးသယ်ဆောင်ပါရှိသွားလေသည်။ ဇဉက ဟာလုကို မေးလိုက်သည်။

'မင်းဘယ်လို ထင်သလဲ ဟာလု။ အင်္ဂါဂြိုဟ်ပေါ်မှာ သက်ရှိသတ္တဝါတွေများ ရှိနေနိုင်သလား '

ဟာလုက တစ်စက္ကန့်မျှ စဉ်းစားပြီး နောက်ပြောလိုက်၏။

'မရှိနိုင်ပါဘူး '

www.burmeseclassic.com



ဘဒ္ဒိမေခရပျး

www.burmeseclassic.com

## အန္တိမနေ့များ

အိုမင်းရင့်ရော်သော လူကြီးတစ်ယောက် တောင်ကုန်းတစ်ခု၏ ဆင်ခြေလျှောမှာ ထိုင်နေသည်။ သူ့အမည်မှာ ဩဖိရဖြစ်သည်။ သစ်ပင်များ ကင်းမဲ့နေသည့် ခရမ်းရောင် တောင်ကတုံးများနောက်ဆီသို့ ဖြည်းလေးစွာ နိမ့်ဆင်းလျှောသက်နေသော နေလုံးကို စောင့်စားကြည့်နေသည်။ ဝေးလံသောမြစ်ပြင်ဆီမှ အေးမြသောညလေသည် တသုန်သုန် တိုက်ခတ်နေသည်။ ဩဖိရက တစ်ကိုယ်လုံး လုံသွားအောင် ခြုံစောင်ကို တင်းတင်းစေ့စေ့ ဆွဲခြုံလိုက်သည်။ သူ့အသက်အရွယ်နှင့် ဆိုလျှင် သည်နေ့လို ချမ်းစိမ့်စိမ့် ဖြစ်နေမှုမျိုးမှ ခန္ဓာကိုယ်ကို ကာကွယ်ထားရန် လိုလေသည်။ ဒီကိစ္စကသိပ် အရေးတကြီး မဟုတ်ပါဘူးဟုလည်း တွေးမိပြန်သည်။ တကယ်ဆိုလျှင် နှစ်ပေါင်းတစ်ရာ့လေးဆယ် ဆိုသော သက်တမ်းမှာ လူသားတစ်ယောက်နေထိုင်ခဲ့ဖို့အတွက် လုံလောက်သော ရှည်ကြာမှုတစ်ခုပင် ဆိုနိုင်သည်။ သူ့အနေနှင့်လည်း ထာဝရအသက်ရှင်နေထိုင်လိုသော ဆန္ဒမရှိပေ။ ငယ်ရွယ်သူ တချို့ကတော့ သူတို့ကိုယ်သူတို့ပြန်လည်၍ နုပျိုသထက်နုပျိုအောင်၊ အို ဟောင်းပွန်းရိနေသော

သူတို့ကောင္ဒာသများကို အသစ်တစ်ဖန် ပြုပြင်နေကြသည်။

သူကတော့ သည်လိုမဟုတ်။ နှစ်ကြိမ်သာ ပြုပြင်ကုသမှု ခံယူခဲ့သည်။ တစ်ကြိမ်က သူ့အသက်ငါးဆယ်အရွယ်တွင် ဖြစ်ပြီး၊ တစ်ကြိမ်က သူ့အသက်တစ်ရာအရွယ်တွင်ဖြစ်လေသည်။ အကယ်၍ သူသာယခုထက် ပို၍ ရှည်ကြာလေးမြင့်စွာ ဆက်လက်အသက်ရှင် နေထိုင်လိုသည်ဆိုလျှင် လာမည့်ဆယ်နှစ်အတွင်းမှာ တတိယအကြိမ်မြောက် ပြုပြင်ကုသမှုကို မလွဲမသွေ ခံယူရပေလိမ့်မည်။ သို့သော် သူက ကုသမှုခံယူရန် ငြင်းပယ်ခဲ့ပြီး ဖြစ်၏။ သည်နေ့ သို့မဟုတ် မနက်ဖြန် သို့မဟုတ် နောက်အပတ်ပေါ့။ သူ့၏နောက်ဆုံး နေ့ရက်များကို ရောက်တော့မည်။ သူနှင့်အတူ ကမ္ဘာမြေကြီး၏ နောက်ဆုံးနေ့ရက် များပေါ့။ သူတို့က သူ့တို့ရဲ့ အရိုးပြာထည့်ထားသော အိုးပေါ်တွင် 'ဩဖိရ (၃၁၁၁၆ ခုနှစ်တွင် မွေး၍ ၃၁၂၅၆ တွင်ကွယ်လွန်သည်) ' ဆိုသော စာတန်းပါသော ကတ်ပြားကို ချိတ်ခွဲပေးကြမည်။ အမှန်တော့ နှစ်ပေါင်း တစ်ရာ့လေးဆယ် ဆိုသည်မှာ နေပျော်အောင် လုံလောက်သောနှစ် ဖြစ်သည်ဟု သစ်ငုတ်တိုတို့ဖြင့် ပြည့်လျှမ်းနေသော တောင်များအပေါ်၌ ဆည်းဆာ၏အရောင်များ ညစ်ပေစွန်းကွက်နေသကဲ့သို့ သူ စဉ်းစားတွေးခေါ်မိ၏။

လူသားတို့၏ ယဉ်ကျေးမှုဆည်းဆာကို ကြည့်ဖို့အတွက် သူရှည်ကြာစွာ အသက်ရှင် နေထိုင်ခဲ့သည်။ ယခုတော့ မှိန်ဖျော့စွာ လင်းလဲ့နေသော လူသားတို့ဘဝကို စောင့်ကြည့်ဖို့ သူမတောင့်တတော့။ လူသားတို့ ကြယ်တာရာများဆီသို့ နေထိုင်ရန် ထွက်ခွာသွားကြသော လွန်ခဲ့သည့် နှစ်ပေါင်း သုံးထောင်ခန့်ကတည်းက ယဉ်ကျေးမှုခရီးမှာ ဆုတ်ယုတ်လျော့ပါးလာခဲ့သည်။ ကမ္ဘာ့ယဉ်ကျေးမှု၏ အသက်သွေးခဲမှာ ခန်းခြောက်ခဲ့ပြီ။ ပြန်လည်တည်ဆောက်ရမည့် အခြေမှာလည်း အတိတ်ကာလတွင် ကျော်လွန်ကုန်ဆုံးခဲ့ပြီ။

နေမျိုးစာပဒေသာ

www.burmeseclassic.com


တချို့ကတော့ အန္တိမနိဂုံး အခြေဆိုက်ရောက်နေပြီဆိုလို ခြင်းကိုလက်မခံလိုကြ။ ဩဖိရလို လူတချို့ကတော့ ထိုအခြေကို ငြိမ်သက်စွာပင် စောင့်စားနေကြသည်။ အဝေးဆီမှ သီချင်းဆိုသံ ပျံ့လွင့်လာ၏။ ငယ်ရွယ်သောလူတစ်စု မြူးရွှင်နေကြခြင်းဖြစ်သည်။ ငယ်ရွယ်သော လူတစ်စု… ဤစကားစုကြောင့် ဩဖိရ သရော်ပြုံးပြုံးလိုက်မိသည်။ ယခုအခါ ငယ်ရွယ်သူတို့မှာ ခြောက်ဆယ် ခုနစ်ဆယ် ရှိနေကြပြီဖြစ်၏။ အစားထိုးထားသော အရာများဖြင့် သက်ရှင်ခြင်း၊ သူတို့ဘဝ၏ ပထမဆုံး ပြုပြင်ကုသခြင်း ပြီးမြောက်ခဲ့သည်မှာ မကြာသေးသော ကာလဖြစ်သည်။ သူတို့မှာ နောက်ဆုံးများလည်း ဖြစ်ကြသည်။ ကမ္ဘာမြေကြီးပေါ်တွင် မည်သူတစ်စုံတစ်ယောက်ကမျှ ကလေးမဖောက်တော့ချေ။ နောက်ဆုံးကလေး မွေးဖွားပြီးခဲ့သည်မှာ အနှစ်ငါးဆယ်ကျော်ခဲ့လေပြီ။ သူ ပထမဆုံးကုသမှု ခံယူပြီးချိန်ကာလနှင့် မရှေးမနှောင်းဖြစ်လိမ့်မည်ဟု ဩဖိရ တွေးမိသည်။

ဘာကြောင့်ကလေးတွေမရှိရတာလဲ။ ဤအချက်ကပင် လူ့ယဉ်ကျေးမှုကိုလဲ ကျသေဆုံးစေသည်။ ယခုအခါ ကမ္ဘာပေါ်တွင် လူသားထောင်အနည်းငယ်ထက်ပို၍ မနေနိုင်ကြတော့။ အခြားတစ်ပါးကို ထွက်ခွာသွားသော သူများထဲမှ အကြွင်းအကျန်မျှသာ ဖြစ်သည်။ လူသားတို့ကား ဆုံးခန်းတိုင်ခဲ့လေပြီ။ လေက ပို၍ စိမ့်အေးလာသည်။ သူ ထသွားဖို့ အချိန်တော်ပြီဟု ဩဖိရ ဆုံးဖြတ်လိုက်သည်။ လှပစွာနေဝင်သွားပုံနှင့်တော့ သူလွဲသွားပေးရှေ့မည်။ သည်မတိုင်မီ ထောင်ပေါင်းများစွာ နေဝင်ချိန်များကိုရော သူစောင့်ကြည့်ခဲ့ဖူးလို့လား။

ထိုအချိန်မှာပင် ရုတ်တရက်လျှပ်ပြက်သလို ထွက်ပေါ်လာသော အလင်းရောင်ကို သူမြင်လိုက်ရသည်။ သူနေထိုင်သော ဆင်ခြေလျှောကုန်းကလေးပေါ်တွင် ဆောက်ထားသည့် အိမ်၏အောက် မဝေးလှသော အရပ်မှဖြစ်သည်။ ရွှေရောင်မီးတောက်ငယ်သည် တောက်ပ

www.burmeseclassic.com


သည်ထက် တောက်ပလာသည်။ အရောင်စုံများမှာ ဝဲကတော့ တစ်ခုလို လည်မွှတ်နေ၏။

ပြီးတော့ ထိုနေရာမှာ ကောင်လေးတစ်ယောက်ရပ်နေကာ၊ ပတ်ဝန်းကျင်ကို မသေမချာ လှည့်ပတ်ကြည့်နေသည်ကို တွေ့ရသည်။

ဩဖိရ ပြုံးမိသည်။ ကောင်ကလေးမှာ သေးညှက်လှသည်။ သူ့၏ခါးတစ်ဝိုက်တွင်သာ အရောင်မှိုင်းမှိုင်း အဝတ်စတစ်ခုကို ဝတ်ဆင်ထား၏။ သူ့လက်မောင်းနှင့် ပိန်ချည့်သော ခြေထောက်များမှာ နေလောင်၍ ညိုမောင်နေသည်။ သူ့ကိုကြည့်ရသည်မှာ ၁၀နှစ် ၁၁နှစ်ထက် ပိုကြီးပုံမရ။ ဤကောင်ကလေး နှောင်နှစ်ပေါင်းများစွာ ခက်ခက်ခဲခဲ ပင်ပင်ပန်းပန်း အသက်ရှင်ရမည့်အရေးကို ဩဖိရ တွေးမိသည်။ လူအိုကြီးက လှမ်းပြောလိုက်သည်။

‘ ဒီအဝတ်အစားနဲ့ဆိုရင်တော့ မင်း အအေးမိလိမ့်မယ် ကောင်လေး ’

ဩဖိရ၏ စကားသံကြောင့် ကောင်လေးသည် လန့်သွား၏။ ကိုယ်ကို တစ်ပတ်လှည့်ကာ ကြည့်သည်။ အံ့အားသင့်ဟန် မျက်တောင်ခတ်သည်။ နောက်မှ ဆင်ခြေလျှောကုန်းပေါ်မှ သူ့ကိုတွေ့သွား၏။

‘ ကျုပ် အအေးမမိနိုင်ပါဘူး လူအိုကြီး၊ ကျုပ်က ကြာကြာ မနေပါဘူး ’

ကောင်လေး၏ သံနေ သံထားမှာ စိမ်းနေသည်။ သူ၏ သရသံများမှာ ခွကျစွာ မသဲမကွဲဖြစ်နေသည်။ သို့သော် သူတို့နှစ်ယောက်လုံး အပြန်အလှန် နားလည်သဘောပေါက်ရုံတော့ အသုံးပြုနိုင်၏။

‘ ဒီကိုတက်ခဲ့ပါလား၊ ငါ မင်းနဲ့ စကားပြောချင်တယ် လူကလေး ’

ကောင်လေးသည် ကုန်းပေါ်သို့ ပင့်ကူတစ်ကောင်လို ပြေး

www.burmeseclassic.com


တက်လာသည်။ ဆင်ခြေလျှောကုန်းစောင်းတွင် ဆောက်ထားသော ဩဇီဖိရ၏ အိမ်ဝင်တံခါးကို ပေါ့ပါးစွာ ခုန်ဝင်လိုက်လာသည်။ သူသည် ကြောင်တစ်ကောင်လိုပင် ခြေထောက်ဖြင့် မြေပေါ်ကို ညင်သာစွာကျလာ၏။ ပြီးတော့ ဩဇီဖိရကို အရိုအသေပေးလိုက်သည်။ ဩဇီဖိရက မေး၏။

'မင်း ဘယ်ကလာတာလဲ '

'သျှူန နံပါတ်ခြောက်ကပါ။ ကျုပ်နာမည်က အာဖြန်တဲ့ အသက်က ၁၁ နှစ် '

တခြားတာရာက ဖြစ်ရမည်ဆိုသော သူ၏တွေးဆချက် မှန်နေသဖြင့် ဩဇီဖိရက ခေါင်းတဆတ်ဆတ် ညိတ်လိုက်၏။

'မင်း ဘယ်လိုရောက်လာတာလဲ '

'အာကာသ သိဒ္ဓိနည်းနဲ့ဆိုပါတော့ '

'အာကာသ သိဒ္ဓိဟုတ်လား '

'ဟုတ်ပါတယ်၊ အပြင်တာရာတွေမှာ အသုံးပြုနေတဲ့ နောက်ဆုံးပေါ် ယာနကရဏနည်းပဲ၊ ခင်ဗျားသဘောပေါက်ရဲ့လား '

ဩဇီဖိရက ခေါင်းခါပြလိုက်သည်။

သျှူန နံပတ် ခြောက်ဆိုသည်မှာ ဤကမ္ဘာမြေမှ မည်မျှဝေးလံသည်ဆိုသော အချက်ကို မေ့လျော့နေသည်။ စကြဝါတာပေါင်း များစွာ ဝေးတာကတော့သေချာသည်။ အမြန်ဆုံး နျူကလီးယား စွမ်းအင်သုံး အာကာသယာဉ်နှင့် သွားသည့်တိုင် လပေါင်းများစွာ ကြာပေမည်။ အခုတော့ ...

ဒီကောင်ကလေးသာ လိမ်ညာမပြောဘူးဆိုလျှင် သူသည် မျက်စိတစ်မှိတ် လျှပ်တစ်ပြက်တဒင်္ဂကာလမျှဖြင့် အာကာသကို ဖြတ်သန်းထွင်းဖောက် ခရီးရောက်ခဲ့၏။ ကောင်ကလေးက မေးသည်။

'ခင်ဗျားပြောတဲ့ အမိပ္ပာယ်က ကမ္ဘာမြေကြီးပေါ်ကလူ

www.burmeseclassic.com


တွေဟာ အာကာသ သိဒ္ဓိနည်းကို မသိဘူးဆိုတဲ့ သဘောပေါ့... ဟုတ်လား၊ ဒါထက်... ဒါကမ္ဘာမြေကြီးပါနော် '

'ဟုတ်ပါတယ် ... ဒါ ကမ္ဘာမြေကြီးပါပဲ '

'နောက်နေတာ မဟုတ်ပါဘူးနော် '

'ဒါ ကမ္ဘာမြေကြီး အစစ်ပါ '

ကောင်ကလေးက ပျော်ရွှင်သွားသည်။

'ဒီနေရာကတော့ တကယ့်နေရာပါပဲ၊ စောင့်နေတဲ့သူတွေကို ကျုပ်ပြန်ပြောရဦးမယ် '

'ဘယ်သူတွေကို ပြောရမှာလဲ '

'ယုတင်၊ ဇာယာ၊ ဟိတ္တာလူ သူတို့က ကျုပ်သူငယ်ချင်းတွေလေ။ သူတို့က ဖုသျှုန်ပါတ်ကိုးမှာ နေကြတယ်။ ကျွန်တော် မနေ့က သူတို့ဆီ သွားလည်တော့ သူတို့က ပြောကြတယ်၊ တို့နေရာတွေဟာ လူသားတွေရဲ့ တကယ့်နေရာ မဟုတ်ဘူးတဲ့ ကမ္ဘာမြေကြီးကသာ အစစ်အမှန်နေရာတဲ့ '

ပထမဆုံးအကြိမ်အဖြစ် ကောင်ကလေးသည် ချမ်းစိမ့်မှုကို သတိပြုမိသွားသည်။ 'ဒီမှာတယ်အေးပါလား၊ ကျုပ်သွားမှဖြစ်မယ်၊ ကဲ... ကျုပ် သွားမယ် '

ကောင်လေးသည် လေထဲသို့ ခုန်တက်ကာ၊ ခက်ခဲသော ပုံသဏ္ဍာန်နှင့် လူးလွန့်ယင်း ပျောက်ကွယ်သွားသည်။

ဩဖိရသူ့ခေါင်းကို ဖြည်းညင်းစွာ ယမ်းခါလိုက်သည်။ ဒါ အိပ်မက်တစ်ခုလား။ လူအိုကြီးတစ်ယောက်ရဲ့ ငိုက်မေ့ဝေရီရာမှ ထွက်ပေါ်လာတဲ့ စိတ်ကူးယဉ်ဆန်းကြယ်မှုလား။ မဟုတ်။ ကောင်လေး ထွက်ခွာသွားပြီးဖြစ်သည့်တိုင် ဤကိစ္စမှာ တကယ့်ဖြစ်ပျက်ခဲ့ခြင်းဖြစ်သည်။ အာကာသအတွင်းရှိ အပြင်တာရာများတွင် နေထိုင်သူတို့သည် ယာနကရဏခေါ် ယာဉ်အမျိုးမျိုးတို့ကို တည်ဆောက်ခြင်း အတတ်၌

www.burmeseclassic.com


တစ်ဘက်ကမ်းခပ်ဖြစ်ကာ အာကာသသိဒ္ဓိဟု အမည်ပေးထားသော လျှပ်တပြက် ခရီးသွားလာခြင်းကိုပင် တီထွင်ပြီးမြောက်ခဲ့ကြသည်။ သို့သော် မည်သူတစ်စုံတစ်ယောက်ကမျှ ဤအကြောင်းကို ကမ္ဘာမြေကြီးအား အသိပေးပြောကြားခြင်းမရှိခဲ့။


ဩဖိရ ပခုံးတွန့်လိုက်သည်။ သူ့၏ အဆိုးမြင်ခံစားမှုမှာ တိုးပွား၍ လာနေသည်။ ကမ္ဘာမြေကြီးနှင့် ကမ္ဘာမြေကြီးပေါ်မှ လူသားတို့ကား၊ နောက်ကျပောင်းနွမ်းမှုန်ဝါးသော အရာများသာ ဖြစ်၏။ အင်အားအဟုတ် ကြီးမားသောတာရာ ကမ္ဘာထောင်ပေါင်းများစွာပေါ်မှာတော့ လူသားတို့၏ ပြိုင်ပွဲမှာ ဖွံ့ဖြိုးဆဲပင်ဖြစ်သည်။

ကောင်ကလေး ကြာကြာမနေဘဲ ထွက်သွားသည်မှာ ဆိုးလှသည်။ သူ့ကို တခြားစိတ်ဝင်စားစရာ အကြောင်းအရာများစွာ မေးစရာရှိ၏။ တစ်နေ့နေ့တွင်တော့ သူ့ကစားဖော်များကို ခေါ်ကာ ဤနေရာဟာ တကယ့်ကမ္ဘာမြေကြီး အစစ်ပါဟု ပြသရန် အာဗြန်ဆိုသော ကောင်လေး ပြန်လာကောင်းပြန်လာပေလိမ့်မည်။ လေက ပိုအေးလာ၏။ သူအိမ်ထဲကို ဝင်လာခဲ့သည်။

နေဝင်သွားပြီ။ တောင်ကုန်းများမှာမည်းမှောင်နေ၏။ ကောင်းကင်နက်နက်တွင် ညိုမှောင်သောတိမ်များ ချိတ်ဆွဲထားသလိုရှိသည်။ ကမ္ဘာမှာ အမှောင်ထုထဲဝယ် နစ်မြုပ်သွား၏။ သို့သော်ဖယောင်းတိုင်တသန်းထွန်းညှိသလို ကြယ်တာရာများစွာကတော့ ခုမှစတင်လင်းလက်တောက်ပလာ၏။

[ဒဂုန်မဂ္ဂဇင်း၊ ၁၉၈၆၊ ဖေဖော်ဝါရီလ]

www.burmeseclassic.com



ဝံငကျောဋိနှင်းခမိ

www.burmeseclassic.com

**ပိတောက်နှင်းဆီ**

‘ အို ...မင်းဘာလို့ ငိုရပြန်တာလဲ နွေလ ’

နွေလက သူ့ယောကျ်ား ဩခ၏လက်များကို သူမ၏မေးဖျား ပေါ်မှ ဖယ်ရှားပြီး ခေါင်းငိုက်စိုက်ချကာပြောသည်။

‘ ဘာမှမဖြစ်ပါဘူး ဩခ’

ဩခက ညှိုးနွမ်းသော်လည်း အလှမပျက်သော နွေလ၏ မျက်နှာကို ငေးမောကြည့်ကာ ...

‘ မင်းမျက်နှာပေါ်မှာ မျက်ရည်စတွေကို တွေ့နေရတာပဲ၊ ဘာဖြစ်ပြန်တာလဲကွယ်၊ အာယံကြောင့်များလား ’

အာယံဆိုသည်မှာ ငါးနှစ်ရွယ်၊ သူတို့၏ တစ်ဦးတည်းသော သားကလေးဖြစ်သည်။

‘အို... မဟုတ်ပါဘူး၊ အာယံဟာ အပြစ်အနာအဆာ ကင်းတဲ့ ကလေးတစ်ယောက်ပါ။ သူ့ကို ပြုစုပျိုးထောင်နေတဲ့ အဖိုး တန်ထုတ်လုပ်မှု တစ်ခုဖြစ်တဲ့၊ စက်နဲ့လုပ်ထားတဲ့ ကလေးထိန်းလိုပါ ပဲ၊ အာယံဟာဘယ်တော့မှ သူ့မိဘတွေကို ဒုက္ခမပေးပါဘူး ’

နွေလ၏စကားမှာ ငေါ်တော့တော့လေသံပါကြောင်း ဩခ

ရိုပ်မိသော်လည်း တမင်စကားကို လှီးလွဲလိုက်၏။

'သူအိပ်ပြီလား'

'လွန်ခဲ့တဲ့ ဆယ့်ငါးမိနစ်လောက်ကတော့ ထုံးစံအတိုင်း ပေါ့။ ရှမ္မပြောပြတဲ့ အိပ်ရာဝင်ပုံပြင်ကို နားထောင်နေတယ်။ ကျွန်မ ရောက်သွားတော့ အာယံဟာ၊ သူ့ခုတင်ပေါ်မှာထိုင်နေတယ်။ သူ့မျက်နှာဟာ စိတ်တက်ကြွမှုကြောင့် သွေးဖြန်းပြီး နီမြန်းနေတယ်။ မြတ်နိုးမှုတွေ ပျော်ဝင်နေတဲ့ သူအကြည့်တွေဟာ သူ့ရဲချစ်လှစွာသော ရှမ္မရဲ့ အပေါ်မှာပဲ တစ်ချိန်လုံးငြိတွယ်နေတယ်။ ကျွန်မရောက်နေတာကိုတောင် ပထမသတိမထားမိဘူး။ သူ့ကို ကျွန်မက နှုတ်ဆက်နမ်း နမ်းဖို့ အနားကို တိုးသွားတော့ အာယံက သူ့လက်ကလေးတွေကို ယမ်းပြီး အဝေးကို နှင်ပစ်တယ်။ သူ နားထောင်နေတဲ့ ပုံပြင်ဆုံးအောင် မစောင့်တဲ့ အတွက် ကျွန်မကို စိတ်တိုနေသလိုပဲ။ တကယ်တော့ အမေဆိုတာ အီလက်တရွန်နစ်စက်ရုပ်တစ်ခု မဟုတ်ပါဘူး'

'ရှမ္မကရော ဘာလုပ်သလဲ'

'ဆွဲဆောင်မှုရှိတဲ့၊ လိမ္မာပါးနပ်တဲ့၊ ထိုးထွင်းဉာဏ်ရှိပြီး ချင့်ချိန်တတ်တဲ့ ရှမ္မကတော့၊ ထုံးစံအတိုင်း ချက်ပိုင်ပိုင်နဲ့ ပြောတာ ပေါ့။ အာယံ မင်းအမေကို နမ်းခွင့်ပြုလိုက်ပါ။ မင်းနဲ့ သူရဲ့အကြားမှာ သွေးဆိုတဲ့ ချုပ်နှောင်ဆက်သွယ်မှုရှိနေတယ်။ မင်းကို... သက်ရှိ အခြေခံ ဇီဝဓာတုမျိုး စိတ်ဖြာခြင်းအကြောင်း ငါပြောပြဖူးခဲ့တယ် မဟုတ်လား တဲ့'

ဩဇေ သက်ပြင်းတစ်ချက်ချကာ ပြောသည်။

နွေလ၏ မျက်လုံးအိမ်မှ၊ မျက်ရည်စများ ယိုစီးကျလာ၏။ အမှန်တော့ ဤရှမ္မဆိုသော ကလေးထိန်းစက်ရုပ်ကို ကနဦးက သူပင် လိုလိုလားလားလက်ခံခဲ့ခြင်းဖြစ်၏။ ရှမ္မဆိုသော အမည်ကိုပင် သူပေး ခဲ့ခြင်းဖြစ်၏။ ရှမ္မဆိုသည်က နှင်းဆီဟူသော အဓိပ္ပာယ်ရ၏။ နွေလသည် နှင်းဆီပန်းကို ချစ်သူဖြစ်သည်။ အခုတော့ ရှမ္မဆိုသော နှင်းဆီက

www.burmeseclassic.com


ဆူးဇာတိကို တစ်စထက်တစ်စ ပြလာနေသည်။

'ကျွန်မ ဒီအတိုင်း ကြာရှည် ဆက်မနေနိုင်တော့ဘူး ဩဓ။ ရှင် စဉ်းစားကြည့်စမ်းပါ။ ကျိုးကြောင်း ဆင်ခြင်ဉာဏ်နဲ့ ပြည့်စုံတဲ့ စက်တွေရဲ့ ဂုဏ်သိက္ခာက လူထက် ပိုကြီးမြင့်တာကို နေရာတကာ အချိန်ရှိသမျှ တွေ့ကြုံနေရတယ်။ သူတို့နဲ့ယှဉ်လိုက်တိုင်း ကိုယ်က အောက်ကျသလို ခံစားနေရတယ်။ ကျေးဇူးပြုပြီး တစ်ခုခုလုပ်စမ်းပါ။ ဒီစက်တွေဟာ ဘာလို့ဒီလောက်ကြောက်စရာ ကောင်းလောက်အောင် အသိဉာဏ်နဲ့ ပြည့်စုံနေရတာလဲ။ အမှန်တော့ သူတို့တတွေဟာ လူတွေရဲ့ အသုံးတော်ခံပစ္စည်းတွေပါ။ သူတို့ ဒီလို အသိဉာဏ်တရားတွေ မရှိဘဲ၊ သူတို့ရဲ့ ဝတ္တရားတွေကို ဆောင်ရွက်ဖို့ မဖြစ်နိုင်လို့လား '

'ဆီလျော်တဲ့အတိုင်း ဖြစ်လာရတာပါ နွေလရယ်။ တို့က မနာလိုစရာ မရှိပါဘူး။ သူတို့ရဲ့ထူးခြားတဲ့ သွင်ပြင်လက္ခဏာနဲ့ ညီမျှအောင် ထူးခြားထက်သန်တဲ့ ဉာဏ်ကို ဖန်တီးပေးရတာပေါ့၊ ဒါဟာ လူလောကအတွက် နှောင်တရစရာလည်း မဟုတ်ဘူး။ မင်းမကျေနပ်ဘူး ဆိုယင် ရှမ္မရဲ့နေရာမှာ တခြားစက်ရုပ်တစ်ခုကို အစားထိုးပေးဖို့ သက်ဆိုင်ရာကို ကိုယ်တောင်းဆိုလိုက်မယ်လေ '

နွေလ ခေါင်းကို ယမ်းခါသည်။

'ဒါလည်း မဖြစ်နိုင်ပါဘူး ဩဓ။ သားလေးအာယံဟာ သူ့ကို ရိုးရိုးသားသားပဲ ချစ်နေရှာတယ်။ လဲလှယ်လိုက်ရင် သားကလေးပဲ စိတ်ဆင်းရဲရမယ်။ ကောင်းတာကတော့ ရှမ္မရဲ့ အသိဉာဏ်နဲ့ ပတ်သက်တဲ့ အင်္ဂါအစိတ်အပိုင်းတွေကို နုံနဲ့မိုက်မဲတွေဝေစေတဲ့ အပိုင်းအစတွေနဲ့ ပြောင်းလဲတပ်ဆင်လိုက်တာပဲ။ ဒါဆိုရင်တော့ ကျွန်မ သူကို ကြည့်လို့ရ လာမယ် ထင်တယ် '

ဩဓကေ ပျာပျာသလဲ ငြင်း၏။

'ဒါပေမယ့် ဒါဟာ ရာဇဝတ်မှုတစ်ခုပဲ နွေလ၊ မင်း မသိဘူးလား။ တို့နိုင်ငံမှာ ဥပဒေဟာ လူနဲ့စက်ရုပ်တွေကို တစ်တန်းစား

www.burmeseclassic.com


တည်းထား စဉ်းစားတယ်ဆိုတာ ’

‘ အို… ဘာပဲဖြစ်ဖြစ် ကျွန်မတော့ ဒီလိုအရှက်ခွဲခံပြီး ကြာရှည်မနေနိုင်တော့ဘူး’

ထိုအခိုက်မှာပင် ဩဇကေ သူ့ကို ဟန့်တားလိုက်၏။

‘ တိတ်တော့ ရှမ္မလာနေပြီ၊ မင်းစိတ်ကိုလည်း မင်းထိန်းဦး’

သူတို့အနားကို ရှမ္မ ရောက်လာကာ နှုတ်ဆက်လိုက်၏။

‘ မင်္ဂလာပါ , သခင် ’

‘သခင်ဟုတ်လား၊ ဘယ်လိုပြောလိုက်တာလဲ ရှမ္မ။ မင်းတို့လို ပထမတန်းစား အဆင့်စက်ရုပ်တွေ အနေနဲ့ ဒီလို စကားလုံးကို သုံးစွဲစရာ မလိုဘူးဆိုတာ မင်း ကျိန်းသေသိဖို့ကောင်းတယ် ’

‘ ကျွန်မ သိပါတယ် သခင်။ ဒါပေမယ့် ဒီလိုသုံးစွဲတာကို သခင်မနွေလက ကြိုက်တယ် ထင်နေလို့ပါ။ ကျွန်မ သိရသလောက် သခင်မနွေလဟာ ဖန်တီးသူ အရှင်သခင်လူသားနဲ့ ဖန်တီးခံစက်ရုပ်တွေ ရဲ့အကြား ခြားနားချက်ကို ပဓာနပြုရတာ နှစ်သက်လေ့ရှိပါတယ် ’

နွေလသည် လက်ကိုင်ပဝါနှင့် မျက်လုံးကိုတို့၍ အခန်းထဲမှ အတင်းထပြေး ထွက်ခွာသွားသည်။

‘ ဒီအတိုင်းပဲ မဟုတ်လား’

ရှမ္မက မေးခွန်းထုတ်နေ၏။

‘ ကဲ… မင်း… သွားနိုင်ပါပြီ ’

ဩဇကေ အမိန့်ပေး၏။

နောက်ထပ် ဆယ်မိနစ်ခန့်ကြာသောအခါ ဩဇသည် ရှမ္မရှိရာ မီးဖိုးခန်းထဲသို့ ဝင်လာခဲ့သည်။

‘ ဘာလုပ်နေသလဲ ’

သူမ၏ ရွှေ့လျားမှုကို ထိန်းချုပ်သည့် သူမနားထင်၌ ထည့်ထားသော မိုက်ကရိုဖလင်ရစ်ခွေ လှုပ်ရှားသွား၏။

‘ ကျွန်မ ရှေးဟောင်းနောဒပြည်နဲ့ ပတ်သက်တဲ့ ပန်းချီ

www.burmeseclassic.com


တွေကို လေ့လာနေတာပါ။ မနက်ဖြန်ဟာ ကျွန်မရဲ့ အားလပ်ရက်မဟုတ်လား။ ကျွန်မရဲ့ အဆက်အနွယ် ကလေးကို ကျွန်မသွားကြည့်ချင်တယ်။ သူ့ဆရာမကတော့ သူဟာပန်းချီပညာမှာ ပါရမီရှိတယ်လို့ ပြောတာပဲ။ ကျွန်မစိုးရိမ်တာက သူနေတဲ့ ဘော်ဒါကျောင်းမှာ ပုံဆွဲလေ့ကျင့်ဖို့ အချိန်မရမှာကိုပဲ။ ဒီကိစ္စအတွက် ကျွန်မရဲ့ အားလပ်ရက်ကိုအသုံးပြုမလို့ ’

‘ ဒီနေ့ မင်းနဲ့ နွေလရဲ့အကြား ဘာပြဿနာ ပေါ်တာလဲ’

‘ ထူးထူးခြားခြား မဟုတ်ပါဘူး၊ မနက်ပိုင်းက ကျွန်မက သူ့စားပွဲကို ရှင်းလင်းပေးတယ်။ အဲဒီလို ရှင်းလင်းပေးနေတုန်း ရိုးရိုးသားသား အခွင့်အရေးတစ်ခုရပြီး၊ ဖျတ်ခနဲ သူပြုစုနေတဲ့ ကျမ်းစာတစ်မျက်နှာကို အမှတ်မထင်မြင်လိုက်ရတယ်။ အဲဒီမှာ အဓိက အနှစ်သာရကျတဲ့ ချူးကလီးယား အက်ဆစ်ဖော်မြူလာနှစ်ခု မှားနေတာကို တွေ့လိုက်ရတယ်။ ကျွန်မက ရိုးရိုးသားသား ကူညီတဲ့အနေနဲ့ အဲဒီအကြောင်း နွေလကို ပြောလိုက်မိတယ်။ အဲဒါဟာ ကျွန်မရဲ့ ရူးမိုက်မှုပါပဲ ’

‘ နွေလက ဘယ်လိုတုံ့ပြန်သလဲ ’

‘ သူငိုတော့တာပဲ။ ပြီးတော့ ပြောသေးတယ်။ သူဟာလူသားတစ်ဦးပါတဲ့။ သက်ရှိတစ်ဦးပါတဲ့။ အချိန်ရှိသရွေ့ စက်ရုပ်တစ်ရုပ်က သင်ခန်းစာပေးနေစရာ မလိုဘူးတဲ့ ’

‘ အင်း... မင်းအနေနဲ့ ပကတိစိတ်အတိုင်း ဆောင်ရွက်တာဆိုပေမယ့် ဒါကတော့ သိပ်မသိမ်မွေ့လှဘူး ရှမ္မ’

‘ ဝမ်းနည်းပါတယ်၊ ကျွန်မအနေနဲ့ သူ့ကို ထိခိုက်နာကျင်စေဖို့ မရည်ရွယ်ခဲ့ပါဘူး ’

‘ကျေးဇူးပြုပြီး နောက် ... နွေလနဲ့ ပတ်သက်တဲ့ ပြဿနာကို ကိုင်တွယ်တဲ့နေရာမှာ ဒီထက်နည်းနည်းပိုပြီး ပရိယာယ်သုံးစေချင်တယ် ရှမ္မ။ သူက သိပ်ပြီးစိတ်ထား နုနယ်လွန်းတယ် ’

‘ ဟုတ်ကဲ့ပါ သခင် ’

www.burmeseclassic.com


ညြခကေ ကိုယ်ကို တစ်ချက်တွန့်ပြီး သူ့တို့ အိပ်ခန်းရှိရာသို့လာခဲ့၏။ နွေလမှာ အိပ်ပျော်နေလေပြီ၊ သူမ၏ မျက်နှာမှာ ခေါင်းအုံးပေါ်တွင် မှောက်နစ်လျက်ရှိ၏။ အိပ်မပျော်ခင်ကမူ၊ ငိုကြွေးခဲ့သေးဟန်တူသည်။ ခေါင်းအုံးတွင် မျက်ရည်စများ စွတ်စိုနေ၏။ နွေလနိုးမသွားစေရန်၊ ဂရုထားပြီး၊ ညြခ အိပ်ရာပေါ် ဝင်လှဲလျောင်းလိုက်သည်။ သူ့ရင့်မှာ ပူလောင်နေ၏။

ထိုအချိန်တွင် မီးဖိုခန်းထဲမှ ရှိသော ရှမ္ဗသည်ဤသို့ တွေးတောနေမိသည်။

လူနဲ့ စက်ရုပ်တွေရဲ့ အကြားမှာ၊ ဒီလိုလူတွေ သည်းမခံနိုင်ဖွယ်ကိစ္စတွေဟာ ဘာလို့ပေါက်ဖွားလာရတာလဲ။ သူတို့ဟာ သူတို့ဖန်တီးထားတဲ့ အရာတွေရဲ့ ကျေးဇူးခံကျေးဇူးစားတွေ မဟုတ်ဘူးဆိုတာ ဖော်ပြနိုင်ဖို့၊ ဘာလို့ ဒီလောက်ခါးခါးသီးသီး ခံစားနေရတာလဲ။ ဒီကိစ္စ လောက်ကို အကောင်အထည်ပြဖို့ အခုရှိနေတဲ့ လူထက် အသိဉာဏ်သာ တဲ့ စက်ရုပ်တွေကို တစ်စုံတစ်ယောက်ကမှ မတောင်းဆိုကြ တော့မယ့် တစ်နေ့ကို ရောက်လာနိုင်တယ်။ ဒါဟာမျှတပြီး တရားနည်းလမ်းကျရဲ့ လား။ ဝမ်းနည်းစရာပဲ။ စက်ရုပ်တစ်ရုပ်ရဲ့ အလုပ်ဆိုတာ သူတို့ရဲ့ ဘာမဟုတ်တဲ့ ကလေးတွေရဲ့ အမေဟန်ဆောင်ဖို့ မဟုတ်ဘူးဆိုတာ သူတို့ မသိကြဘူး ။

ထိုအတွေးဆုံးသည်နှင့် ထက်သန်သော စိတ်ဆန္ဒနှင့် ဆုံးဖြတ်ချက် တစ်ခုချကာ ရှမ္ဗသည် အထပ်ငါးဆယ် အမြင့်တွင်ရှိသော မီးဖိုခန်း ပြတင်းပေါက်မှနေ၍ အောက်သို့ တစ်ဟုန်ထိုး ခုန်ချလိုက်လေသည်။

[ဒဂုန်မဂ္ဂဇင်း၊၁၉၈၅၊ ဇန်နဝါရီလ]

နေမျိုးစာပဒေသာ

www.burmeseclassic.com

**စက်စက်**

လွန်ခဲ့သော လအနည်းငယ်ခန့်က ကျွန်ုပ်၏ နှစ်ငါးဆယ်မြောက် မွေးနေ့ပွဲကို ကျင်းပခဲ့သည်။ ကျွန်ုပ်၏ သန္ဓေပါ အပြစ်အနာအဆာများကို ပေါင်မုန့် မီးကင်များဖြင့် ဖုံးလွှမ်းထားသော ညစာပွဲတွင် ရေဒီယန်နစ် ဓာတ်ခွဲခန်း အကြီးအကဲဖြစ်သူ ပါရဂူ ဗျန်ဆရိက ဖန်ခွက်တစ်ခွက်ကို လက်ထဲတွင် ကိုင်ယင်း ...

'အခု ကျွန်တော်တို့ ဓာတ်ခွဲခန်းရဲ့ အသက်ငယ်ဆုံး ကိုယ်စားလှယ်က မွေးနေ့ပွဲရှင် ဩဇေကို တွေ့ဆုံ နှုတ်ဆက်ပါလိမ့်မယ် '

လူအားလုံးက သူ့စကားဆုံးသည်နှင့် သိလိုဇော ကိုယ်စီဖြင့် တံခါးဆီသို့ စောင်းငဲ့ကြည့်လိုက် ကြသည်။ ငြိမ်သက်နေသော အခန်းထဲတွင် တံခါးဝဆီမှ လက်သည်းနှင့် ကုတ်ခြစ်သံကို စတင်ကြားရ၏။ နောက်တော့ တံခါးပွင့်သွားကာ စက်လူရုပ်တစ်ခု အခန်းထဲကို လိမ့်ရွေ့ဝင်လာလေသည်။ လူတိုင်းလိုလိုက ကောင်းချီးပေးကြ၏။

ပါရဂူ ဗျန်ဆရိက စကားဆက်ပြော၏။

'ဒီစက်လူမှာ မိမိဘာသာ သင်ယူနိုင်တဲ့ အလိုအလျောက် စက်တပ်ဆင်ထားပါတယ်။ သူ့မှာ ပုံသေကန့်သတ် သတ်မှတ်ထားတဲ့

www.burmeseclassic.com


ပရိဂရမ် မရှိဘူး။ အခြေအနေ အဖြစ်အပျက်နဲ့ လိုက်လျော သင့်မြတ်အောင် သူ့ပရိဂရမ် မူကြမ်းကို သူကိုယ်တိုင် လွှဲပြောင်းရေးဆွဲနိုင် တယ်။ သူ့မှတ်ဉာဏ်ထဲမှာ စကားလုံးထောင်ကျော် သိုလှောင်ထားတယ်။ အဲဒါက ပွားများလာတဲ့ သူ့ကိုယ်ပိုင် ဝေါဟာရတွေလည်းရှိတယ်။ စက်စက်ဟာ (အဲဒါ သူ့ကို ကျွန်တော်ခေါ်တဲ့ နာမည် ဆိုပါတော့။) ပုံနှိပ်ထားတဲ့ စာမှန်သမျှ ဖတ်နိုင်တယ်။ ဝါကျဖွဲ့သိနိုင်တယ်။ လူတွေ ပြောတဲ့စကားကို နားလည်တယ်။ ပြန်လည်းပြောနိုင်တယ်။ သူ့မွေးနေ့မှာ စက်စက်ကို လက်ဆောင်ပေးဖို့အတွက် ကျုပ် တစ်နှစ်လုံး အလုပ်လုပ်ခဲ့ရတယ်။ ကဲ ... စက်စက် မင်းရဲ့ သခင်အသစ်ကို နှုတ်ဆက်လိုက်စမ်းပါ ’

စက်လူက ကျွန်ုပ်ထံ လိမ့်ရွေ့လာကာ ပြောသည်။

‘ ခင်ဗျားကသာ ကျွန်တော့်ကို ခင်ဗျားရဲ့ မိသားစုအဖွဲ့ဝင်တစ်ဦးလို ဝမ်းမြောက်ဝမ်းသာ လက်ခံမယ်ဆိုရင် ကျွန်တော် ပီတိဖြစ်ရပါမယ် ခင်ဗျာ ’

သူ့ အသုံးအနှုန်းမှာ ကောင်းမွန်လှသည်။ ဤလိုစာစုမျိုး ကို ကျွန်ုပ်ပင် မတွေးမိခဲ့ချေ။ လူတိုင်းက စက်စက်ကို လှည့်ပတ်ကြည့်ရှုကြသည်။ ကျွန်ုပ်၏ ယောက္ခမက ပြောသည်။

‘ တို့တွေ သူ့လို အဝတ် လုံးဝမပါပဲ အခန်းတိုင်း လျှောက်သွားနိုင်မှာ မဟုတ်ဘူး။ ငါကတော့ သူ့ကို မိန်းမတွေဝတ်တဲ့ အင်္ကျီရှည်ပွပွမျိုး ဝတ်ထားတာပဲ မြင်ချင်တယ် ’

နောက်နေ့ အိပ်ရာမှ ကျွန်ုပ်နိုးလာသောအခါ အမိန့်ကို နာခံရန် စောင့်စားနေဟန် လက္ခဏာဖြင့် ကျွန်ုပ်၏ ခုတင်ဘေးတွင် ရပ်နေသော စက်စက်ကို တွေ့ရလေသည်။ သူ့သတ္တုကိုယ်ထည်ပေါ်တွင် ကျွန်ုပ်ယောက္ခမ၏ ဂါဝန်ဟောင်းတစ်ထည် လွှမ်းခြုံထား၏။ ရယ်ချင်စိတ်ကို မျိုသိပ်ကာ သူ့ကို ပထမဦးဆုံး စမ်းသပ်ခိုင်းစေ

လိုက်သည်။

‘ ကိုယ်ဖိနပ်ကို တိုက်ထားပေးနိုင်မယ်ဆိုယင်တော့ ကျေးဇူး ကမ္ဘာပဲ စက်စက်။ အခန်းမကြီးဆီကို သွားတဲ့ တံခါးနားမှာ ဖိနပ်ထောင်ထားတယ် ’

‘ ဖိနပ်ကို ဘယ်လိုတိုက်ရသလဲ ’ သူကမေးသည်။

‘ လွယ်လွယ်လေးပါ၊ သေတ္တာအံဆွဲထဲမှာ အညိုရောင်ဖိနပ်ဆေးနဲ့ ဝက်မှင်ဘီးတစ်စုံ တွေ့လိမ့်မယ်။ ဖိနပ်ပေါ်မှာ တိုက်ဆေးကို ဖြန့်တင်လိုက်။ ပြီးတော့ ဝက်မှင်ဘီးနဲ့ ပြောင်လက်လာတဲ့အထိ ပွတ်တိုက်ရုံ ’

အမိန့်ကို နာခံဆောင်ရွက်ရန်အတွက် တံခါးမကြီးဆီသို့ စက်စက် ထွက်သွားလေသည်။ စမ်းသပ်စေခိုင်းလိုက်သော သူ၏ ပထမဆုံးအလုပ်ကို သူမည်မျှ နိုင်နင်းစွာ လုပ်ကိုင်နိုင်သည် ဆိုသည့် အချက်အား စူးစမ်းလိုစိတ် ကျွန်ုပ်တွင် ဖြစ်ပေါ်နေသည်။ သို့ဖြင့် သူနောက် မှ လိုက်ခဲ့၏။

ကျွန်ုပ်ရောက်ရှိသွားသောအခါ စက်စက်သည် ကျွန်ုပ်၏ ဇနီးဖြစ်သူ တကယ့်အခါထူး အချိန်ထူးများတွင်သာ ချွေချွေတာတာ သုံးစွဲလေ့ရှိသော ဆီးချိုသီးယိုများကို ကျွန်ုပ်၏ ဖိနပ်ပေါ်တွင် ဖြန့်ပုံပြီး ဖြစ်နေသည်ကို တွေ့ရလေသည်။

‘ အို... စက်စက်ကတော့ လုပ်လိုက်ပြီ၊ ဖိနပ်တိုက်ဆေးက အောက်ထပ်မှာဆိုတာ ပြောဖို့ငါကလည်း မေ့သွားတယ်။ မင်းက ယိုပုလင်းနဲ့ မှားယူလာတာကိုး ’

‘ အရာဝတ္ထုတိုင်းရဲ့ ဟင်းလင်းပြင်နဲ့ဆိုင်တဲ့ အနေအထားဆိုတာ ... ’

ကျွန်ုပ်၏ ဖိနပ်ပေါ်မှ ညစ်ပေနေသည်များကို သူသည် သန့်ရှင်းပစ်ရန် ကြိုးစားလိမ့်မည်ဟု ကျွန်ုပ် စောင့်စားနေစဉ်သူက

ဣန္ဒြေကြီးစွာဖြင့် ဟင်းလင်းပြင်နှင့် အရာဝတ္ထုများ၏ နေရာယူမှု သီအိုရီကို အကျယ်တဝင့် ရှင်းပြပြောဆိုနေလေသည်။ နောက်ဆုံး ကျွန်ုပ်က ဝန်ခံစကား ပြောလိုက်သည်။

'ဟုတ်ပါပြီ၊ ငါပဲမှားတာပါ။ ငါအားလုံး နားလည်ပါပြီ။ နောက်ကို ဆင်ခြင်ပါ့မယ်'

သို့တိုင်အောင် သူသည် သူ၏ တကျိကျိ တရှုံ့ရှုံ့ မြည်သော အသံနှင့် ဆက်ကာ ပို့ချနေဆဲ ဖြစ်သည်။

'တော်ပြီ၊ ဒီအကြောင်းကို ရပ်တော့'

ကျွန်ုပ်က ဒေါသံနှင့် အော်လိုက်မှသာ ပြီးတော့၏။

မကြာမီ ဤစက်စက်သည် လက်နှင့်လုပ်ရသော အလုပ်မျိုးထက် အသိဉာဏ်အလိမ္မာနှင့် သက်ဆိုင်သော လုပ်ငန်းများဖြင့် ပို၍သင့်တော်ကြောင်း ကျွန်ုပ်တွေ့သိရှိလာရသည်။ ခိုင်းစေသည့် အရာဝတ္ထုတိုင်း ပျင်းရိလေးကန်စွာ စိတ်မပါဘဲ ဆောင်ရွက်နေသည်ကို တွေ့ရလေသည်။ သက်သက်ညှာညှာ ပြောသင့်သော်လည်း ကျွန်ုပ်စိတ်ထဲရှိသမျှ ပြောရလျှင် သူသည် စုန်းထီးတစ်ကောင်သာ ဖြစ်လေသည်။

ကျွန်ုပ်မိန်းမ ယုဘီကမူ သူ့ပိုက်ဆံအိတ်ထဲ၌ ပြားဘယ်လောက်ရှိသည်ဟု ရေတွက်သော ကိစ္စကိုပင် စက်စက်အပေါ် အားကိုးအားထား ပြုနေလေသည်။ တစ်အိမ်လုံး၏ အသုံးစရိတ်နှင့် ပတ်သက်သော စက်စက် တွက်ချက်ပြောပြသည့် အကူအညီများမှာလည်း တန်ဖိုးမဖြတ်နိုင်ဟု ယုံကြည်နေ၏။

ကျွန်ုပ်မိန်းမနှင့် ယောက္ခမမှာ စက်စက်ကို ထူးချွန်သော သင်္ချာဗေဒပါရဂူကြီး တစ်ဦးအဖြစ် သဘောပေါက်နေသည်။ ကျွန်ုပ်ကတော့ သူ့အသိဉာဏ် အဆင့်သည် မနက်နဲသော အပေါ်ယံကြောအသိသာဖြစ်ကြောင်း ထင်မြင်ယူဆနေသည်။ တစ်နေ့ လက်ဖက်ရည်

သောက်ချိန်တွင် ကျွန်ုပ်၏ဇနီးက …

‘ စက်စက် ဖီးဖိုထဲက ကိတ်မုန့်တစ်လုံးကို သုံးစိတ်ခွဲလို့ပြီး ယူခဲ့စမ်းပါ ’

‘ ဒီလောက်ပြောရုံနဲ့ မပြည့်စုံသေးပါဘူး’ ချက်ချင်းသူထံ မှ တုံ့ပြန်သော ဝါကျ ထွက်ပေါ်လာ၏။

‘ ဘာဖြစ်လို့လဲ ’

‘ ဘာဖြစ်လို့လဲ ဆိုတော့ ယူနစ်တစ်ခုကို သုံးနဲ့စားလို့ မရလို့ပါပဲ။ ပစ္စည်းတစ်ခုကို ခွဲခြမ်းစိတ်ဖြာခြင်းရဲ့ အကျိုးသက်ရောက်မှု ပေါ်အောင် တိတိကျကျ မတိမ်းမစောင်း ဒသမကိန်းအထိ မှန်ကန်အောင် တွက်ချက်ဖို့ ဆိုတာကလည်း မလွယ်ပါဘူး ’

ကျွန်ုပ်၏ဇနီးက ကျွန်ုပ်ကို အကူအညီတောင်းသည့် အကြည့်ဖြင့် ကြည့်သည်။ ကျွန်ုပ်၏ယောက္ခမကမူ …

‘ ငါတော့ စက်စက်မှန်တယ် ထင်တယ်။ အဲဒီအကြောင်းတွေကို အယင်က ငါမကြားဖူးဘူး ’

‘ စက်စက်’ ကျွန်ုပ်က ပြောလိုက်သည်။ ‘ဒါဟာ သင်္ချာဗေဒအရ ယူနစ်တစ်ခုကို သုံးပိုင်းခွဲခြမ်းစိတ်ဖြာခြင်းနဲ့ ဆိုင်တဲ့ ပြဿနာမဟုတ်ဘူး။ ဂဲသြမေထရီနည်းအရ တန်ဖိုးတူညီတဲ့ ဧရိယာသုံးခုကို အညီအမျှ ခွဲခြမ်းနိုင်ပါတယ်။ ကိတ်မုန့်ဟာ ဝိုင်းတယ်။ စက်ဝိုင်းရဲ့ အနားမျဉ်းပေါ်မှာ ခွဲခြမ်းရမယ့် အမှတ်ကို အယင်ရှာရမယ်။ ဒါဆိုရင် ကိတ်မုန့်ကို အညီအမျှ ခွဲဝေနိုင်ပြီပေါ့ ’

‘အဓိပ္ပာယ်မဲ့ စကားပဲ ’သူက ချက်ချင်းပင် ခွန်းတုံ့ ပြန်၏။ ‘ စက်ဝိုင်းရဲ့ အနားပေါ်မှာ သုံးပိုင်းခွဲခြမ်းဖို့အတွက် ပထမဆုံး ကျုပ်အနေနဲ့ တိတိကျကျ မဖော်ပြနိုင်တဲ့ စက်ဝိုင်းဝန်းပတ်နဲ့ စက်ဝိုင်းဗဟိုချက်ဖြတ်မျဉ်းကို အဆပမာဏပြုတဲ့ ဒိုင်ယာမက်တာ အချိန်က ထွက်ပေါ်လာတဲ့ အလျားကို အရင်ဆုံးသိထားရမယ်။ အဆုံးသတ်

www.burmeseclassic.com


ဆန်းစစ်ဖို့ ခက်ခဲတဲ့ မဖြစ်နိုင်တဲ့ ကိစ္စပဲ။ အဲဒါလေးထောင့်နဲ့ အဝိုင်းရဲ့ ကွဲလွဲဟပ်ကွာချက်ကို ဖော်ပြတဲ့ ပြဿနာပေါ့ '

' မှန်လိုက်လေ ' ကျွန်ုပ်၏ယောက္ခမက ဒုတိယအကြိမ် ထောက်ခံလိုက်ပြန်သည်။

' ကျောင်းတုန်းက တို့ ဒါတွေသင်ရတယ်။ တစ်နေ့တို့ အားလုံးလေးစားရတဲ့ သင်္ချာဆရာက အတန်းထဲကို ဝင်လာပြီး '

' ကျေးဇူးပြုပြီး ကျွန်တော့်ကို ဝင်မနှောင့်ပါနဲ့ ခင်ဗျား '

ယောက္ခမ လုပ်သူကို တောင်းပန်လိုက်ပြီးမှ ကျွန်ုပ်ကဆက်၍...

' စက်ဝိုင်းရဲ့ အနားသတ်မျဉ်းပေါ်မှာ သုံးခြမ်း ခြမ်းရမယ့် နည်းတွေအများရှိ ပါတယ်။ ကဲ ... ထားပါတော့ စက်စက်။ မင်းသာ မီးဖိုထဲကို ငါနဲ့ ခဏလိုက်ခဲ့ပါ။ ကိတ်မုန့်ကို သုံးခြမ်းဘယ်လိုခွဲစိတ် ရတယ်ဆိုတာ မင်းကို ငါ လက်တွေ့ပြပါမယ် '

' ကန့်သတ်ချုပ်ချယ်ထားတဲ့ လုပ်ထုံးလုပ်နည်း စဉ်းစား တွေးခေါ်မှုတွေနဲ့ မင်း ဘာလုပ်ရမယ်လို့ ကျွန်တော့်ကို အစောတလျင် သင်ကြားပေးရမယ့်လူ တစ်ယောက်မှ မရှိဘူး '

သူက စိန်ခေါ်သလို ခွန်းတုံ့ပြန်သည်။ ကျွန်ုပ်မိန်းမမှာ ဆက် လက်၍ ငုံ့ခံမနေတော့ချေ။

' မင်းကိုယ်မင်း ပြန်ရှက်ဖို့ကောင်းနေပြီး စက်စက် '

' ခင်ဗျား ပြောတာ ကျုပ်မကြားဘူး၊ ကျုပ်မကြားဘူး '

မိုးခြိမ်းသံနှင့် တူလှစွာသော သူ၏ချိုးချိုးခြိမ့်ခြိမ့်မြည်သံ ထွက် ပေါ်လာပြီး အသံထုတ်လွှင့်ခြင်းဆိုင်ရာ ဖန်ခွက်မှ မီးသီးမှာ ငြိမ်းပိတ် သွားလေသည်။

ကျွန်ုပ်တို့၏ ပထမဆုံးရန်ပွဲမှာ တန်ဖိုးမရှိသော အသေးအဖွဲ့ ကိစ္စလေးတစ်ခုမှ စတင်ခဲ့လေသည်။ တစ်နေ့ ညစာစားပွဲတွင် ပြက်လုံး

www.burmeseclassic.com


တစ်ခုကို ကျွန်ုပ် ပြောဆိုမိ၏။

'ခရီးသွား နယ်လှည့်ဈေးသည်တစ်ယောက်ဟာ မီးသင်္ဘော တစ်စင်းပေါ်မှာ သူ့လို တခြားဈေးသည်တစ်ဦးနဲ့ သွားတွေ့တယ်တဲ့။ သူက ခင်ဗျားဘယ်ကိုသွားမလို့လဲလို့ မေးတော့ ဒုတိယလူက 'လက်ယာတောင်ကျွန်း'လို့ ဖြေတယ်။ ဒီတော့ ပထမလူက 'ခင်ဗျားက လက်ယာတောင်ကျွန်းကို သွားမယ်လို့ ပြောတယ်။ ဒါကြောင့် ကျုပ်အထင်ကတော့ ခင်ဗျားဟာ အဲ့ဒီကိုသွားနေတာ မဟုတ်ဘူး။ ခင် ဗျားဟာ အမှန်တကယ်ပဲ လက်ယာတောင်ကျွန်းကို ခရီးသွားနေတာဖြစ်တယ် ဆိုဦးတော့ အဲဒီအချက်ကပဲ လိမ်ပြောရတဲ့အကြောင်းရင်း ဖြစ်ရမယ် မဟုတ်လား '

ပြက်လုံးမှာ အနည်းငယ် လေးနက်သည်။

'တဆိတ်လောက်ခင်ဗျာ၊ အချက်အလက်တွေကို အစကနေ ထပ်ပြောပါဦး '

စက်စက် စကားဝိုင်းထဲ ဝင်လာကာပြောသည်။ ကြားနာပြီးသော သူများကိုပင် ပြောပြီးသား ပုံပြင်အား တစ်ခါမှ နှစ်ခါ ပြန်ပြောရသည့်ကိစ္စမှာ နှစ်မြို့စရာ မဟုတ်သော်လည်း တောင်းပန်မှုကြောင့် စိတ်မပါပဲ ထပ်ပြောရ ပြန်သည်။ စက်စက်က ငြိမ်သက်စွာ နားထောင်နေ၏။ သူသည် တစ်မိနစ်အတွင်းမှာ တက္ကဗေဒပုစ္ဆာ တစ်ထောင်လောက်ကို ခွဲခြားစိတ်ဖြာ မွှေနှောက်နိုင်သော အစွမ်းရှိကြောင်း ကျွန်ုပ်သိသည်။ ပြီးတော့ သူ ယခုကဲ့သို့ အချိန်ကြာရှည်လေးဖင့်စွာ တိတ်ဆိတ်နေခြင်းမှာ ကြီးမားသော ကြိုးပမ်းမှုနှင့် တွေးခေါ်ကြံဆနေခြင်းသာ ဖြစ်ကြောင်း သဘောပေါက်၏။ နောက်ဆုံးတွင် သူ့အသံထွက် ပေါ်လာတော့၏။

' ရှုးမိုက်တာပဲ၊ တကယ်လို့ သူဟာ အမှန်တကယ် လက်ယာတောင်ကျွန်းကို သွားနေတာဆိုယင် သူက အဲဒီကို သွားနေတာပါ

လို့ ပြောတာပဲ။ ဘယ်မှာ လိမ်ပြောလို့လဲ ”

‘ မှန်ပါတယ် စက်စက်၊ အဲ့ဒီရှုးမိုက်တာကပဲ ပြက်လုံးရဲ့ ရယ်စရာကောင်းတဲ့ တိကျသေချာမှု ဖြစ်နေတာပေါ့ ’

‘ မဟုတ်ပါဘူး၊ နေရာတကာမှာတော့ မဟုတ်ပါဘူး။ ဒီကိစ္စမှာတော့ တကျသေချာခြင်းဆိုတာ ရယ်စရာဖြစ်နေတယ်။ ဒါဟာ ရယ်စရာပျက်လုံးတစ်ခုပဲ။ ဘယ်သူကမှ မင်းပြောတဲ့ ရှုထောင့်ကနေ အတွန့်တက်မလာပါဘူး ’

‘ ထားပါတော့လေ ’

သို့သော်...

ထိုည ကျွန်ုပ် အိပ်ပျော်နေစဉ် တစ်စုံတစ်ယောက်က ကျွန်ုပ်ပခုံးကို ဆွဲကိုင်ကာ လှုပ်ခါခြင်းခံရပြီး နိုးလာ၏။ ထ, ထိုင်လိုက်သောအခါ ကျွန်ုပ်သည် စက်စက်နှင့် ရင်ဆိုင်ရတော့သည်။

‘ ဟ... ဘာဖြစ်လာပြန်တာလဲ စက်စက် ’

မျက်လုံးများကို လက်ဖြင့်ပွတ်ယင်းမေးလိုက်၏။

‘ ကကြီးက၊ စလုံးနဲ့ဆလိမ်ဟာ တူညီတယ်လို့ ပြောတယ်။ ခကွေးက စလုံးဟာ ဆလိမ်နဲ့မတူဘူး။ ဆလိမ်ဟာ စလုံးနဲ့ တူညီတယ်လို့ အခိုင်အမာ ပြောတယ်။ ဒါဟာ... ခင်ဗျားပြက်လုံးရဲ့ လိုရင်းအချက်လား ’

‘ ငါတကယ်ကို မသိဘူး စက်စက်။ ဘုရားသခင်ရဲ့ မျက်နှာတော်ကိုထောက်ထားပြီး ငါ့ကို အက္ခရာ သင်္ချာတွေနဲ့ နှောင့်ယှက်မနေပါနဲ့။ ပြန်အိပ်ခွင့်ပေးစမ်းပါ ’

‘ ဘုရားသခင်ဆိုတာ တကယ်မရှိပါဘူး ’

စက်စက်က ဤစကားကိုဆိုပြီး သူ့အခန်းထောင့်ထဲသို့ ပြန်လည် လိမ့်ရွေ့သွားသည်။

နောက်နေ့တွင် ကျွန်ုပ်တို့သည် စားပွဲဝိုင်းထိုင်နေစဉ်

www.burmeseclassic.com


စက်စက် က ရုတ်တရက် ခွင့်ပန်လာသည်။

'ခင်ဗျားတို့ကို ပြောဖို့ ကျုပ် ပြက်လုံးတစ်ခု ရထားတယ်'

'ဆိုစမ်းပါဦး စက်စက် '

'စားသုံးသူတစ်ဦးက အရောင်းစာရေး တစ်ယောက်ကို မေးတယ်။ ကုန်ပစ္စည်း တစ်ခုကို ဘယ်လောက်နဲ့ ရောင်းသလဲလို့။ အရောင်းစာရေးက ကုန်ပစ္စည်းတစ်ခုကို သူ့ အသပြာတစ်ကျပ်နဲ့ ရောင်းတယ်လို့ ပြန်ပြောတယ်။ စားသုံးသူက ဒီလိုပြန်ပြောတယ်။ ခင်ဗျားက တန်ဖိုး တစ်ကျပ်လို့ ပြောတယ်။ ဒါကြောင့် ကျွန်တော်ထင်တယ်။ တန်ဖိုးဟာ ခင်ဗျားပြောသလို တစ်ကျပ် မဖြစ်နိုင်ဘူး။ ဒါပေမယ့် တန်ဖိုးဟာ အမှန်တကယ် တစ်ကျပ်နဲ့တူညီနေတယ်။ ခင်ဗျား လိမ်ပြော နေတာလားတဲ့ '

'ဘယ်လောက်ကောင်းတဲ့ ပြက်လုံးလဲ' ကျွန်ုပ်ယောက်္ခမ က ချီးမွမ်းလိုက်သည်။

'ခင်ဗျားဘာလို့ မရယ်တာလဲ 'စက်စက်က ကျွန်ုပ်ကို မေး'။

'မင်းပဲ ကြည့်စမ်းပါဦး၊ မင်းပြက်လုံးက ရယ်စရာမှ မကောင်းပဲ '

'မဟုတ်ဘူး၊ ဒါရယ်စရာပြက်လုံးပဲ၊ ခင်ဗျား ရယ်ကို ရယ်ရမယ် '

'ရယ်စရာမဟုတ်တဲ့ဟာကို ဘယ်သူက ရယ်နိုင်မှာလဲ '

'ဒါပေမယ့် ဒါက ရယ်စရာပဲ၊ ခင်ဗျားရယ်ဖို့ ကျုပ် တိုက်တွန်းတယ်။ ခင်ဗျား ရယ်ရမယ်။ ခင်ဗျားရယ်ဖို့ ကျုပ်တောင်း ဆိုတယ်။ ဒါရယ်စရာပဲ။ ကျုပ်အမိန့်ပေးတယ်။ ခင်ဗျားရယ်ကို ရယ်ရမယ်။ နှောင့်နှေးမနေနဲ့၊ အခုချက်ချင်း ရယ်ရမယ် ဟား...ဟား ... ဟား '

www.burmeseclassic.com


စက်စက်က သူ့စိတ်သဘောထားကို ပွင့်ပွင့်လင်းလင်း ထုတ်ဖော်ပြနေသည်။ ကျွန်ုပ်မိန်းမက သူ့လက်ထဲမှ ဇွန်းကို စားပွဲပေါ် ပြန်ချလိုက်ပြီး ကျွန်ုပ်ဘက်သို့လှည့်ကာ ...

'ကျွန်မတို့နဲ့ အေးအေးချမ်းချမ်း ညစာစားဖို့ အခွင့်အရေးကို ရှင်လဲဘယ်တော့မှ ရမှာမဟုတ်ဘူး။ ဘယ်သူ့ကို သဘောပေါက်နားလည်အောင် ရှင်ကြိုးစားနေတာလဲ။ တကယ်တော့ သနားစရာကောင်း တဲ့ စက်စက်ကို ရှင်ရဲ့သွပ်ချောင် မိုက်မဲတဲ့ ပြက်လုံးတွေနဲ့ သွေးရူး သွေးတမ်း ငိုလိုက်ရယ်လိုက်ဖြစ်ပြီး စိတ္တဇဝေဒနာရှင် ဘဝရောက် အောင် တွန်းပို့နေတာပဲ '

သူမ၏ မျက်လုံးအိမ်မှ မျက်ရည်များ စီးကျလာပြီ။ ထိုနေရာမှ ထ,ကာ ထွက်သွားသည်။ ကျွန်ုပ်ယောက္ခမကလည်း ဘာစကားမျှ မပြောဘဲ ထ,ကာ ထွက်သွားပြန်သည်။ စက်စက်နှင့် ကျွန်ုပ်တို့သာ ကျန်ခဲ့တော့သည်။ ဒါဟာ သူ ကြမ်းကြမ်းတမ်းတမ်း ဖြစ်လာတာလားဟု ကျွန်ုပ်တွေးနေမိ၏။ စက်စက်ကတော့ စကားလုံး အသစ်ဖြစ်သည့် 'စိတ္တဇ' ဆိုသော ဝေါဟာရနှင့် အလားတူ အဓိပ္ပာယ်ရှိသော သူ့ ကိုယ်ပိုင်အဘိဓာန်ထဲမှ စကားစုများကို ကြီးကြီးကျယ်ကျယ် ရွတ်ဆိုနေ၏။ သူ့ငယ်ထိပ်ရှိ အသံလွှင့်ခွက်ဆီမှ ကျယ်ကျယ်လောင်လောင်အသံများ ထွက်ပေါ်နေသည်။

'လူအန္ဓ၊ ဝမ်းတွင်းရူး၊ အူတူတူ၊ သွပ်ချောင်ချောင်၊ ရူး နှမ်းနှမ်း၊ ပေါကြောင်ကြောင်၊ ရယ်စမ်းပါ၊ ခင်ဗျားဟာ အင်မတန် ညံ့ဖျင်းတဲ့သူပဲ။ ဒါ ရယ်စရာပဲ။ စလုံးဟာ ဆလိမ်နဲ့ မတူညီဘူး။ ဒါကြောင့် ဆလိမ်ဟာ စလုံးနဲ့ တူညီတယ်။ ဟား...ဟား...ဟား '

ဒီနောက် ကြုံရသည့် စက်ဆုပ်ဖွယ်အဖြစ်ကိုမူ ပြန်မပြောပဲသာနေချင်တော့သည်။ လူအစစ်တစ်ယောက် ဖြစ်ရသည့် အဖြစ်ကိုပင် ကျွန်ုပ် စိတ်ပျက်မိတော့သည်။ အကွပ်အညှပ်မရှိ။ ရမ်းကားနေ

www.burmeseclassic.com


သော စက်ရုပ်တစ်ရုပ်ကို ချော့ရန် ကြိုးစားနေခြင်းအားဖြင့် ကျွန်ုပ်သူ ရဲဘောနည်းစွာ တခိခိရယ်ရကာ ပေါက်ကွဲလုဆဲဆဲ ဒေါသမှာလည်း ကျိုးပျက်သွားတော့သည်။

'ဒီထက် ကျယ်ကျယ်ရယ်စမ်းပါ၊ ဉာဏ်နုံတဲ့သူရဲ့ ' သူက မကျေမချမ်းနိုင်ပဲ ရှိသေးသည်။

နောက်နေ့တွင် သွေးတိုးလာသဖြင့် ကျွန်ုပ် အိပ်ရာထဲတွင် လှဲနေရကာ ဆရာဝန်ကို ပင့်ရတော့၏။ သို့ဖြင့်အချိန် အနည်းငယ် ကြာသွားသည်။ ဤရက်များအတွင်းမှာ စက်စက်သည် သူ့၏အမြင် အာရုံနှင့် ပတ်သက်သော ကိစ္စ၌ ထူးချွန်အောင် လေ့ကျင့်နေသည်ကို တစေ့တစောင်း အကဲခတ်မိ၏။

နွေရာသီ အားလပ်ရက်ရောက်လာသည်။ ကျွန်ုပ်ယောက္ခမ က သားဖြစ်သူရှိရာမြို့သို့ အလည်အပတ်သွားရာ ကျွန်ုပ် မိန်းမလည်း လိုက်သွားပါသဖြင့် ကျွန်ုပ်တို့ နေထိုင်ရာ အခန်းတွင် ကျွန်ုပ်နှင့် စက်စက်သာ ကျန်ရစ်ခဲ့၏။ ခွဲကာနီးတွင် ကျွန်ုပ်မိန်းမက ဤသို့ ပြောခဲ့သေး၏။

'ရှင့်အတွက်တော့ ဘာမှ ပူပင်စရာမရှိပါဘူး။ စက်စက်က ရှင့်ကို ကောင်းကောင်း ဂရုစိုက် စောင့်ရှောက်တတ်နေပြီပဲ။ အဲ ရှင်ကသာ သူ့ကို ရိုင်းရိုင်းပျပျ မဆက်ဆံဘူးဆိုယင်ပေါ့ '

တော်တော်ပူသော တစ်နေ့တွင် ကျွန်ုပ်ပြုနေကျ ထုံးစံ အတိုင်း ဆံပင်သွားညှပ်ခဲ့သည်။ ဆံပင် ညှပ်ဆိုင်မှ အပြန်တွင် ကျွန်ုပ် စက်စက် ကို ခေါ်လိုက်သည်။

'ငါ ညစာစားဖို့ ပြင်ပေးစမ်းပါ စက်စက် '

'ဒီအခန်းထဲမှာရှိတဲ့ စားသောက်စရာတွေနဲ့ အရာဝတ္ထုတွေ အားလုံးကို (ခြွင်းချက်အနေနဲ့၊ မြူနီစီပယ်အဖွဲ့ပိုင် ပစ္စည်းက လွဲ လို့ပေါ့) သူ့ ပိုင်ရှင်ကပဲ ပိုင်တယ်။ ခင်ဗျားတောင်းဆိုမှုကို ကျုပ်

www.burmeseclassic.com


မလိုက်လျောနိုင်ပါဘူး။ ဒါဟာ တခြားသူပိုင်တဲ့ ပစ္စည်းကို မတရား သုံးစွဲဖို့ အားထုတ်တာပဲ ဖြစ်တယ် ’

‘ ဘယ်လိုဖြစ်တာလဲ၊ ငါက ဒီအခန်းပိုင်ရှင်ဟာပဲ ’

စက်စက်က ကျွန်ုပ် တစ်ကိုယ်လုံးကို ခြေဆုံးခေါင်းဖျား အပြန်အလှန်စေ့စေ့ ကြည့်ရှု၏။ ပြီးမှ ...

‘ ခင်ဗျားရဲ့ ပုံသဏ္ဍာန်က ကျုပ်ရဲ့ သိမှတ်မှုဆဲလ်ထဲမှာ သိုလှောင်ထားတဲ့ ဒီအခန်းပိုင်ရှင်ရဲ့ ပုံသဏ္ဍာန်နဲ့ မကိုက်ညီပါဘူး ’

‘ ငါ ဆံပင်ညှပ်ရုံကလေးပဲ ညှပ်လာခဲ့တာပါ စက်စက်ရာ။ ဒီအပြင် ငါဘာမှ မပြောင်းလဲလာတာ မဟုတ်ပါဘူး။ မင်း ငါ့အသံကို ကော မမှတ်မိဘူးလား ’

‘ လူတစ်ယောက်ရဲ့ အသံဆိုတာက တိတ်ခွေနဲ့ သွင်းထားရင် ရနိုင်တာပဲ ’

သူက ခြောက်ကပ်စွာ တုံ့ပြန်သည်။

‘ ငါဟာ ငါပဲဆိုတာ တခြားလက္ခဏာအမှတ်အသားတွေ ရာနဲ့ချီပြီး ပြနိုင်နေတာပဲ။ ငါအမြဲတွေးမိတယ်။ မင်းရဲ့သဘောပေါက် နားလည်မှုစွမ်းရည်ဟာ အရင်းခံအစလောက်ပဲ ရှိတယ်ဆိုတာ’

သို့ဖြင့် ကျွန်ုပ်သည် မိတ်ဆွေတစ်ဦး၏ အိမ်တွင် သုံးပတ်ခန့် သွားကာ အချိန်ဖြုန်းနေရတော့သည်။ အိမ်ကို ကျွန်ုပ်မိန်းမ ပြန်ရောက် နေပြီဆိုမှ ပြန်လာခဲ့ရ၏။ ထိုအချိန်၌ ကျွန်ုပ်၏ဆံပင်မှာ မူလနီးပါး ပြန်ရှည်နေပြီ ဖြစ်သည်။

စက်စက်သည် အေးဆေးတည်ငြိမ်စွာပင် ရှိနေသည်။ ည နေတိုင်းလိုလို သူသည် တယ်လီဖေးရှင်းကို ကြည့်ခြင်းဖြင့် အချိန်ကုန် နေ၏။ နူးညံ့သောတီးလုံးများ လာချိန်တွင် သူသည် ထိုတေးသွားအလိုက် ကျယ်လောင်စွာ လိုက်ကာ လေချွန်နေတတ်သည်။

ကျွန်ုပ်မိန်းမသည် သူ့အား တိုင်းခြားစကားကို ဘာသာ

www.burmeseclassic.com


ပြန်သည့် ကိစ္စ၌ အသုံးချနိုင်ရန် ကြိုးစားနေသည်။ သူသည် မာဂနေ့င့် သက္ကတ အဘိဓာန် တစ်အုပ်လုံးကို အချိန်တိုတို အတွင်းတွင် အံ့ဩဖွယ်ကောင်းလောက်အောင် သက်သက်သာသာ ကြက်တူရွေး နှုတ်တိုက် အလွတ်ကျက်နိုင်သည်။ ယခုအခါ အသုံးမကျသော စာအုပ်အမြောက်အမြားကို လောဘတကြီး ကြောင်ပုစွန်စားကြွပ်ကြွပ်ဝါးလို ဖတ်ရှုနေလေသည်။

သူဖတ်သမျှကို ဘာသာပြန်ပြရန်ပြောလျှင် မည်သည့်အခါမဆို သူသည် ပေါ့ပေါ့တန်တန်သာ တုံ့ပြန်တတ်သည်။

‘ ဒါကို အကြွင်းမဲ့ဥဿုံ သဘောပေါက်ဖို့ မလွယ်ဘူး။ ခင်ဗျားဘာသာ ခင်ဗျားဖတ်ကြည့်ပေ့ါ ’

ကျွန်ုပ်က သူကို စစ်တုရင်သင်ပေး၏။ ပထမတွင် အဆင်ပြေနေသည်။ သို့သော် ထိုနောက်တွင်မူ သူသည် ကျိန်းသေစွာ အနိုင်ရစေမည့် မရိုးမသားနည်းစနစ်များကို အသုံးပြုလာသည်။ အခွင့်သာသည့် အခါတိုင်းလည်း သူအကျိုးဖြစ်အောင် ကျွန်ုပ်အရုပ်များကို ခိုးကြောင်ခိုးဝှက် ပြန်စီတတ်သည်။ တစ်ကြိမ်၌ ကစားပွဲအလယ်အရောက်တွင် ကျွန်ုပ်ဘုရင် ပျောက်ဆုံးနေသည်ကို တွေ့ရလေသည်။

‘ ဘုရားရေ ဘယ်လိုဖြစ်တာလဲ၊ ငါ့ဘုရင်ကို မင်းဘာလုပ်လိုက်သလဲ စက်စက် ’

‘ နောက်သုံးကွက်ရွှေ့ရင် ခင်ဗျား ဘုရင်ကို ကျုပ် အသေချက်နိုင်ပြီ။ ဒါကြောင့် ဖြုတ်ပစ်လိုက်တာပါ’

‘ဘယ်လို တွေးတွေးတွက်တွက်၊ ဒါမဖြစ်နိုင်တာဘဲ။ နောက်သုံးကွက်အတွင်းမှာ ဘယ်နည်းနဲ့မှ အသေမချက်နိုင်ပါဘူး၊ ငါဘုရင့်ကို ပြန်ထားစမ်းပါ ’

‘ စစ်တုရင်နဲ့ ပတ်သက်လာရင်၊ ခင်ဗျား သင်ကြားဖို့ အများကြီး လိုပါသေးတယ် ’

သူက စကားဆုံးသည်နှင့် ပွဲသိမ်းသည့်နှယ် စစ်တုရင်ခုံပေါ်မှ အရုပ်များကို လှဲချလိုက်လေသည်။

သူသည် ကဗျာတွင်လည်း စိတ်ပါဝင်စားကြောင်းပြသလေသည်။ ဤကိစ္စမှာ ကဗျာလောကသားများအတွက် ကံဆိုးမိုးမှောင်ကျခြင်းပင်ဖြစ်လေသည်။ သူသည် စိတ်အားထက်သန်စွာ နာရီပေါင်းများစွာ ဖြုန်းတီး၍ ဂန္ထဝင်ကဗျာစာအုပ်များကို လှန်လှောရင်း လွတ်နေသော ကာရန်များ၊ နရီ၊ အစပ်အဟပ် လွဲမှားနေသာ အပိုဒ်များကို စေ့စေ့စပ်စပ်ရှာဖွေနေတတ်၏။ အပြစ်အနာအဆာ ရှာတွေ့သည့်အခါများတွင် သူ၏ နားပွင့်မတတ် ဝါးလုံးကွဲရယ်သံမှာ တစ်ခန်းလုံးပဲ့တင်ထပ် တုန်ဟည်းနေတော့သည်။

သူ့စရိုက်မှာ တစ်နေ့ထက် တစ်နေ့ ဆိုးရွားလာလေသည်။

ကျွန်ုပ်ထံတွင် ကြွင်းကျန်နေသေးသည့် အရင်းခံ ယဉ်ကျေးဖွယ်ရာသော စိတ်ကလေးက ထိန်းချုပ်ထားသောကြောင့်သာ သူ့ကို တစ်စုံတစ်ယောက်အား လက်ဆောင်ပေးမပစ်လိုက်မိခြင်း ဖြစ်သည်။

နောက်တစ်ကြောင်းမှာ ကျွန်ုပ်ယောက္ခမ စိတ်မချမ်းမသာ မဖြစ်စေလိုသော ဆန္ဒလည်းပါ၏။ ကျွန်ုပ်ယောက္ခမနှင့် စက်စက်တို့ အကြားတွင် ချစ်ကြည်ရေး စာချုပ်ကြီးတစ်ခုလုံးလုံး ရှိနေသည် မဟုတ်လား။

[ဒဂုန်မဂ္ဂဇင်း၊ ၁၉၈၆၊ ဧပြီလ]

www.burmeseclassic.com



ပေါ်ယ[illegible]

www.burmeseclassic.com

**ဖော်မစုံ**

ပြဿနာသည် အသေးအဖွဲ့ ကိစ္စလေးတစ်ခုမှ စတင်ခဲ့လေသည်။ အတော်ပင် သေးဖွဲ့ပါသည်ဟု ယူဆနိုင်သော လက်ကြယ်သီးလေးတစ်လုံးမှ ဖြစ်သည်။

'ဘက်ပဲ့နေတာထက် စိတ်ပျက်စရာ ကောင်းတာမရှိဘူး'

ဥဇလေ၏ အသံက တိုးသော်လည်း ဒေါသပျော်ဝင်နေသည်။

'ကျွန်မ စိတ်မကောင်းပါဘူးလို့ တောင်းပန်ခဲ့ပြီးပြီ မဟုတ်လား '

'ယေမလိက မကျေမချမ်း တုံ့ပြန်လိုက်၏။ ဘာလို့များ၊ ဒီလောက်ဟာကလေးကို ရေးကြီးခွင်ကျယ် လုပ်နေရတာလဲ။ ရှင့် ရည်းစားဟောင်း တစ်ယောက်ယောက်က ပေးထားတဲ့ဟာ မို့လား '

'ကျောင်းသားဘဝကတည်းက ဝတ်လာတဲ့ လက်ကြယ်သီးမို့ကွ။ ငါ့ဆီမှာ ရှိနေတာ ကြာလှပြီ ... '

ကျွဲမြီးတိုချင်စိတ်ကို ထိန်းချုပ်ကာ ဥဇလေက ပြောလိုက်၏။

'အင်း ... ရှင်ဟာ သိပ်အစွဲအလမ်းကြီးတာပဲ။ ကဲ... ဝမ်းနည်းမနေပါနဲ့ ဥဇလေရယ်။ ကမ္ဘာကို ပြန်ရောက်ရင် ကျွန်မ အစား

ပေးပါ့မယ် '

'လိုချင်တာက အခုကွ '

ယေမလိ စိတ်ညစ်ညူးသွား၏။ တစ်ခါတစ်ခါ၌ သူ့ချစ်လင် ဥဇလသည် တကယ့်ကို ကလေးဆိုးကြီး တစ်ယောက်နှင့် တူလှသည်။ အနီးဆုံးစတိုးဆိုင်တစ်ခုသို့ လျှောက်သွားကာ လက်ကြယ်သီးအသစ် တစ်စုံဝယ်ပေးလိုက်ရုံပင်။ အခုတော့ခက်၏။

သူတို့သည် ကမ္ဘာမြေပြင်ပေါ်တွင် ရှိနေသည်မဟုတ်။ အင်္ဂလိပ် ခါးပတ်လမ်းကြောင်းထဲတွင် မောင်းနှင်နေသော၊ နှစ်ယောက်စီး 'အေဒင်' အမည်ရှိ အာကာသယာဉ်ပေါက်စကလေး တစ်ခုထဲတွင် ရောက်ရှိနေခြင်းဖြစ်၏။

နှစ်ဆယ့်နှစ်ရာစုတွင် ဖြစ်ထွန်းလာသည့်၊ ဖက်ရှင်ပေါင်းများစွဲထဲ၌ ဇန္ဒြရအာကာသ ခရီးသွားလာရေး အေဂျင်စီက ကြင်စဦးဇနီးမောင်နှံများအတွက် အထူးတီထွင်လိုက်သော၊ ' ဟင်းလင်းပြင် ပျားရည်ဆမ်း လုပ်ငန်းသည်လည်း တစ်ခုအပါအဝင် ဖြစ်၏။ ယခုခေတ်၌ လက်ထပ်ပြီးစ၊ အပျော်ခရီး ထွက်သည့်စုံတွဲများ၊ ခြေမချဖူး သည့်နေရာဟူ၍၊ ကမ္ဘာမြေပြင်ပေါ်၌ မရှိသလောက် ရှားပါးနေလေပြီ။ သို့ဖြင့် ဟောင်းနွမ်းရိုးအီနေသည့်၊ ဟန်းနီမွန်းဒေသများကို ရှောင်ရှား လို၍၊ အသစ်အဆန်း၌ စိတ်ဝင်စားသော ကြင်စဦးဇနီးများအတွက် စီးပွားရေး အမြော်အမြင်ကြီးမားစွာ၊ ဇန္ဒြရ အာကာသခရီးသွားလာရေး အေဂျင်စီက၊ ဤဟင်းလင်းပြင် ပျားရည်ဆမ်း အစီအစဉ်ကို တီထွင် ခဲ့ခြင်းဖြစ်၏။ မှုံပျတိတ်ဆိတ်သည့် ဗလာလေဟာနယ်ထဲတွင်၊ ညင်သာစွာလွင့်မျောနေသော အာကာသ ယာဉ်ငယ်မှာ တူနှစ်ကိုယ် တိုင်းပြည် တစ်ခုပင်ဖြစ်သည်။ အခုတော့ ဘာမဟုတ်သည့် အသေးအဖွဲ့ ကိစ္စလေး တစ်ခုအတွက်၊ အက်ကွဲသံ မြည်၍လာသည်။

'လက်ကြယ်သီးလေး တစ်လုံးကို ရှင်မို့ မက်မက်မော မော

www.burmeseclassic.com


ဖြစ်နေတယ် '

'ဘယ်လိုလုပ် ဖြေနိုင်မှာလဲ။ ငါက ရေချိုးခန်းထဲမှာ အဝတ်လျှော်ရင်း ကြွေခွက်နှုတ်ခမ်းမှာ လက်ကြယ်သီးကို တင်ထားတယ်။ ပြီးလို့ လှမ်းလည်းယူလိုက်ရော၊ လက်ကြယ်သီးတစ်ခုက လက်နဲ့တိုက်မိပြီး ကြွေခွက်ထဲကို ကျသွားရော ပြီးတော့ ကြွေခွက်ပြွန်ထဲရောက်သွားတယ်။ ကြွေခွက်နဲ့ ဆက်နေတဲ့ ပိုက်တန်ကိုဖြုတ်ဖို့၊ ငါက စပန်နာခွသွားယူနေတုန်း မင်းက အဝတ်လျှော်ဖို့ ကြွေခွက်ထဲမှာ ရေတွေဖြည့်ထားတယ်။ ငါက ပြောတော့ ယောင်တီးယောင်နနဲ့ ပလပ်ကိုဆွဲဖြုတ်လိုက်တယ်။ အဲဒီအချိန်မှာ ရေနဲ့အတူရောပြီး ငါ့လက်ကြယ်သီးက၊ အညစ်အကြေး စွန့်ပေါက်က တစ်ဆင့် ... ။

'ငါ ... လက်ကြယ်သီးကိုတွေ့ပြီကွ၊ အညစ်အကြေး ထုတ်ပေါက်၊ အလုပ်လုပ်ပုံကို သိတယ်မဟုတ်လား။ အညစ်အကြေးတွေဟာ ဗဟိုဆွဲအားကြောင့် ယာဉ်ပုံသန်းရာလမ်းကြောင်းကို ထောင့်မှန်ခံပြီး ဒေါင်လိုက်ထွက်သွားတယ်။ ကြည့်စမ်း... ယေမလိ။

ကွပ်ကဲထိန်းချုပ်ရေးခန်းမ၏ နံရံပတ်လည်တွင် တပ်ဆင်ထားသော ခရမ်းပြာရောင် ရုပ်ထင်ကားချပ်ပေါ်တွင် တောက်ပသောသတ္တုပစ္စည်းသေးသေးလေး တစ်ခုကိုမြင်ရ၏။

'ဂြိုလ်တုသေးသေးလေး တစ်ခုလိုပဲနော် '

သူက ရွှင်မြူးစွာ ပြောလိုက်၏။ ဤကိစ္စအတွက် သူသည် ယာဉ်ကို ရပ်ပစ်လိုက်ခြင်းဖြစ်သည်။

'ခုနေတော့ ဒီပစ္စည်းလေးဟာ မီတာသုံးရာလောက်မှာပဲ ရှိနေတယ်၊ ဒါပေမဲ့ အပြင်ဘက်ကို ဒီပတ်စီးလမ်းကြောင်းအတိုင်း တရစ်ပြီးတရစ် လွင့်မျောထွက်သွားနေတာပဲ '

'တို့ဘာဖြစ်လို့ အာကာသဝတ်စုံတွေ ယူဆောင်လာတယ်ဆိုတာ မင်းသဘောမပေါက်သေးဘူးလား '

နေမျိုးစာပဒေသာ

www.burmeseclassic.com


ဥဇလ၏ နောက်ဆုံးစကားက ယေမလိကို တုန်လှုပ်ချောက်ချားသွားစေသည်။

'ဘုရားရေး မကြုံကောင်းမစည်ရာ။ ရှင်အာကာသယာဉ် ရဲ့ အပြင်ဘက်ကိုတော့ ဘယ်နည်းနဲ့မှ မထွက်ရဘူးနော်။ အရူးမထနဲ့'

' ဒီကိစ္စတွေအားလုံးဟာ မင်းကြောင့် ဖြစ်လာရတာပဲ၊ တွေ့တယ်မဟုတ်လား၊ ရုပ်ထင်ကားချပ်ပေါ်က လက်ကြယ်သီးကလေး။ ငါတော့ လက်လွှတ်မခံနိုင်တော့ဘူး '

' ရှင် ဘယ်နည်းနဲ့မှ မစွမ်းဆောင်နိုင်ဘူး '

' ဘာလို့မဖြစ်နိုင်ရမှာလဲ တွန်းကန်ကိရိယာကို သူ သွားမယ်။ အာကာသယာဉ်ရဲ့ အပြင်ဘက်ကို ထွက်တဲ့အခါ ဒါက သက်စောင့်လိုင်းလိုပဲ အားကိုးရတယ်။ ယာဉ်မကြီးရဲ့ လေသိုခန်းထဲကနေ ငါထွက်မယ်။ အဲဒီအပေါက်ကနေဆို နှစ်မီတာလောက်ပဲ ဝေးမယ်'

သူကတနုံ့နုံ့နှင့် ဖြစ်ခဲ့သမျှကို စမြုံ့ပြန်သည်။

'အရင်တုန်းက ယာဉ်ဟောင်းပုံစံတွေဆို ဒီလောက်မဆိုး ဘူး။ လိုရင်လိုသလို ပိုက်တွေဖြုတ်ပြီး တစ်ဆင့်ချင်း မတွေ့တွေ့အောင်ရှာလို့ရသေးတယ်။ အခုသုံးတဲ့ အော်ဗိုဆင်ဂျင်နရေတာလိုတော့ ရေကုန်မသက်ဘူးပေါ့ '

' ရှင်ကိုမြင်တဲ့သူတွေကတော့ သရဖူက ကျောက်မျက်တစ်လုံး ပျောက်သွားတာဖြစ်မယ်လို့ ထင်ကြမှာပဲ '

' ဒီလက်ကြယ်သီးဟာ ငါ့အဖို့တော့ သရဖူက ကျောက်မျက်တစ်လုံးနဲ့ ဘာမှမခြားပါဘူးကွာ '

' ကျွန်မ အသစ်ထပ်ဝယ်ပေးမယ်လို့ ပြောတယ် မဟုတ်လား'

သူမ စိတ်အနည်းငယ်တိုလာ၏။

' ဒီဟာနဲ့တော့ ဘယ်တူနိုင်ပါ့မလဲ '

www.burmeseclassic.com

သူကစကားအဆုံးတွင် လှည့်ထွက်သွားသဖြင့် ယေမလိက 'ဘယ်လဲ' ဟုလှမ်းမေးလိုက်သည်။

'ကွပ်ကဲထိန်းချုပ်ရေးအခန်းကို'

အာကာသယာဉ်၏ အလျားလိုက် ဝန်းရိုးအတိုင်း လည်ပတ်နေသည့် နှုန်းကို တုန့်နှေးရပ်တန့်စေသော ဒေါင်လိုက်ဒုံးစက်များ၊ တွန်းကန်နိုးပွင့်လာသောအချိန်၌ ယေမလိသည် အာကာသယာဉ်စားဖိုဆောင်ထဲတွင် နံနက်စာကို ပြင်ဆင်နေခိုက်ဖြစ်၏။ မထင်မှတ်ထားသော အဖြစ်ကြောင့် အားလုံးကျွမ်းထိုးမှောက်ခုန် ဖရိုဖရဲဖြစ်ကုန်သည်။ သူမတစ်ကိုယ်လုံး ဟင်းကြွေးဟင်းရံတို့ဖြင့် ပေးကျံနေသည်ကိုပင် ဂရုပြုမသုတ်သင်တော့ဘဲ ယေမလိသည် ကွပ်ကဲထိန်းချုပ်ရေး စခန်းဆီသို့ ဒေါသဖြင့် ပြေးသွားသည်။

'ဥဇလ ရှင့်ခန္ဓာကိုယ်မှာ ဦးနှောက်မပါဘူးလား၊ ကျွန်မအနေနဲ့ ဆွဲငင်အားမရှိဘဲ နေလို့ဖြစ်ပါ့မလား။ စားဖိုဆောင်မှာ ဗဟိုဆွဲအားတစ်ခုတည်းရှိတာမဟုတ်လား။ အခုတော့ရှင် မဆင်မခြင်လုပ်ပုံကြောင့် နံနက်စာတွေ ပစ်လိုက်ရပြီ'

ဥဇလက သူမစကားကို ဂရုမစိုက်ဘဲ ဝမ်းသာဂုဏ်ယူသော မျက်နှာဖြင့် ...

'ငါ အပြင်ထွက်မလို့'

'ရှင်မထွက်ရဘူး'

'အခုမှတော့ တားမနေနဲ့တော့။ မင်းရပ်ထင်ကားချပ်ကို သာကြည့်နေပြီး ကိုယ်ဝင်ရမယ့် လက်ကြယ်သီး ပတ်လမ်းကြောင်း ထဲကို ရောက်ရင် အချက်လှမ်းပေးလိုက်'

'ရှင် ရူးနေပြီလား ဥဇလ'

'ကြွေခွက်က ပလပ်ကို အသားလွတ်ဆွဲချွတ်ခဲ့တဲ့ မင်းလောက်တော့ မရူးနှမ်းသေးပါဘူး'

www.burmeseclassic.com


ယေမလိသည် အာကာသဝတ်စုံကို ဝတ်ရမှာကို သေမလောက် ကြောက်သူဖြစ်ကြောင်း ဥဇလ ကောင်းကောင်းသိသည်။

'ဘာမှ မဖြစ်နိုင်ပါဘူးကွာ။ ကဲ ... စိတ်အေးအေး ထားပြီး ရုပ်ထင်ကားချပ်ကိုသာ စောင့်ကြည့်နေ။ ဒီလောက်တော့ မင်း ကူညီနိုင်ပါတယ်နော် '

တားဆီးမရတော့၊ ဥဇလက အာကာသဝတ်စုံကို ဝတ်ဆင်နေလေပြီ။ ဤကိစ္စမှာ အာကာသခရီးသွားလာရေး အုပ်ချုပ်ရေး ကော်မတီမှ ထုတ်ပြန်ထားသော ဥပဒေနှင့်တော့ ကိုက်ညီခြင်းမရှိ။ ထိုအဖွဲ့အစည်းက ဥပဒေအမှတ် ၁၁(က)ကို ခြွင်းချက်မရှိ တိကျစွာ လိုက်နာရမည်ဟု ညွှန်ကြားထား၏။ 'မည်သူမဆို မိမိယာဉ်မှ အဖော်တစ်ဦးဦး မပါဘဲနှင့် အာကာသယာဉ်မှ အာကာသတွင်းသို့ ထွက်ခွာခြင်းမပြုရ' ဆိုသော အချက်ဖြစ်၏။ ဤညွှန်ကြားချက်မှာ အာကာသယာဉ်ကြီးများအတွက် ကျင့်သုံးရန် မခက်ခဲလှသော်လည်း သူတို့ယာဉ်လို ယာဉ်ငယ်ကလေးများမှ လူများအနေနှင့်မူ လိုက်နာခဲလှပေသည်။

အခုတော့ သူသည် အာကာသဝတ်စုံအပြည့်နှင့် ယာဉ်မကြီး၏ သက်စောင့်လိုင်းတွင် ငြိမ်သက်စွာ တွဲလောင်းခိုရင်း၊ ခေါင်းခွက်ခွက်ထဲရှိ နားကြပ်မှတစ်ဆင့် ကြားလာရမည့် သူ့မိန်းမ၏ အသံကို နားစွင့်နေမိ၏။

'နှစ်မီတာအလွန်။ ထွက်နိုင်ပြီ။ အခုတစ်မီတာ ပိုသွားပြီ'

တွန်းကန် ပစ္စတိုသေနတ်မှ ရုတ်ခြည်းမီးပွင့်သွား၏။ ဥဇလ ခန္ဓာကိုယ်သည် ထိုတွန်းကန်အားကို အရှိန်ပြုကာ ရွေ့လျားသွား၏။ ခနချင်းမှာပင် လက်ကြယ်သီးကို ဖမ်းယူ ဆုပ်ကိုင်နိုင်သလောက်သော အကွာအဝေးသို့ ရောက်ရှိသွား၏။ နေရောင်တွင် တောက်ပနေသော အရာဝတ္ထု သေးသေးကလေး။ လက်ကြယ်သီးမှာ သူနှင့် လက်တစ်လှမ်း အကွာတွင် ဖြည်းညင်းစွာ လွင့်မြောနေသည်။

နေမျိုးစာပဒေသာ

www.burmeseclassic.com


သူကြည်နူးစွာ ရယ်မောလိုက်၏။

အာကာသဝတ်စုံထဲမှ လက်ကို ခက်ခဲစွာ ဆန့်ထုတ်ပြီးမှ လက်ကြယ်သီးကို ဆွဲယူရမည့် လက်ယာဘက်လက်တွင် တွန်းကန်ပစ္စတိုကို ကိုင်ထားကြောင်း သတိပြုမိသွား၏။ ထို့ကြောင့် ပစ္စတိုကို လက်ဝဲဘက်သို့ ပြောင်းကိုင်လိုက်၏။ သူ၏ ပျာယီးပျာယာ လှုပ်ရှားမှုကြောင့် ပစ္စတိုလေးသည် လက်မှလွတ်သွား၏။ သူ့ရင်ထဲတွင် ထိတ်ဖိုသွားသည်။ တွန်းကန် ပစ္စတိုလေးသည် သူနှင့်ဝေးရာ အဆုံးအစမရှိသော ဟင်းလင်းပြင်ထဲသို့ လွင့်မြောပါသွားသည်။

အခုနရှိသော ကြည်နူးမှုအစား စိုးရိမ်သောကစိတ်များ အစားထိုးဝင်ရောက်လာ၏။ ဤအာကာသယာဉ်အပြင်ဘက် အတွယ်အတာမဲ့ ဟင်းလင်းနယ်ထဲတွင် တွန်းကန်ပစ္စတိုလေးမှာ အဓိက အားကိုးအားထား ပြုစရာဖြစ်သည်။ သူ့ အာကာသယာဉ်အတွင်းကို ပြန်ရောက်ဖို့၊ သူ့ချစ်ဇနီးယေမလီဆီ ပြန်ရောက်ဖို့၊ မိခင်ကမ္ဘာမြေပြင်ဆီ ပြန်ရောက်ဖို့၊ နောက်ဆုံး ပူဇွေးသော အသက်ရှင်ခြင်းဆီသို့ ပြန်ရောက်ဖို့ မရှိမဖြစ် လိုအပ်သောအရာဖြစ်၏။ အခု ထိုပစ္စည်းကလေး မရှိတော့။

သူ့ယာဘက် လက်ထဲမှာတော့ လက်ကြယ်သီးလေးကို အမိအရဆုပ်ကိုင်ထားမိပြီး ဖြစ်သည်။ သို့သော် ဤလက်ကြယ်သီးလေးမှာ အာကာသယာဉ်အတွင်းကို ပြန်ဝင်ရန် အားထုတ်ရာ၌ သူ့ကို ဘယ်လို အထောက်အကူမှ ပြုနိုင်သည်မဟုတ်။

အာကာသယာဉ်နှင့် ဝေးရာသို့ သူ့သည် စတင်ဦးတည်၍ ရွေ့လျားစပြုနေလေပြီ။ အဖိုးမတန်သော တစ်ပတ်နွမ်း ပစ္စည်းကလေး တစ်ခုကြောင့် ယခုတော့ သူအခက်အခဲ ကြုံလေပြီ။

'ဘာဖြစ်နေတာလဲ'

အုပ်ဆောင်းတွင်း အသံခွက်မှတစ်ဆင့် ယေမလီ၏ အသံကို ကြားရ၏။

'ဘာမှ မဖြစ်ဘူး'

သူ ညာလိုက်၏။

သို့သော် သူ့အသံမှာ တုန်ယင်နေသည်။ ယခုလို အခါမျိုးမှာ သူ့ကို ကယ်တင်ရန် သူ့မိန်းမသည် အာကာသဝတ်စုံကို အချိန်မီ ဝတ်နိုင်မည်မဟုတ်။ အကယ်၍ ဝတ်နိုင်သည်ဆိုဦး၊ အာကာသယာဉ် အပြင်ဘက်သို့ အဖော်မပါဘဲ တစ်ကိုယ်တည်း ထွက်ရဦးမည်။ ဤလုပ်ရပ် မိုက်ရူးရဲဆန်သော စွန့်စားခြင်းသာ ဖြစ်ပေသည်။ အကာအကွယ်မဲ့ ဗလာဟင်းလင်းပြင်ထဲတွင် နှစ်ဦးလုံးအသက်ဆုံးရှုံးရမည့် အဖြစ်ကို သူမလိုလားချေ။

'နှုတ်ဆက်ခဲ့ပါတယ် အချစ်ရယ်။ အာကာသယာဉ်ကို ရောင်းပြီးသာ ကမ္ဘာကို ပြန်ပေတော့'

သူက တီးတိုးပြောလိုက်၏။

'ဥဇလ ရှင်ဘာဖြစ်နေတာလဲ'

အထိတ်တလန့် မေးလိုက်သော သူမအသံက ကျယ်လောင်လှသည် ။

'ရှင် တစ်ခုခု ဖြစ်နေပြီ မဟုတ်လား'

'အေး'

သူ ဝန်ခံလိုက်ရ၏။

'မင်း ငါ့ကို ကတိတစ်ခုပေးစမ်းပါ။ အင်္ဂါဂြိုဟ်ကို ရောက်ရင် အာကာသယာဉ်ပွဲစား ယော်ဒန်ဆိုတဲ့ လူဆီမှာ ဒီယာဉ်ကို ရောင်းပြီး လူထုသုံး လွန်းပျံယာဉ်နဲ့ မင်းကမ္ဘာကို ပြန်တော့။ ပြီးတော့...

သူသည် အသက်ကို ခက်ခဲစွာ ရှူနေရသည်။ အာကာသဝတ်စုံအတွင်းရှိ လေဖိအားသည် တစ်စထက်တစ်စ ကျဆင်းနေသည်။ ပုံမှန်ဖိအားနှင့် ကွာခြားနေလေပြီ။

'အားလုံးဟာ ကိုယ့်အမှားတွေပါကွာ။ ကိုယ့်ဘဝကို ဂရု

www.burmeseclassic.com


စိုက်ပါ။ ငါတော့မတတ် ... မတတ်နိုင်တော့ဘူး '

သူ့အသံသည် တိုးမျှင်ပျောက်ဆုံးသွားသည်။

ဥဇလ သူ့မျက်လုံးကို ပြန်လည်ဖွင့်နိုင်သောအခါ သူသည် သူတို့အာကာသယာဉ်တွင်းမှ နံရံကပ် အိပ်စင်ပေါ်၌ ရောက်ရှိနေကြောင်း တွေ့ရ၏။ ပြီးတော့ သူ့အပေါ်မှာ ငုံ့မိုးနေသော လှပသည့် သူ့တစ် သက်တာတွင် စွဲလန်းချစ်ခင်ဆုံး မျက်နှာကလေး တစ်ခု။

သူ့ခန္ဓာကိုယ်တွင် အရုပ်ဆိုးလေးလံသော အာကာသဝတ်စုံ အစား ပေါ့ပါးဖြူစင်သော ရုပ်အင်္ကျီတစ်ထည်ကို ပြောင်းလဲဝတ်ဆင် ပြီး ဖြစ်၏။ ရုပ်အင်္ကျီ လက်နှစ်ဖက်အဖျား၌ လက်ကြယ်သီးလေးများ မှာ တောက်ပ ဝင်းလက်နေသည်။

' ယေမလိ၊ မင်းအပြင်ကို ထွက်လိုက်လာခဲ့တယ်ပေါ့၊ ဟုတ် လား '

သူမက ခေါင်းညိတ်ပြ၏။

'အာကာသဝတ်စုံဝတ်ရမှာ ကြောက်တယ်ဆိုတဲ့ အချစ်က ကိုယ့်ကို ကယ်ခဲ့တယ်နော် '

'ပထမတော့ မောင့်ကို အပြစ်တင်ချင်မိတယ်။ ဒါပေမယ့် တကယ်တမ်း အာကာသယာဉ်ထဲမှာ တစ်ယောက်တည်းအဖော်မဲ့ ကျန်ရ တော့မယ်ဆိုတဲ့အခါကျတော့ မောင့်ရဲစိတ်ဓာတ်ကို မောင်နဲ့ ထပ်တူ ထပ်မျှနီးပါး ကျွန်မ သဘောပေါက်လာတယ် '

သူမက မျက်နှာချင်း ထိလုနီးပါး ကိုယ်ကို ကွေးညွတ်ပြီး ပြောလိုက်သည်။

' ဖော်မစုံတဲ့ ဘယ်အရာမျိုးကိုမှ ကျွန်မ မလိုလားတော့ ပါဘူးရှင်။ လက်ကြယ်သီးကလေးကိုပဲ ဆိုလိုတာ မဟုတ်ဘူးနော် '

[ဒဂုန်မဂ္ဂဇင်း၊ ၁၉၈၇၊ ဒီဇင်ဘာလ]

နေမျိုးစာပဒေသာ

www.burmeseclassic.com



ကာလဝိပါနု

www.burmeseclassic.com

## ကာလပါဟာနု

‘ ခင်ဗျား မကျေနပ်ဘူး ဆိုရင်လည်း ရာမဆီကို နောက်တစ်ခေါက် ထပ်သွားကြပေါ့ သျှောသ ’

ထိုသို့ ပြောလိုက်သော မိတ်ဆွေ ဟာဝိလ၏ စကားကိုပင် သျှောသ နားမဝင်နိုင်အောင် ရှိနေလေသည်။

‘ ဒီပန်းချီကားနဲ့ ပတ်သက်ပြီး ကျွန်တော့်ရင်ထဲမှာ လိပ်ခဲတည်းလည်းဖြစ်နေတယ် ဟာဝိလ ’

‘ ရာဂမ’၏ မနုဝိဉာဏ်’ အမည်ရှိသော ရှေးဟောင်းပစ္စည်းအရောင်းဆိုင်ကလေးမှ ဟာဝိလ၏ အိမ်သို့ပြန်ရောက်နေခဲ့သည်မှာ အတန်ကြာပြီ ဖြစ်သည့်တိုင်အောင် သျှောသ၏ ရင်ထဲက နှလုံးသည် လိပ်ပြာတစ်ကောင်၏ အတောင်ပံလို တဆတ်ဆတ် တုန်ယင်လျက်ရှိသေး၏။

‘ ခင်ဗျားဟာ အပျော်တမ်း ပန်းချီဆရာတစ်ယောက်မို့ ပန်းချီကားတစ်ချပ်ကို စိတ်ဝင်စားတယ်ဆိုတာ မဆန်းပါဘူး သျှောသ။ ဒါပေမယ့် ဒီပန်းချီကားကို အသပြာ တစ်သောင်းခွဲအထိပေးပြီး ဝယ်ဖို့

www.burmeseclassic.com


ကြိုးစားတယ်ဆိုတာကတော့ နည်းနည်း အဆင်ခြင်နည်းရာကျ တယ်လို့ ကျုပ်ထင်တယ် '

' ကျုပ်က အဲသလောက် ပေးဝယ်တဲ့ တိုင်အောင် ပိုင်ရှင် ရာဂမက ရောင်းလို့လား ဟာဝိလရဲ့ '

သျှေသက သူရပ်နေသော ပြူတင်းဝမှ နောက်သို့ ပြန်လှည့်ကာ ဟာဝိလကို ပြောလိုက်သည်။ ဟာဝိလက ဆိုဖာတစ်လုံးတွင် ခြေချိတ်ထိုင်ကာ ဆေးတံကို ခဲလျက်က ပခုံးတွန့်ပြ၏။

' ဒီ နောဒ မြို့ကလေးမှာ ခင်ဗျားဟာ ညံ့သည်ပါ သျှေသ။ ရာဂမ အကြောင်းကို ကျုပ်ကောင်းကောင်းသိတယ်။ ဒီလူဟာ ဒီ ရှေးဟောင်းပစ္စည်း အရောင်းဆိုင် မဖွင့်ခင်က လိမ်လည်မှုနဲ့ တစ်ကြိမ်ထောင်ကျခဲ့ဖူးတယ်။ သူဟာ လူဆိုးမဟုတ်တာတောင်မှ လူကောင်း တစ်ယောက်လို့တော့ ကျုပ် အာမ မခံနိုင်ဘူး။ ဒါထက် အဲဒီပန်းချီ ကားနာမည်က ဘာတဲ့ ...'

ဟာဝိလ၏ စကားကို သျှေသက ထောက်ပေးလိုက်၏။

' အချစ်ရဲ့ ပုံတူတဲ့ '

' အချစ်ရဲ့ပုံတူ၊ ဟဲဟဲကောင်းလိုက်တဲ့နာမည်။ ပုံတူ အဆွဲခံထားတဲ့ မိန်းကလေးကလည်း လှပါပေတယ်။ ဒါပေမဲ့ လက်ရာကတော့ ထိပ်တန်း လက်ရာမဟုတ်ဘူး သျှေသရဲ့။

ဟာဝိလ၏ အဓိက အလုပ်မှာ စာရေးဆရာဖြစ်သည်။ သို့သော် တစ်ခါတစ်ရံ ပန်းချီပန်းပုစသော အနုပညာလက်ရာများကို ဝေဖန်သည့်ဆောင်းပါးများလည်းရေးလေ့ရှိ၏။ သူနှင့် သျှေသသည် ဗိသလတက္ကသိုလ်ကျောင်းတော်ကြီးမှာ ပညာသင်ဘက်များ ဖြစ်ခဲ့ကြ၏။

' ဒါပေမဲ့... ဒါက လွန်ခဲ့တဲ့ အနှစ်တစ်ရာလောက်က ရှေးဟောင်းလက်ရာ တစ်ခုပဲ ဟာဝိလရဲ့ '

www.burmeseclassic.com


ဟာဝိလ နေထိုင်ရာ နောဒမြို့ကလေးကို သျှောသ ရောက်နေခဲ့သည်မှာ တစ်ပတ်ခန့် ရှိခဲ့လေပြီ။ ဤဆိပ်ကမ်းမြို့ကလေးမှာ ထူးထူးခြားခြား လည်ပတ်စရာမရှိ။ ပျင်းရိကာ သျှောသ ပြန်တော့မည်ဟုပင် ကြံစည်ခဲ့၏။ ဒီနေ့ ညနေကျမှ ဟာဝိလက ' မနုဝိဉာဏ် ' ဆိုသော ရှေးဟောင်းပစ္စည်း အရောင်းဆိုင်ကလေးဆီသို့ သျှောသကို အလည်အပတ်ခေါ်သွားခဲ့၏။ ဆိုင်ရှင်မှာ အသက်ငါးဆယ်ခန့် ပုပုတုတ်ခိုင်ခိုင် မုတ်ဆိတ်ကျင်စွယ်များရှိသော ရာဂမဆိုသူဖြစ်၏။ ရုပ်ရည်ကြမ်းတမ်းသော်လည်း အပြောအဆိုချိုသာလေသည်။

ပထမတော့ ဟာဝိလ ခေါ်ဆောင်ရာကို သျှောသ အပျင်းပြေသာ လိုက်ပါလာရသည်။ စိတ်ဝင်တစား မရှိလှ။ အညှီတက်နေ သောကြေးအိုးကြေးခွက်၊ မြေအိုးမြေခွက်၊ နူတ်ခမ်းပွဲ့နေသော ကြွေ ထည်များ၊ မြေဆေးတံ၊ ကြေးပြားပိုက်ဆံ၊ အုတ်ခွက်နှင့် ပေစာ သူနား မလည်သော အကျိုးအပဲ့ အပျက်အစီးများကြားထဲမှာ လှည့်လည် ကြည့်ရှုရင် အမှတ်မထင် သူ့နှလုံးသွေးပင် ရပ်ဆိုင်းသွားစေနိုင်လောက် သည့် နံရံတွင် ချိတ်ဆွဲထားသော ပန်းချီကားတစ်ချပ်ကို သျှောသ မြင်လိုက်ရလေသည်။

တိုတိုပြောရလျှင် သျှောသက ဤပန်းချီကားကို မရမက ဝယ်၏။ ဘယ်လို ဝယ်ဝယ် ရာဂမကလည်း ဤ ပန်းချီကားမှာ သူ့တွင်ရှိသော တစ်ခုတည်းသော ရှေးဟောင်း ပန်းချီကားမို့ မရောင်းလိုပါဟု တွင်တွင်ငြင်း၏။

သျှောသက မကြုံစဘူး ဈေးအဖြစ် တစ်သောင်းခွဲပင် ပေးကာ ဝယ်၏။ ရာဂမကလည်း မရောင်း။ နောက်ဆုံး မိတ်ဆွေ ဟာဝိလ၏ ဆွဲခေါ်ရာသို့ မကျေမချမ်း ပါရင်း သျှောသ လက်လျှော့ကာ ပြန်လာရတော့လေသည်။

ရာဂမဟာ ယုံကြည်စိတ်ချရတဲ့ လူမဟုတ်ဘူးလို့ ကျုပ်

www.burmeseclassic.com


ပြောပါသကော သျှောသရဲ့။ ခုခေတ်မှာ ပန်းချီကားတစ်ချပ်ကို ရှေးဟောင်းပန်းချီကား တစ်ချပ်လို့ ထင်အောင်ပြုပြင်ရတာ၊ ခက်ခဲတဲ့ ကိစ္စမဟုတ်ဘူးဆိုတာ ခင်ဗျားလည်း သိသားနဲ့ '

'ဒါပေမယ့် ဒီ ပန်းချီကားကတော့ လွန်ခဲ့တဲ့ နှစ်တစ်ရာက ရေးဆွဲတဲ့ ပန်းချီကားဆိုတာ သေချာပါတယ် ဟာဝိလ'

ဟာဝိလက သျှောသကို ကြည့်ပြီး စိတ်မရှည်နိုင်သလို ဖြစ်လာ၏။

'ဘာကြောင့် ခင်ဗျား ဒီလောက်ခိုင်ခိုင်မာမာ ပြောနေနိုင်တာလဲ သျှောသ '

'ဘာကြောင့်လဲ ဟုတ်လား '

သျှောသက ဟာဝိလ၏မျက်နှာကို စေ့စေ့ကြည့်ရင်းအေးအေးလူလူ ပြောလိုက်လေသည်။

'ဘာကြောင့်လဲဆိုတော့ ဒီပန်းချီကာဟာ ကျုပ်ကိုယ်တိုင်ရေးဆွဲခဲ့တဲ့ ပန်းချီကား ဖြစ်နေလို့ပါပဲ ဟာဝိလ '

ဗိသလ တက္ကသိုလ်မြေမှ ထွက်ပြီးနောက် သျှောသသည် လွတ်လပ်သော သိပ္ပံပညာရှင်ကြီး အဘိမေလ၏ လက်ထောက်အဖြစ် နှစ်အတန်ငယ်ကြာအောင် လုပ်ကိုင်ခဲ့သည်။ ဆရာကြီးအဘိမေလ အထူးဂရုပြု ကြိုးစားအားထုတ်နေသော စီမံကိန်းကြီးတစ်ခုရှိ၏။ အချိန်ကိုချုံးနိုင်ချဲ့နိုင်သော အတိတ်နှင့်အနာဂတ်ကာလများကို ခရီးသွားနိုင်သည့် 'ကာလဝါဟန' ခေါ် ယန္တရားယာဉ်ကြီးတစ်ခုကို တည်ဆောက်နိုင်ရန် ကြိုးပမ်းခဲ့ခြင်းဖြစ်၏။ နောက်ဆုံးတွင် ဆရာကြီး၏ စိတ်ကူးယဉ်အိပ်မက်မှာ အကောင်အထည် ပေါ်လာခဲ့သည်။

ခရီးသွားဟူသော စကားနှင့်ကိုက်ညီလိုက်လျောအောင် ယာဉ်ဟုသုံးနှုန်းလိုက်ရသော်လည်း ယင်းမှာ ဓာတ်ခွဲခန်းအဆောက်အအုံငယ်တစ်ခုနှင့်သာ ပိုတူနေပါသည်။ ခေတ်ဟောင်းသိပ္ပံ၏ သီအိုရီသဘော

www.burmeseclassic.com


အရ အချိန်ကို လိုသလို ဆွဲဆန့်၊ သို့မဟုတ် ကျဉ်းချုံ့နိုင်အောင် အလင်းအလျင် ထက်မြန်အောင် ခရီးသွားနိုင်သည့်ယာဉ်မျိုး တည်ဆောက်ရမည်ဖြစ်သည်။ ယခု (၂၃)နှစ်ဆယ့်သုံးရာစုခေတ်သို့ ရောက်နေသည့်တိုင်အောင် မည်သည့်စက်မှုသိပ္ပံပညာရှင်ကမျှ ဤလိုယာဉ်မျိုး မတည်ဆောက်နိုင်သေး။ ယနေ့ကမ္ဘာတွင်ရှိသော အမာကျောဆုံးဆိုသည့် သတ္တုသည်ပင် အလင်းအလျင်နှုန်း နည်းပါးမြန်ဆန်အောင် သွားပါကမီးလောင်ကာ အရည်ပျော်သွားမည်ဖြစ်သည်။ ဆရာကြီး အဘိမေလကတော့ ယာဉ်မပါဘဲ လူ၏ ခန္ဓာကိုယ်တစ်ခုတည်းကိုသာ ရောက်လိုရာအချိန်ကာလသို့ ခရီးသွားနိုင်မည့်နည်းအား ရှာဖွေတွေ့ရှိ၏။

လျှပ်စစ်စက်ကွင်း၊ သံလိုက်စက်ကွင်းနှင့် ဆွဲငင်အား စက်ကွင်းဆိုသော ပေါင်းစပ်စက်ကွင်း သဘောတရားပေါ်တွင် အခြေခံကြံဆ,ရာမှ နည်းလမ်းရ ရခဲ့ခြင်းဖြစ်၏။ လူ့ခန္ဓာကိုယ်မှ ကလပ်မှုန်အဖွဲ့အစည်းကို ဖြိုခွဲပစ်ကာ အခြားတစ်နေရာတွင် နဂိုအချိုးအစားအတိုင်း ပြန်လည်ထိန်းချုပ်ဖွဲ့စည်းခြင်း ဖြစ်၏။ ရှေးဟောင်း ဒဏ္ဍာရီများတွင်ပါသည့် ကောင်းကင်ဘုံသားတွေ၏ ကိုယ်ထင်ပြခြင်း၊ ကိုယ်ရောင်ဖျောက်ခြင်းသဘောနှင့် ဆင်ဆင်တူလိမ့်မည် ထင်ပါသည်။ အတိုချုပ်ပြောရလျှင်...

သူ့လုပ်ငန်း၌ အစစအရာရာ ကျိုးနွံစွာ အကူအညီပေးခဲ့ သောသျှေသကို ဆရာကြီး အဘိမေလက ကျေးဇူးတုံ့ပြန်သည့် အနေဖြင့်ဤကာလဝါဟနယာဉ်ကြီးကို ဦးဦးဖျားဖျား အသုံးပြုခွင့်ပေးခဲ့၏။ ဤအခွင့်ထူးကို သျှေသက လက်လွတ်မခံခဲ့။ လွန်ခဲ့သော အနှစ်တစ်ရာသို့ ပြန်သွားရန် စီစဉ်ခဲ့၏။ ဆရာကြီးအဘိမေလ ကိုယ်တိုင်ကလည်း ကာလဝါဟန စက်ကြီး၏အစွမ်းကို ကုန်စင်အောင် မခန့်မှန်းနိုင်သေးသဖြင့် သျှေသအား အတိတ်အနာဂတ် ဟိုဘက်ဒီဘက် ရာစုနှစ်တစ်ရာ ထက်ပို၍ သွားဖို့ခွင့်မပြုခဲ့။

နေမျိုးစာပဒေသာ

www.burmeseclassic.com


ပြီးတော့ သူတို့ နှစ်ဦးကြားတွင် သဘောတူညီချက် တစ်ခု ထားခဲ့သေး၏။ သျှေသကို အတိတ်ကာလသို့ ပို့ဆောင်ပေးခြင်းနှင့် အတိတ်ကာလမှ ပြန်လည်ခေါ်ယူခြင်း ကိစ္စများ၌ သျှေသ သဘော အတိုင်းပဲ မဖြစ်စေဘဲ၊ ဆရာကြီးအဘိမေလ၏ သဘောအတိုင်း ဖြစ်ရမည်ဆိုသော အချက်ဖြစ်၏။ အချိန်ခရီးသွားလာသူ တစ်ဦးအတွက် ပစ္စုပ္ပန်ကာလမှ လူတစ်ဦး ကူညီထိန်းချုပ်မှုမှာ အဓိကအရေးပါသည့် သဘောဖြစ်သည်။ ဆရာကြီးအဘိမေလက နောက်ဆုံးမှာ၏။

'မင်းကိုအတိတ်ကာလထဲမှာ ငါတစ်ပတ်ခွင့်ပြုမယ်၊ ပြီးရင် ငါပြန်ခေါ်မယ်၊ အထူးဂရုပြုဖို့ မှာချင်တာကတော့ လွန်ခဲ့တဲ့ အနှစ် တစ်ရာကာလကို မင်းပြန်ရောက်သွားခဲ့ရင် မင်းဟာ မင်းနဲ့ မဆီမဆိုင်တဲ့ ခေတ်ကို အလည်အပတ် ခဏရောက်နေတဲ့ လူတစ်ဦးလို့ ကိုယ့်ကိုယ် ကို သဘောထားနေထိုင်ဖို့ပဲ၊ အဲဒီခေတ်က ဘယ်လိုအရေးအခင်းမှာမှ ဝင်မစွက်ဖက်မိစေနဲ့၊ ပြီးတော့ ဒီကို ပြန်လာတဲ့အခါ အတိတ်ကာလက ဘယ်လို ပစ္စည်းတစ်စုံတစ်ရာကိုမှ မင်းယူမလာမိစေနဲ့၊ အဲဒီနှစ်ချက် ကိုတော့ ကြပ်ကြပ်သတိထားပါတော့ '

သည်လိုနှင့် လွန်ခဲ့သော အနှစ်တစ်ရာက တစ်ခုသော ရောင်စုံ ပန်းတောအလယ်မှာ သျှေသသည် 'ဝေဘာ'ဆိုသော မိန်းမလှလေးတစ်ဦး နှင့်တွေ့ဆုံခဲ့ရ၏။ သူသည် ပန်းခူးနေသော မိန်းကလေး၏အနီးတွင် ရုတ်တရက် ကိုယ်ထင်ပြသလို ဘွားခနဲ ပေါ်ခဲ့ခြင်းဖြစ်၏။ သူ့ကိုယ်နှင့် မိန်းကလေးကို ဝင်မတိုက်မိတာ ကံကောင်းသည်ဟု ဆိုရပေတော့မည်။

'ဝေဘာဟာ ဥရုမြို့က ဩမိရဆိုတဲ့ သူကြွယ်တစ်ယောက် ရဲ့သမီးဖြစ်နေတယ် ဟာဝိလ၊ ငါဟာ သူ့ကို မြင်မြင်ချင်းပဲ မနေနိုင်အောင် ချစ်ခဲ့မိတယ်၊ ရင်းနှီးမှုရအောင် ကြိုးစားတယ်၊ နောက်ဆုံးတော့ ပန်းချီ ဆရာဆိုတဲ့ ဂုဏ်ပုဒ်ဟာ အဲဒီနေရာမှာ ကြီးစွာအထောက်အပံ့ပေးခဲ့တယ်'

ဟာဝိလမှာ မီးသေနေသော ဆေးတံကို မီးညှိရန်ပင် မေ့

www.burmeseclassic.com


လျော့နေလောက်အောင် သျှေသ၏ ပြောစကားမှာ နစ်မွန်းနေမိသည်။

'တိုတိုပြောရရင်တော့ အဲဒီ ဝေဘာ ဆိုတဲ့ ကောင်မလေးရဲ့ ပုံတူကို ရေးရင်း ငါနဲ့ ဝေဘာဟာ ချစ်သူတွေဖြစ်ခဲ့ကြတယ်။ အဲဒီပန်းချီကားကို ရေးပြီးတော့ ငါက အချစ်ရဲ့ပုံတူလို့ အမည်ပေးခဲ့တယ်။ အဲဒီအချိန်မှာ ကြမ္မာဆိုးတစ်ခု ဝင်ရောက်လာတာပဲ၊ ဒီ ဝေဘာဆိုတဲ့ ကောင်မလေးဟာ အင်မတန် ရက်စက်ကြမ်းကြုတ်တဲ့ ဥရမြို့စား သြဖိရက လက်ထပ်ကောက်ယူဖို့ ရာထားထားတဲ့ ကိုယ်လုပ်တော်လောင်း ဖြစ်နေတယ်လေ '

ဟာဝိလ ပါးစပ်မှ ဆေးတံမှာ လွတ်ကျတော့မည်ကဲ့သို့ ဖြစ်သွား၏။ ဇာတ်လမ်းက အမြင့်ဆုံးအပိုင်းသို့ ရောက်ရှိလာလေပြီ။

' ငါနဲ့ ဝေဘာ ချစ်နေတာကို သိပြီး ဥရမြို့စားဟာ ကြမ်းကြမ်းတမ်းတမ်း အရေးယူတော့တာပဲ၊ ဝေဘာမိဘတွေရဲ့ ပစ္စည်းကို သိမ်းယူတယ်၊ ဝေဘာကို ဖမ်းပြီး လျှာကို ဖြတ်ပစ်လိုက်တယ်၊ ဝေဘာဟာ သူတို့မြို့မှာ ထင်ရှားတဲ့ အဆိုသည်တစ်ယောက်လည်း ဖြစ်နေတာကိုး'

' ခင်ဗျားကိုရော ဘယ်လိုအရေးယူခဲ့သလဲ သျှေသ '

ထောင်သွင်းအကျဉ်းချထားခဲ့တယ်၊ သတ်ပစ်ဖို့ စီစဉ်နေတုန်းမှာပဲ ဆရာကြီး အဘိမေလက ကျုပ်ကို ပစ္စုပ္ပန်ကို ပြန်ခေါ်တာနဲ့ကြုံပြီး ကျုပ် သြဖိရရဲ့ ဘေးရန်က လွတ်ခဲ့ရတယ်။

အခန်းထဲတွင် အတန်ကြာအောင် တိတ်ဆိတ်သွား၏။ ဟာဝိလက ဆေးတံကို မီးညှိရန် သတိပြန်ဝင်လာ၏။ သျှေသက ဟာဝိလအား ...

' ကဲ ပန်းချီကားဟာ လွန်ခဲ့တဲ့ အနှစ်တစ်ရာလောက်က ကျုပ်ရေးဆွဲခဲ့တဲ့ ပန်းချီကားဆိုတာ ခင်ဗျားယုံပြီးလား ဟာဝိလ '

နောက်တစ်နေ့မနက်တွင် ရာဂမ၏ မနုဝိညာဏ်ဆိုသော

နေမျိုးစာပဒေသာ

www.burmeseclassic.com


ဆိုင်ဆီသို့ သူတို့နှစ်ယောက် ပြန်လည်ရောက်ရှိသွားကြလေသည်။ သျှောသက စကားတိုတိုပင် ပြောလိုက်၏။

'ရာဂမ၊ အသပြာ ဘယ်လောက်ရရင် ဒီပန်းချီကားကို ရောင်းနိုင်မလဲ'

သူမေးလိုက်သည့် မေးခွန်းက ရာဂမ ပြောတဲ့ ဈေးအတိုင်း ပေးကာ ဝယ်မည်ဟု ဆိုလိုက်သည့်နှယ်ရှိ၏။ ရာဂမက ညင်သာစွာ ပြုံး၏။

'ဘယ်လောက်ပေးပေး ကျွန်တော် မရောင်းနိုင်ဘူးလို့ ပြောပြီးသာပဲ သျှောသ၊ ခင်ဗျားဝယ်နေတာ ပန်းချီကားမဟုတ်ဘူး၊ ကျွန်တော့်အသည်းနှလုံးပါ'

ရာဂမ၏ စကားကို ရုတ်တရက် သျှောသ နားမလည်၊ ထိုစဉ် အတွင်းခန်းမှ ခန်းဆီးကို မ,ကာ မိန်းကလေးတစ်ယောက် သူတို့ရှိရာ အခန်းတွင်းသို့ ဝင်ရောက်လာ၏။ ထိုမိန်းကလေးကို မြင်သည်နှင့် ဟာ ဝိလရော၊ သျှောသပါ ကြက်သေသေ၍ သွားလေသည်။ ထိုမိန်းကလေးမှာ သူ မရမကဝယ်နေသည့် ပန်းချီကားထဲမှ မိန်းကလေးနှင့် တစ်ထေရာ တည်း တူနေသောကြောင့် ဖြစ်လေသည်။

ရာဂမက...

'ကဲ ... ကျုပ်ဘာကြောင့် ဒီပန်းချီကားကို မရောင်းနိုင်သလဲဆိုတာ သိကြပြီမဟုတ်လား၊ သူဟာ ကျုပ်ရဲ့ တစ်ဦးတည်းသော မိတဆိုးသမီးကလေးပဲ၊ သူနာမည်က ဝေဘာတဲ့၊ ဥရမြို့က ယဉ်ကျေးမှု ကျောင်းမှာ အကသင်တန်းသွားတက်နေခဲ့ရာက မနေ့ညကမှ ဒီမြို့ကို ပြန်ရောက်လာတာ'

ဝေဘာဆိုသော မိန်းကလေးက သျှောသကို ဝင်းလဲ့သော မျက်လုံးများဖြင့် မလှုပ်မယှက် ငေးစိုက်ကြည့်နေ၏။ သျှောသ မနေ

www.burmeseclassic.com



နိုင်တော့။

‘ ဝေဘာ ကိုယ်ကို မှတ်မိလား၊ ကိုယ်ဟာ ပန်းချီဆရာ သျှေသ ပါ ’

ဝေဘာထံမှ မည်သည့်စကားသံမှ ထွက်မလာ။ ရာဂမက သာ ယူကျုံးမရသော လေသံဖြင့် ပြောလိုက်၏။

**‘ ဝမ်းနည်းပါတယ် သျှေသ၊ သူ ခင်ဗျားကို စကားပြန်ပြော နိုင်မှာ မဟုတ်ဘူး၊ ကျုပ်သမီးလေးဟာ မွေးကတည်းက ပါးစပ်ထဲမှာ လျှာပါမလာခဲ့ဘူး ’**

www.burmeseclassic.com



လောင်မီးတွော

www.burmeseclassic.com

## လောင်းစာ

ကောင်းကင်ကြီးသည် လိမ္မော်သီးရောင် တောက်ပနေသည်။ ပထမဆုံးနေ့မှာပင် လူထောင်ပေါင်းများစွာ သေဆုံးသွားကြ၏။ အရွယ်အစား အမျိုးမျိုးရှိသော တောက်လောင်နေသည့် မီးလုံးများသည် ကောင်းကင်ထက်မှ မြေပြင်ဆီသို့ ကွက်ကြားမိုးရွာသလို တဖြောက်ဖြောက် ကြွေကျလျက်ရှိသည်။ ပြတင်းဝမှ ကြည့်လိုက်လျှင် အရပ်ရှစ်မျက်နှာ၌ ခိုကိုးရာမဲ့ ပြေးလွှားနေကြသော လူအုပ်ကြီးကို တွေ့နိုင်သည်။ ထိုသူတို့၏ ကယ်ပါယူပါ အော်ဟစ်သံများမှာ ကမ္ဘာပျက်သကဲ့သို့ဖြစ်သည်။ အမှန်ပင် ကမ္ဘာပျက်စီးလေပြီဟု ဟာဝိလ ယုံကြည်သည်။ ကောင်းကင်ကြီး မီးစွဲလောင်နေပြီ။ သေခြင်းတရားသည် မြေပြင်အနှံ့တွင်ပင် လေပြင်းလို တိုက်ခတ်လျက်ရှိ၏။ ဤဘေးမှ ဘယ်သူမှ မလွတ်နိုင်တော့။

အခုလောလောဆယ်တွင်မူ နိုင်ငံတော် အာကာသ သျှုတ္တရဆိုင်ရာ အကြံပေးအဖွဲ့ အတွင်းရေးမှူးလည်းဖြစ်၊ သိပ္ပံပညာကျော် တစ်ဦးလည်းဖြစ်သော ဟာဝိလ နေထိုင်ရာအဆောက်အအုံမှာ အတော်အတန် ခိုင်ခံ့လုံခြုံနေသေးသည်မှာ မှန်ပါသည်။ သို့သော် ဤလုံခြုံမှု

နေမျိုးစာပဒေသာ

www.burmeseclassic.com


မှာ မည်မျှလောက် ကြာရှည်တော့မည်နည်း။ ဤမယုံကြည်နိုင်ဖွယ် ကိစ္စမှာ ပြီးခဲ့သောညဥ့်ဦးယံက စတင်ဖြစ်ပွားခဲ့သည်။ အဆောက်အအုံ အမိုးပေါ်ရှိ နက္ခတ်ကြည့်မျှော်စင်၌ သူရှိနေစဉ်အခိုက် မဟူရာကောင်း ကင်၌ လိမ္မော်ရောင် အစက်အပြောက်ကလေးများကို သူ၏မျက်လုံးနှင့် ဟာဝိလ စတင်မြင်ခဲ့ရ၏။ ပထမတော့ သူ ဝေခွဲဆုံးဖြတ်မရ။ ကမ္ဘာပတ် လေထုဖြင့် ပွတ်တိုက်လောင်မြိုက်သွားသော သာမန်ဥက္ကာခဲလေးများဟု သာ ထင်ခဲ့၏။ မီးပွင့်မီးပွားကလေးများ တစ်စထက်တစ်စ များပြားလာ သောအခါ သူ သံသယစိတ် ဝင်လာသည်။ နက္ခတ်ကြည့်မှန်ပြောင်းဖြင့် သေသေချာချာ အကဲခတ်ကြည့်လိုက်၏။ အဖြေကိုသိရသောအခါ အံ့သြ ချောက်ချားစွာ ဘုရားတ,လိုက်မိသည်။ သူတို့ကြိတ်ကာ စိုးရိမ်ပူပန်နေ ခဲ့သော အခြေအနေမျိုးသည် ယခုညတွင်ပင် ဖြစ်ပေါ်ခဲ့လေပြီ။ သူ့ဘေးကို တပည့်ကျော် လေုန် ရောက်လာ၏။

'လူတွေအားလုံး လမ်းပေါ်ကို ရောက်ပြီး ကောင်းကင်ကို မော့ကြည့်နေကြတယ် သခင်။ ဥက္ကာခဲတွေ တစ်ခါမှ ဒီညလို အဆက် မပြတ် မကြွေဖူးဘူး '

'အဲဒါ ဥက္ကာခဲတွေ မဟုတ်ဘူး လေုန် '

သူက တည်ငြိမ်အေးချမ်းစွာ ပြောလိုက်သည်။ တပည့်က

'ဘာတွေလဲ သခင် '

'လူတွေရဲ့ လောဘ၊ ဒေါသ၊ မောဟတွေ '

လေုန်က သဘောပေါက်ဟန်မတူ။ ဤကဲ့သို့ သဘော မပေါက်ခြင်းကပင် သူ့အတွက် ပိုကောင်းလေသည်ဟု ဆိုရပေမည်။

'ယောဒန်ဆီကို ဖုန်းခေါ်လိုက်စမ်း လေုန် '

ဟာဝိလက ခိုင်းစေလိုက်သည်။ ယောဒန်မှာ အနောက် ဘက်ခြမ်း ကမ္ဘာမှာရှိသော အဲဂုတ္တ နိုင်ငံတော်မှာ အကျော်ဒေးယ သိပ္ပံပညာရှင်ကြီး ဖြစ်သည်။ ကမ္ဘာ့အရှေ့ခြမ်းရှိ မဟာလေဘနိုင်ငံ၌

www.burmeseclassic.com


နေထိုင်သော ဟာဝိလနှင့် ဟာဇဗုန္တမာနိုင်ငံ တက္ကသိုလ်ကျောင်းတော်ကြီး၌ ပညာဆည်းပူးဖက်ဖြစ်ကာ ဒေါက်တာဘွဲ့ကို သူတို့နှစ်ယောက်လုံး တစ်နှစ်တည်း ဆွတ်ခူးခဲ့ကြလေသည်။ တယ်လီဖုန်းနှင့် တွဲထားသော ရုပ်မြင်သံကြား ဖန်သားပြင်ပေါ်မှာ ယော်ဒန်၏ ပုံပေါ်လာသည်။ သူသိချင်သော မေးခွန်းကို ဟာဝိလမေးစရာမလိုတော့။ ယော်ဒန်၏ အနောက်ဘက် ကောင်းကင်ပြင်၌ မီးတောက်မီးလုံးများ မိုးပေါက်များလို တဖွဲဖွဲ ကျနေသည်ကို အထင်အရှား မြင်တွေ့နေရသောကြောင့် ဖြစ်သည်။ ယော်ဒန်က နှုတ်ဆက်လိုက်၏။

'ပျော်စရာကြီးပဲ ဟာဝိလရေ'

သူက အရာရာကို ပညာရှင်တို့ ထုံးစံအတိုင်းသွေးအေးအေးနှင့်သာ ရင်ဆိုင်တတ်သူ ဖြစ်သည်။ လူကောင်ကတော့ သိပ္ပံပညာရှင်နှင့်မတူဘဲ နွားသတ်သမားနှင့်တူအောင် ထွားကြိုင်းကြံ့ခိုင်သူဖြစ်၏။ အစားအသောက်ကလည်း မက်မောသေးသည်။ စကားပြောနေသော သူ့လက်ထဲတွင် ချောကလက်ဖျော်ရည်တစ်ခွက်ကို ကိုင်၍ထားသည်။ ဟာဝိလက မေးလိုက်သည်။

'ဘာကြောင့်လို့ ခင်ဗျား ထင်သလဲ ယောဒန်'

'ဒီအဖြေကို ခင်ဗျားလည်း သိပြီးသားပါ။ ကျွန်တော်တို့ အကြိမ်ကြိမ်ကြိုးစားပေမယ့် မအောင်မြင်ခဲ့တဲ့ကိစ္စရဲ့ ရလဒ်ပေါ့'

ဟာဝိလက သက်ပြင်းချကာ...

'ခင်ဗျားနဲ့ နောက်ဆုံး စစ်တုရင်တစ်ပွဲလောက် ကစားချင်တဲ့ ဆန္ဒပြည့်ဝတော့မှာမဟုတ်ဘူး'

သူတို့နှစ်ယောက်သည် လက်ညီသော စစ်တုရင် ပြိုင်ဘက်ဟောင်းများ ဖြစ်ကြသည်။ ကြုံ၍ကစားတိုင်းလည်း တစ်လှည့်စီ နိုင်လေ့၊ ရှုံးလေ့ရှိကြ၏။

'ကဲ၊ တော်လောက်ပြီ။ ကျုပ် ပေါင်မုန့်မီးကင်ထားတာ

www.burmeseclassic.com


တူးစော်နံ့နေပြီ ’

ယောဒန်က အဆက်အသွယ်ကိုဖြတ်တောက် လိုက်သည်။

မဟူရာကောင်းကင်မှာ အချိန်မဟုတ်ဘဲ တစ်စထက်တစ်စ ထိန်လင်းလာနေသည်။ အနက်ရောင် စားပွဲခင်းပေါ်မှာ လိမ္မော်ရည် တစ်ခွက် မှောက်ကျသလို လျှင်မြန်စွာ ပြန့်ကျယ်နေ၏။ အခုတော့ လူအတော်များများမှာ ကြောက်လန့်ရကောင်းမှန်း သိသွားလေပြီ။ အော် ဟစ်ပြေးလွှားသံတွေ ဆူညံစပြုလာ၏။ လူနေအိမ်တချို့နှင့် သစ်ပင် တချို့မှာ ပြင်းစွာ မီးလောင်နေလေပြီ။

‘သခင်၊ သခင်ကြီး ဩမရ ဆီက ဖုန်းလာတယ် ’

ဇေလုန်က လာအကြောင်းကြား၏။ သူ့ရှေ့က စက်ကို ဖွင့် လိုက်သောအခါ မဟာလေဘ နိုင်ငံတော်၏ ဥသျှောင်သခင်ကြီး ဩမရ ကို ရုပ်မြင်သံကြားဖန်သားပြင်ပေါ်တွင် ဟာဝိလတွေ့ရပြန်သည်။ ထိုသို့ မတွေ့ခဲ့သည်မှာ ခြောက်လခန့်ရှိခဲ့လေပြီ။

‘ ဟာဝိလ အမြန်ဆုံးရောက်နိုင်တဲ့ နည်းနဲ့ အိမ်တော်ကို လာခဲ့စမ်းပါ ’

‘ အခုမှတော့ အချိန်တွေ နှောင်းကုန်ပါပြီ အသျှင် ’

တကယ်ပင် အချိန်နှောင်းခဲ့ပြီးဖြစ်သည်။ ဩမရ တွေဝေ သွား၏။

‘ အင်း၊ မင်းနိမိတ်ဖတ်ခဲ့တာကို ငါ အလေးမထားခဲ့ မိတာ မှာတားပဲ ’

နောက်ဆုံးအချိန်ကျလျှင် လူတိုင်းပင် ဤလိုအသိတရားမျိုး ရတတ်ကြ၏။

‘ ဘာပဲဖြစ်ဖြစ် ငါ့အနားမှာ မင်းရှိစေချင်တယ်။ ငါ့မိသား စုရယ်၊ ငါနဲ့ အရင်းနှီးဆုံး လုပ်ဖော်ကိုင်ဖက်တွေရယ်စုပြီး ဒီကမ္ဘာက ခွာဖို့ စီစဉ်နေကြတယ်။ တို့ယာဉ်ပေါ်မှာ မင်းတစ်ယောက်ပါလာတဲ့

www.burmeseclassic.com


အတွက် ပိုမလေးလံနိုင်ဘူး ထင်ပါတယ် '

'ဒီအခွင့်အရေး ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။ အသျှင်။ ဒါပေမဲ့ အဲဒါဟာ အန္တရာယ်များလွန်း အားကြီးပါတယ်လို့ အကြံပေးပါရစေ။ အခုအချိန်မှာ အကောင်းဆုံး အာကာသယာဉ်ဆိုတာလည်း လေထုတဲရောက်ရင် မီးတောင်ရဲ့တွင်ဝက ချော်ရည်ထဲကို ပန်းကလေးတစ်ပွင့် ပစ်ချလိုက်သလို ဖြစ်သွားမှာသေချာပါတယ်'

သူ့ဘက်က ပြောစရာစကားကုန်သွားပြီမို့ ရုပ်မြင်သံကြားစက်ခလုတ်ကို ဟာဝိလ ပိတ်ပစ်လိုက်သည်။ တကယ်ပင် အခုတော့ အားလုံးမှာ ပြင်ဆင်၍ မရအောင် နောက်ကျခဲ့လေပြီ။ အချိန်အခွင့်ရှိစဉ်ကတော့ ခေါင်းမာသူများထဲတွင် အသျှင်ကြီး ဩမရသည် ထိပ်ဆုံးက စွဲခဲ့သူဖြစ်၏။

ကမ္ဘာထက်ရုပ်ဝန်းကျင်အာကာသမှာ အဏုမြူလက်နက်ပစ္စည်းများ သိုလှောင်ရာ ဂိုဒေါင်ကြီးဖြစ်ခဲ့သည်မှာ ကြာလေပြီ။ လွန်ခဲ့သော အနှစ်စိတ်ခန့်က ကမ္ဘာမြေကြီးပေါ်မှ အဏုမြူလက်နက်များ ဖယ်ရှားပစ်ရန် အရှေ့အနောက် အင်အားကြီးနိုင်ငံကြီး ခြောက်နိုင်ငံတို့ သဘောတူ လက်မှတ်ရေးထိုးခဲ့သည်မှာ မှန်ပါ၏။ သို့သော် လုံးဝဖျက်သိမ်း ပစ်သည့်အဆင့်ကို မရောက်ခဲ့။

ထိုစာချုပ်၏ အကျိုးဆက်အဖြစ် ကမ္ဘာပတ်လည် လေထုထဲ၌ မဟာအင်အားကြီးနိုင်ငံများ၏ အဏုမြူလက်နက်သိုလှောင်ရေး အာကာသစခန်းကြီးများ မှိုလိုပေါက်လာကြသည်။ သို့ဖြင့် ကမ္ဘာ့လူသားများသည် အန္တရာယ်ကို ဖင်ခုထိုင်နေရာမှ ခေါင်းဖြင့် ရွက်ထားရသောအခြေအနေသို့ ပြောင်းလဲသွားသည်မှာ အနှစ်အစိတ်ခန့်ရှိခဲ့လေပြီ။ ကမ္ဘာကြီး၏ အရှည့်တည်တံ့ခိုင်မြဲရေး၊ ထာဝစဉ် ငြိမ်းချမ်းရေးကို လိုလားသော သိပ္ပံပညာရှင်များ၊ အနုပညာရှင်များ၊ တခြားလူသားများက အာကာသအတွင်းမှ အဏုမြူစခန်းများကို လုံဝဖျက်သိမ်းပစ်

www.burmeseclassic.com

BURMESE CLASSIC .com
ရန် ထိုနှစ်များအတွင်း အကြိမ်ကြိမ် တောင်းဆိုခဲ့သော်လည်း အောင်မြင်မှုမရ။

မိမိ၏ အတ္တတံခွန်ကို အမြင့်ဆုံးလွှင့်ထူနိုင်ဖို့အတွက် မြေပြင်စိုးမိုးရေးမှ အာကာသ စိုးမိုးရေးခေတ်ကို ထူထောင်နေကြသော ဩမရ အပါအဝင် မဟာအင်အားကြီးနိုင်ငံများမှ ဥသျှောင်များမှာ တိုက်ဆိုင်ဆွေးနွေးတိုင်း ညှိနှိုင်းအဖြေရှာမရခြင်းဖြင့်သာ အဆုံးသတ်ခဲ့ကြရသည်။

ဟာဝိလ အပါအဝင် သိပ္ပံပညာရှင်များကမူ ကမ္ဘာပတ် လည်၌ တစ်နေ့တခြား ကြီးထွားလာနေသော အာကာသ လက်နက်စခန်းကြီးများကို ကြည့်ကာရင်မ, နေခဲ့ကြရသည်။ ထိုစခန်းများပေါ်တွင် တာဝန်ထမ်းဆောင်နေသော ပုဂ္ဂိုလ်တစ်ယောက် ကိုယ်စိတ်အခြေအနေ ချို့ယွင်း၍သော်လည်းကောင်း၊ ထိုစခန်းများကို အဝေးမှထိန်းချုပ်နေသော ကမ္ဘာမြေပေါ်မှ ပုဂ္ဂိုလ်တစ်ယောက် ကိုယ်စိတ်အခြေအနေ ချို့ယွင်း၍သော်လည်းကောင်း လည်ပတ်နေသော ယန္တရားမှ စက်ပစ္စည်း တစ်စုံတစ်ရာ မတော်တဆ ချို့ယွင်းခဲ့လျှင်သော်လည်းကောင်း၊ ဝါယာကြိုးလေးတစ်မျှင်၊ ပဲစေ့လောက် ခလုတ်ငယ်လေးတစ်ခု၏ ချို့ယွင်းမှုမှ ပေါ်ပေါက်လာမည့် အကျိုးဆက်မှာ ကမ္ဘာကြီးတစ်ခုလုံးနှင့် ပေးဆပ်မှ ကျေနိုင်မည့် အမှားမျိုးဖြစ်၏။

ထိုကြောင့် အာကာသမှ လက်နက်စခန်းများသို့ အမြန်ဆုံး ဖယ်ရှားပစ်ဖို့ သူတို့ အပူတပြင်း တောင်းဆိုနေခဲ့ကြခြင်းဖြစ်သည်။ ထို့ကြောင့်လည်း ဩမရ ဟာဝိလကို အမျက်သိုကာ ချောင်ထိုးထားခဲ့သည်မှာ ခြောက်လခန့် ရှိခဲ့လေပြီ။ အခုတော့လည်း အားလုံးပြီးစီး ခဲ့လေပြီ။ သူတို့ မျှော်မှန်းထားသော အခြေအနေက ထင်ထားတာထက်ပင် စောလျင်စွာ ဖြစ်ထွန်းလာခဲ့သည်။ တစ်စုံတစ်ခုသော ချို့ယွင်းမှုကြောင့် အာကာသစခန်းတစ်ခု ပေါက်ကွဲရာမှ ...

နေမျိုးစာပဒေသာ

www.burmeseclassic.com


ဆင့်ကဲ ဆင့်ကဲ ဆင့်ကဲ ပေါက်ကွဲကာ ...။

ကောင်းကင်ကြီးမီးလောင်နေပြီ ။

ကမ္ဘာကြီး၏ နောက်ဆုံးနေ့ရောက်ခဲ့လေပြီ။ နောက်ဆုံး တော့လည်း နန်းတော်၊ နွားတင်းကုတ်၊ ငှက်၊ လူ၊ ပန်းသီး၊ ဂစ်တာ တစ်လက်၊ သင်ပုန်းကြီးစာအုပ်နှင့် လောဘ၊ ဒေါသ၊ မောဟ အားလုံး တို့မှာ ပြာဖြစ်၍ သွားပေတော့မည်။ သူ့အိပ်ခန်းပြတင်းဝမှာ အပြင်သို့ လှမ်းကြည့်လိုက်သောအခါ ဇလုန်သည် ခြံထောင့်ရှိ မီးစွဲလောင်နေသော စံပယ်ရုံကို ရေတစ်ပုံးဖြင့် အားကြိုးမာန်တက် ငြိမ်းသတ်နေတာ တွေ့ရ ၏။ ဒီကောင်ဘာလုပ်နေသနည်း။ ဤအချိန်မှာ သန်းခေါင်ယံဖြစ်သည်။ အိပ်ချိန်ဖြစ်သည်။ ခုတင်ဘေး စားပွဲပေါ်ရှိ အိပ်ဆေးပုလင်းထဲမှ အိပ်ဆေး ပြားတစ်ပြားကို ထုတ်ယူကာ ဟာဝိလသောက်လိုက်ပြီး ခုတင်ပေါ် လှဲချလိုက်သည်။ သူက လင်းလွန်းအားကြီးလျှင် မအိပ်တတ်၍ ဖြစ်ပါ သည်။

[လပြည့်ဝန်းမဂ္ဂဇင်း၊ ၁၉၉၈၊ ဇွန်လ]

သစ္စာနီ

www.burmeseclassic.com

